# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ခိုင်မာမြဲမြံစွာရပ်တည်နိုင်**

လောကဓံတရားများနှင့် တွေ့ကြုံရသော ရဟန္တာအရှင်မြတ်တို့သည် အမျက်ထွက်ခြင်းမရှိ။ သည်းခံ၏။ မြေကြီးကဲ့သို့ လည်းကောင်း၊ တံတိုင်းကြီးကဲ့သို့ လည်းကောင်း ခိုင်မာမြဲမြံစွာ ရပ်တည်နိုင်၏။ အရှင်သာရိပုတ္တရာ၏ အမျက်မထွက်၊ သည်းခံခြင်းနှင့် ပြည့်စုံသောစိတ်ကို ရှိခိုးကော်ရော် ပူဇော်ကန်တော့ရာ၏။

**အရဟန္တဝဂ်(ဓမ္မပဒ-၉၅)**


၁၃၇၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက် | ၂၀၁၆ ခုနှစ်၊ ဩဂုတ် ၂၈ ရက်၊ တနင်္ဂနွေနေ့၊ | အတွဲ (၅၅)၊ အမှတ် (၃၂၈)




နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင် အိန္ဒိယသမ္မတနိုင်ငံ ဂယာလေဆိပ်သို့ ရောက်ရှိကြစဉ် (သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး အိန္ဒိယနိုင်ငံ ဂယာမြို့သို့ရောက်ရှိ

**ဂယာ ဩဂုတ် ၂၇**

အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စတာ ပရာနာ့ဗ် မူခါဂျီး၏ ဖိတ်ကြားချက်အရ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့သည် အဖွဲ့ဝင်များနှင့်အတူ အိန္ဒိယသမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မိုးမြင့်ထွန်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံရုံးယာယီတာဝန်ခံနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❀


**တပ်မတော်၊ ရဲတပ်ဖွဲ့နှင့် ပြည်သူ ပူးပေါင်းပြီး ရေတားတမံအဆင့်မြှင့်တင်**


စာ-၉


**ပြင်သစ်နိုင်ငံတွင် အပူလှိုင်းကျရောက် ပါရီမြို့တွင် အပူရှောင်စခန်းများဖွင့်လှစ်**


စာ-၁၀


**ကမ်းပါးပြို၍ နေအိမ်များ ကြိုတင်ဖျက်သိမ်းဆောင်ရွက်**


စာ-၁၂





မြန်မာ့အလင်း

# လူထုအစိုးရသစ်နှင့် ပြည်သူလူထုတို့၏ ပေါင်းကူးတံတား

အစိုးရသစ်၏ ပထမရက် ၁၀၀ အတွင်း ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့သည်မှာ ပဉ္စမအကြိမ်အထိ ရှိနေပြီဖြစ်ပါသည်။ ကျေးလက်နေပြည်သူလူထုအတွက် ပဏာမ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ပြည်သူ့အခြေပြု ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်း **(Community Clinic)** များ ဖွင့်လှစ်ခဲ့ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသွားသည်ကို တွေ့ရပါသည်။ ကျေးလက်ပြည်သူတို့၏ ကျန်းမာရေးတောင့်တင်းခိုင်မာခြင်းသည် တိုင်းပြည်လူဦးရေသုံးပုံနှစ်ပုံခန့်၏ ကျန်းမာရေးတောင့်တင်းခိုင်မာခြင်းဖြစ်၍ အဆိုပါလုပ်ငန်းစဉ်အား လှိုက်လှိုက်လှဲလှဲကြိုဆိုအပ်ပါသည်။

ကျန်းမာရေးသတင်းစနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငါးနှစ်စီမံကိန်း(မူကြမ်း)ရေးဆွဲပြီးပြီဟူသောသတင်းစကားသည်လည်း နိုင်ငံသူနိုင်ငံသားတိုင်း ဝမ်းမြောက်ရမည့်သတင်းဖြစ်ပါသည်။ ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက်ပိုမိုထိရောက်နိုင်သည်သာမက တိုင်းပြည်အတွက် မလိုလားအပ်သော ဝန်ထုပ်ဝန်ပိုးများ မဖြစ်စေရေးကို ကျန်းမာရေးသတင်းစနစ်က အားကောင်းမောင်းသန် ပံ့ပိုးပေးနိုင်မည်ဖြစ်ပါသည်။ ပြည်သူတို့၏ ကျန်းမာရေးအတွက် တာဝန်ယူဆောင်ရွက်ပေးနေရသော ဆရာဝန်များအပါအဝင်ဆေးဘက်ဆိုင်ရာ ပညာရှင်ဝန်ထမ်းအသီးသီးတို့၏ ကျင့်ဝတ်သိက္ခာတို့ ပိုမိုကောင်းမွန်လာစေရေးကို ဦးတည်ဆောင်ရွက်ခဲ့ခြင်းသည်လည်း လှမ်းသင့်လှမ်းထိုက်သည့်ခြေလှမ်းတစ်လှမ်းကို လှမ်းလိုက်ခြင်းဖြစ်ပါသည်။ ပြည်သူ့ဆေးရုံတို့၏ ကုသဝန်ဆောင်မှုတို့နှင့်ပတ်သက်၍ လူနာတို့၏ သဘောထားတို့ကို မေးမြန်းမှတ်တမ်းတင်ခြင်းသည်လည်း ပြည်သူတို့၏ကျန်းမာရေးကုသစောင့်ရှောက်မှုတို့ကို အချိန်နဲ့တစ်ပြေးညီ ပုံဖော်ဖန်တီးနိုင်ရေးဆောင်ရွက်ရာ၌ လိုအပ်သည့်အရေးကြီးလုပ်ငန်းစဉ်တစ်ရပ်ကို အကောင်အထည်ဖော်ခြင်းဖြစ်ပါသည်။

နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၏လမ်းညွှန်မှုအရ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက လူ့အဖွဲ့အစည်းအတွင်း အမုန်းတရားကင်းရှင်းစေရေးအတွက် ဥပဒေတစ်ရပ်ရေးဆွဲနေခြင်းသည်လည်း တိုင်းပြည်ပကတိအခြေအနေ၏ တောင်းဆိုချက်တစ်ရပ်ကို ဖြည့်ဆည်းလိုက်ခြင်းဖြစ်ပါသည်။ ကမ္ဘာ့နိုင်ငံအများစု၌ ယုံကြည်ကိုးကွယ်ရာ ဘာသာမတူညီသော နိုင်ငံသူနိုင်ငံသားများနှင့် ဆင်းသက်ပေါက်ဖွားရာ လူမျိုးဇာစ်မြစ်မတူညီသော နိုင်ငံသူနိုင်ငံသားများ စုပေါင်းလက်တွဲ နေထိုင်ရသကဲ့သို့ မြန်မာနိုင်ငံ၌လည်း အလားတူအခြေအနေကို မြင်တွေ့ရမည်ဖြစ်ပါသည်။ ပထဝီနိုင်ငံရေး အနေအထားတို့ကို အကြောင်းပြု၍ သမိုင်းစဉ်ဆက်ဖြစ်တည်လာခဲ့သော ဤအခြေအနေသည် နွေးနွေးထွေးထွေး ကြိုဆိုမြှင့်တင်ရမည့် သမိုင်းအမွေတစ်ရပ်ဟု ရှုမြင်ပါသည်။ ထိုသို့သော သမိုင်းအမွေတစ်ရပ်ကို နွေးနွေးထွေးထွေးကြိုဆိုမြှင့်တင်ရာ၌ ဘာသာလူမျိုးမတူကွဲပြားသော နိုင်ငံသူနိုင်ငံသားများကြား၌ အမုန်းတရားကင်းရှင်းစေရေးသည် အခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က **Donor Community** နှင့် တွေ့ဆုံ၍ **Donor Coordination Mechanisms** ပေါ်ပေါက်ရေးအတွက် ဆောင်ရွက်ခဲ့ခြင်းသည်လည်း တိုင်းပြည်ရေးရာကိစ္စများ ဆောင်ရွက်ရာတွင် ပြည်သူတစ်ရပ်လုံးပါဝင်ရေးအတွက် ထောက်ပံ့ပေးမည့်အစီအစဉ်ကောင်းတစ်ရပ်ဖြစ်ပါသည်။ ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်း **(Community Based Tourism)** အရှိန်အဟုန်မြှင့်တင်ရေးဆောင်ရွက်နေခြင်းသည်လည်း ကျေးလက်ပြည်သူတို့၏ ဝင်ငွေရင်းမြစ်တို့ကို မြှင့်တင်ပေးခြင်းဖြစ်ပါသည်။ ညှိ့လမ်းညွှန်လုပ်ငန်းလိုင်စင်ကြေး ၅၀ ရာခိုင်နှုန်းလျှော့ချခဲ့ခြင်းနှင့် မိုဘိုင်းဖုန်းမှတစ်ဆင့် **e-licence** လျှောက်ထားခွင့်ပြုခဲ့ခြင်းတို့သည် လက်တွေ့ကျသော စီမံခန့်ခွဲမှုများဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုအပ်ပါသည်။ ပုဂံငလျင်လှုပ်ပြီးနောက်ပိုင်း သဘာဝဘေးများအတွက် ဖေ့စ်ဘုတ်တစ်ခုအလျင်အမြန်လွှင့်တင်ခဲ့ခြင်းသည် ပြည်သူတို့၏ အကျိုးစီးပွားဖော်ဆောင်ရေးနှင့်ပတ်သက်၍ လူထုအစိုးရသစ်က မျက်ခြည်မပြတ်စောင့်ကြည့်နေသည်ကို လှစ်ဟဖော်ပြလိုက်ခြင်းဖြစ်ပါသည်။ ခြုံငုံတင်ပြရပါက အစိုးရသစ်၏ ပထမရက် ၁၀၀ ပဉ္စမအကြိမ်သတင်းစာရှင်းလင်းပွဲသည် လူထုအစိုးရသစ်နှင့် ပြည်သူလူထုကြားတစ်သားတည်းပူးပေါင်းဆောင်ရွက်ရေးကို ပေါင်းကူးတံတားသဖွယ် ထောက်ပံ့မြှင့်တင်ပေးနိုင်ခဲ့ကြောင်း အသိပေးတင်ပြအပ်ပါသည်။ ။

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစု ပင်လုံသို့ မြန်မာနိုင်ငံ စာရေးဆရာအသင်း ဒုတိအကြိမ် ညီလာခံက ထောက်ခံကြောင်း သဝဏ်လွှာပေးပို့

**ရန်ကုန် ဩဂုတ် ၂၇**

သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနရုံးတွင် ယနေ့နံနက် ၉ နာရီက ကျင်းပသည့် မြန်မာနိုင်ငံ စာရေးဆရာအသင်း ဒုတိယအကြိမ် ညီလာခံက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစု ပင်လုံကို ထောက်ခံကြောင်း သဝဏ်လွှာပေးပို့ကြောင်း သိရသည်။

သဝဏ်လွှာအပြည့်အစုံမှာ-

"၂၀၁၆ခုနှစ် ဩဂုတ်လ ၃၁ရက်နေ့တွင် နေပြည်တော်မှ စတင်ကျင်းပမည့် တိုင်းရင်းသားလူမျိုးများအားလုံးပါဝင်သော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစု ပင်လုံကိုဩဂုတ်လ ၂၇၊ ၂၈ ရက်နေ့များတွင် ကျင်းပသည့် မြန်မာနိုင်ငံစာရေးဆရာအသင်း ညီလာခံမှ ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူစွာနှင့် ကြိုဆိုဂုဏ်ပြုလျက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီး အောင်မြင်ပါစေကြောင်းနှင့် တိုင်းရင်းသားအားလုံးစည်းလုံးညီညွတ်မှုအားဖြင့် နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်အောင်မြင်ပါစေကြောင်း ဆုတောင်းသဝဏ်လွှာပေးပို့အပ်ပါသည်။" ဟူ၍ ဖြစ်သည်။

အဆိုပါညီလာခံတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစု ပင်လုံသို့ ထောက်ခံကြိုဆိုကြောင်း အဆိုကို ပေါက်ခေါင်းမြို့နယ် ညီလာခံကိုယ်စားလှယ် ဒေါ်ဖြူဖြူခိုင် (ခြူးနွယ်-ပေါက်ခေါင်း) က တင်ပြပြီး ဦးသက်ဦးနိုင် (သက်ဦးနိုင်-မြဝတီ) က ထပ်ဆင့်ထောက်ခံခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ပြည်သူ့ဝန်ဆောင်မှုရုံး (OSS) လုပ်ငန်းနှင့် ကျေးရွာမြေငှားဂရန်ပေးအပ်ခြင်းဆောင်ရွက်

**ဇေယျာသီရိ ဩဂုတ် ၂၇**

နေပြည်တော် ဥတ္တရခရိုင် ဇေယျာသီရိမြို့နယ် သက်နှင်းအင်းကျေးရွာ အမှတ်(၁၃၃) အမက၌ ဩဂုတ် ၂၅ ရက်က ပြည်သူ့ဝန်ဆောင်မှုရုံး One Stop Shop အဖွဲ့မှ ပြည်သူတို့၏ အခြေခံလိုအပ်ချက်များ အဆင်ပြေချောမွေ့စေရေးအတွက် ရွေ့လျားလုပ်ငန်းဆောင်ရွက်ခြင်းနှင့် ကျေးရွာမြေငှားဂရန်များ ထုတ်ပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီအတွင်းရေးမှူး နေပြည်တော် အုပ်ချုပ်ရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးသောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နွယ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြေငှားဂရန်လျှောက်ထားသူများ တက်ရောက်ခဲ့ပြီး စည်းကမ်းချက်နှင့် ကိုက်ညီသော



မြေငှားဂရန်လျှောက်ထားသူများအား မြေငှားဂရန်စာချုပ်များ ထုတ်ပေးခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးနှင့် မှုခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် ကျောင်းများအားပြသ



**ပျဉ်းမနား ဩဂုတ် ၂၇**

နေပြည်တော် ပျဉ်းမနားမြို့နယ်ရှိ ညောင်ပင်သာကျေးရွာအုပ်စု ညောင်ပင်သာ အထက်တန်းကျောင်းရှေ့၌ ယနေ့နံနက်က နေပြည်တော်ရဲတပ်ဖွဲ့မှ လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးနှင့် မှုခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် ကျောင်းသား ကျောင်းသူ ၆၅၀ အား ပြသ၍ ပျဉ်းမနားမြို့နယ် ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များက လေ့လာကြသော ကျောင်းသား ကျောင်းသူများအား ရှင်းလင်းပြသခဲ့သည်။

ဆက်လက်၍ အဆိုပါ အသိပညာပေးပြခန်းယာဉ်သည် ပျဉ်းမနားမြို့နယ် သစ်လေးလုံးကျေးရွာအုပ်စု သစ်လေးလုံးကျေးရွာ အထက်တန်းကျောင်းသို့ သွားရောက်ပြသမည်ဖြစ်ကြောင်း သိရသည်။

**ကိုမျိုး(ရွှေပေါက်ကံ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၇-၈-၂၀၁၆

**ခင်ရတနာ-စုစည်းသည်။**

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၀၇၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၈၅၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၂၀ / ၅၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၀ / ၅၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၅၈၀ / ၆၂၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၅၀ / ၅၈၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၀၃·၇ |
| ဥရောပ | တစ်ယူရို | ၁၃၅၄·၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၈·၂၈ |
| ထိုင်း | တစ်ဘတ် | ၃၄·၇၃၉ |
| အိန္ဒိယ | တစ်ရူပီး | ၁၇·၉၂၀ |
| တရုတ် | တစ်ယွမ် | ၁၈၀·၆၆ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၇·၉၂ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ၂၁ ရာစုပင်လုံမှ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု သို့



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ ဗုဒ္ဓဂယာ မြန်မာဘုန်းတော်ကြီးကျောင်း၌ ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ် (သတင်းစဉ်)

## မဟာဗောဓိ စေတီတော်



အိန္ဒိယနိုင်ငံ ဂယာမြို့ရှိ မဟာဗောဓိ စေတီတော်အား ဖူးတွေ့ရစဉ် (သတင်းစဉ်)

## လှည့်လည်ဖူးမြော် ကြည်ညို



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့ မဟာဗောဓိ စေတီတော်အတွင်း လှည့်လည် ကြည်ညိုကြစဉ် (သတင်းစဉ်)

❀ *ရှေ့ဖုံးမှ*

နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် အိန္ဒိယနိုင်ငံ ဂယာမြို့သို့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၅ မိနစ်တွင် ရောက်ရှိကြရာ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးအောင်ခင်စိုးနှင့်ဇနီး၊ မြန်မာကောင်စစ်ဝန်ချုပ်၊ ဂယာခရိုင်အုပ်ချုပ်ရေးမှူး Mr. Kumar Ravi နှင့် တာဝန်ရှိသူများက ဂယာမြို့လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် ဂယာမြို့ U Royal Residency ဟိုတယ်သို့ ရောက်ရှိကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့သည် ဗုဒ္ဓဂယာ မြန်မာဘုန်းတော်ကြီးကျောင်းသို့ရောက်ရှိကြပြီး မြန်မာကျောင်း ပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏိန္ဒ အမှူးပြုသော မဟာအောင်မြေရခိုင်မွန်ကျောင်း၊ ကမ္ဘောဇရှမ်းကျောင်း၊ မဟာဗောဓိဓမ္မရိပ်သာရခိုင်ကျောင်းနှင့် ရာမညမွန်ကျောင်းတို့မှ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုပြီး ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် မဟာဗောဓိစေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် ရွှေကြာသင်္ကန်းတို့ကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် စေတီတော်အထက်ပစ္စယာရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီးတို့ကို ကပ်လှူပူဇော်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့်အဖွဲ့သည် သတ္တသတ္တာဟ ခုနစ်ဌာနသို့ လှည့်လည်ဖူးမြော်ကြည်ညိုကာ ဆဋ္ဌမသတ္တာဟဖြစ်သည့် မုစ္ဆလိန္ဒာအိုင်၌ ငါးစာကျွေးကြပြီး ဗုဒ္ဓပြခန်းကို ကြည့်ရှုလေ့လာသည်။

ကုန်းဘောင်ခေတ် မင်းတုန်းမင်းသည် မဟာဗောဓိစေတီတော်ကို နောက်ဆုံးပြုပြင်ခဲ့သည့်မင်းဖြစ်သည်။ ၁၈၇၁ ခုနှစ်တွင် မင်းတုန်းမင်းသည် မြောင်လှမြို့စားဝန်ထောက် သီရိမဟာဇေယျသူ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို စေလွှတ်ပြီး ဗုဒ္ဓဂယာစေတီတော်ကို ပြုပြင်ခွင့်ရရှိရန် အိန္ဒိယအစိုးရထံ မေတ္တာရပ်ခံခဲ့သည်။

မင်းတုန်းမင်းသည် ၁၈၇၇ခုနှစ်တွင် စေတီတော်အားပြုပြင်ခဲ့ပြီး မင်းတုန်းမင်း နတ်ရွာစံပြီးနောက် သီပေါမင်းက ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မင်းတုန်းမင်းကြီးသည် မဟာဗောဓိစေတီတော်သာမက အရံစေတီတော် လေးဆူကိုလည်း တည်ထားခဲ့သည်။



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ ဗုဒ္ဓပြခန်းကို ကြည့်ရှုလေ့လာကြစဉ် (သတင်းစဉ်)

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ဂယာမြို့ရှိ မင်းတုန်းမင်းကျောက်စာကို သွားရောက်ကြည့်ရှုလေ့လာသည်။

ထို့နောက် ဂျပန်ဘုရား (Daijokyo Buddhist Temple) အား သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြသည်။ **(သတင်းစဉ်)**

# ပြည်သူတွေအနေနဲ့ ငလျင်နဲ့ပတ်သက်ပြီး မီဒီယာတွေမှာရေးသားဖော်ပြတာ၊ ပညာရှင်တွေဟောပြောတာ သိစေချင်တယ်၊ ဒါမှ ကိုယ်ဘာလုပ်ရမှာသိမယ်

**မြန်မာနိုင်ငံ ငလျင်ကော်မတီနာယက ဒေါ်လှလှအောင်နှင့် တွေ့ဆုံခြင်း**



**ရန်ကုန် ဩဂုတ် ၂၇**

မြန်မာနိုင်ငံအလယ်ပိုင်း ချောက်မြို့နှင့် ၁၂ မိုင်အကွာကို ဗဟိုပြု၍ ဩဂုတ် ၂၄ ရက် ညနေ ၅ နာရီ ၄ မိနစ် ၅၅ စက္ကန့်က ရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့်ရှိ အင်အားပြင်းငလျင်လှုပ်ခတ်ခဲ့ခြင်းကြောင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ စေတီပုထိုးများ ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်အပြင် ဆက်စပ်မြို့နယ်အချို့၌လည်း စေတီပုထိုးများနှင့် လူနေအဆောက်အအုံများပျက်စီးကာ လူအသေအပျောက်များ ရှိခဲ့သည်။

အဆိုပါလှုပ်ခတ်ခဲ့သည့် ငလျင်နှင့်စပ်လျဉ်းပြီး ငလျင်စာတမ်းများ၊ ငလျင်သုတေသနများ ပြုလုပ်နေသည့် အကြီးတန်းသုတေသနပညာရှင် မြန်မာနိုင်ငံ ငလျင်ကော်မတီ နာယက ဒေါ်လှလှအောင်နှင့် မြန်မာ့သတင်းစဉ်က တွေ့ဆုံမေးမြန်းခဲ့သည်။

**မေး ။ ။ ဩဂုတ် ၂၄ ရက် ညနေပိုင်းက ချောက်မြို့အနီး လှုပ်ခတ်သွားတဲ့ ငလျင်အခြေအနေ ကို သိပါရစေ။**

ဖြေ ။ ။ ဩဂုတ်လ ၂၄ ရက်ညနေပိုင်းက ချောက်မြို့နဲ့ ၁၂ မိုင် အကွာကိုဗဟိုပြုပြီး လှုပ်သွားတဲ့ငလျင်က ဘယ်ပြတ်ရွေ့ကြောင့်မှမဟုတ်ဘူး၊ ထိုးစိုက်ဇုန် (Subduction Zone)ကြောင့် လှုပ်သွားတာ၊ ထိုးစိုက်ဇုန်က အိန္ဒိယကျောက်ထုချပ် (India Plate)က ဘားမား ကျောက်ထုချပ်(Burma Plate) အောက်ကို ထိုးဆင်းသွားတဲ့အတွက် ငလျင်လှုပ်တာ၊ တော်တော်များများက စစ်ကိုင်းပြတ်ရွေ့က လှုပ်တယ်လို့ ပြောတယ်၊ အချို့ကလည်း ကဘော်ပြတ်ရွေ့က လှုပ်တယ်လို့ ပြောတယ်၊ ဘယ်ပြတ်ရွေ့ကမှ လှုပ်တာမဟုတ်ဘူး၊ ထိုးစိုက်ဇုန်ကြောင့် လှုပ်သွားတာ။ ထိုးစိုက်ဇုန်ကြောင့် လှုပ်တယ်ဆိုတာ ပိုပြီးသေချာတာက ကျောက်ဖြူနဲ့ မင်းဘူးဘက်မှာ ရွှံ့မီးတောင်တွေ ပေါက်သွားတယ်၊ ၁၉၇၅ ခုနှစ်က ဂွေးချိုပြတ်ရွေ့က လှုပ်တဲ့ ပုဂံငလျင်နဲ့လည်း ဆက်နွှယ်မှုမရှိဘူး၊ ဒီငလျင်က ချောက်ငလျင်လို့ပဲ ပြောလို့ရမယ်။

**မေး ။ ။ မြန်မာနိုင်ငံမှာ အရင်က ထိုးစိုက်ဇုန်ကြောင့် ငလျင် လှုပ်ဖူးတာရှိပါသလား၊ ဒါ ပထမဆုံးလားသိပါရစေ။**

ဖြေ ။ ။ ထိုးစိုက်ဇုန်ကြောင့် အခုလှုပ်သွားတဲ့ငလျင်က မြန်မာနိုင်ငံမှာ ပထမဆုံးလှုပ်တာပါ။ ၁၇၆၂ ခုနှစ်တုန်းက မြန်မာနိုင်ငံ ပြင်ပ ရခိုင်ရိုးမကမ်းလွန်ပင်လယ်ရေအောက်ထဲမှာ လှုပ်ဖူးတယ်။ အဲဒီတုန်းက လူအသေအပျောက် ၇၀၀ လောက် ရှိခဲ့တယ်။ ၂၀၀၄ ခုနှစ်တုန်းကလည်း ၉ ဒသမ ၀ ရစ်ချ်တာစကေးရှိတဲ့ ဆူမားတြား ဆူနာမီငလျင်ကလည်း ထိုးစိုက်ဇုန်ကြောင့်လှုပ်ခဲ့တယ်။ ထိုးစိုက်ဇုန်ကြောင့် ငလျင်တွေ လှုပ်ဖူးတဲ့ သာဓကတွေရှိတယ်။ မြန်မာနိုင်ငံပြည်တွင်းမှာတော့ ထိုးစိုက်ဇုန်ကြောင့် ငလျင်လှုပ်တာ ဒါပထမဆုံးအကြိမ်ပါ။

**မေး ။ ။ နောက်ဆက်တွဲ ငလျင်ငယ်တွေ၊ ငလျင်ကြီးတွေရော လှုပ်ဖို့ရှိနိုင်ပါသလား။**

ဖြေ ။ ။ ထိုးစိုက်ဇုန်ကြောင့် အခုလှုပ်သွားတဲ့ ငလျင်က တစ်ခါမှမလှုပ်ဘူးသေးတဲ့ ငလျင်ကြီးပါ၊ မြန်မာနိုင်ငံမှာမကြုံဖူးသေးတဲ့ ငလျင်ကြီးပေါ့၊ နောက်ထပ်လှုပ်နိုင်ခြေရှိတယ်၊ မရှိဘူးဆိုတာ ပြောဖို့အချိန် စောသေးတယ်။ အချက်အလက် အထောက်အထားတွေ ရှာရဦးမယ်။ နောက်ဆက်တွဲ ငလျင်ငယ်တွေ ငလျင်ကြီးတွေ လာနိုင်လားဆိုတာကတော့ ပြောဖို့စောပါသေးတယ်။

**မေး ။ ။ မြန်မာနိုင်ငံမှာ ၂၀၁၁ ခုနှစ်ကစပြီး အခုအချိန်ထိ ငလျင်တွေလှုပ်တာ စိပ်လာတယ်။ အဲဒီအပေါ်မှာ သုံးသပ်ပေးပါဦး။**

ဖြေ ။ ။ အခုအချိန်က ငလျင်တစ်ခေတ် ဆန်းသစ်တယ်လို့ ပြောလို့ရတယ်၊ ၂၀၁၁ ခုနှစ်မှာ တာလေငလျင်လှုပ်တယ်၊ လူသေတယ်၊ အဆောက်အအုံတွေ ပျက်စီးတယ်။ ၂၀၁၂ ခုနှစ်မှာ သပိတ်ကျင်းငလျင်လှုပ်တယ်၊ လူသေတယ်၊ ဘုရားပုထိုးစေတီတွေ ပျက်စီးတယ်၊ အိမ်တွေပျက်စီးတယ်။ ၂၀၁၃-၂၀၁၄ မှာလည်း လှုပ်ခဲ့တယ်၊ အဲဒီတုန်းက လှုပ်ခဲ့တဲ့ ငလျင်က ငလျင်ဗဟိုရှိတဲ့ နေရာလောက်ပဲခံစားရတယ်။ တခြားနေရာက လူတွေမခံစားရတော့ သိပ်သတိမထားမိကြဘူး။ ၂၀၁၅-၂၀၁၆ မှာလည်း ငလျင်တွေလှုပ်လာတယ်၊ ငလျင်က တစ်ခါတစ်ခါ တစ်ကျော့ပြန်လာတယ်။ ၁၉၂၉ ခုနှစ်ကနေ ၁၉၃၁ ခုနှစ်အထိ ငလျင်တွေ ဆက်တိုက်လှုပ်ခဲ့ဖူးတယ်။ လှုပ်တဲ့ ပမာဏတွေကြည့်ရင်လည်း ၇ ဒသမ ၀၊ ၇ ဒသမ ၃ ၊ ၇ ဒသမ ၆ ရစ်ချ်တာစကေးရှိတဲ့ ငလျင်ကြီးတွေလှုပ်ခဲ့ဖူးတယ်။ အဲဒီတုန်းကလည်း ဘုရားပုထိုးစေတီတွေ ပျက်စီးခဲ့တယ်။ လူအသေအပျောက်တွေရှိခဲ့တယ်။ အဲဒီနောက်ပိုင်း ငလျင် သိပ်မလှုပ်တော့ လူတွေ မေ့သွားတယ်။ အခုပြန်ပြီးလှုပ်လာတယ်ဆိုတော့ ငလျင်တစ်ခေတ် ဆန်းသစ်တယ်လို့ ပြောလို့ရတယ်။

**မေး ။ ။ အခုလှုပ်တဲ့ငလျင်ကြီးက ထိုးစိုက်ဇုန်က လှုပ်တယ်ဆိုတော့ ပြတ်ရွေ့တွေကရော ငလျင်တွေ လှုပ်ဖို့ ရှိပါသလား။**

ဖြေ ။ ။ စစ်ကိုင်းပြတ်ရွေ့ရှိတယ်၊ စစ်ကိုင်းပြတ်ရွေ့မှာလည်း ၁၉၃၀ က လှုပ်ဖူးတဲ့ ပဲခူးငလျင်၊ ဖြူးငလျင်ရှိတယ်။ ငလျင်က သက်တမ်း ၁၀၀ လည်း ရှိတယ်၊ ၁၆၀ လည်း ရှိတယ်။ တစ်ကျော့ပြန်လှုပ်တယ်၊ အဲဒီလိုလှုပ်ဖို့ဆိုရင် လှုပ်ဖို့ အချိန်နီးလာတယ်။ စစ်ကိုင်းပြတ်ရွေ့မှာလည်း လှုပ်ဖို့ရှိတယ်။ ကျောက်တန်းပြတ်ရွေ့ကလည်း ၈ ဒသမ ၀ ရစ်ချ်တာစကေး ရှိတဲ့ ငလျင်ကြီးက ၁၉၁၂ ခုနှစ်က လှုပ်သွားဖူးတယ်။ ပြန်တွက်ရင် နှစ် ၁၀၀ ကျော်သွားပြီ၊ ဒါကလည်း တစ်ကျော့ပြန်လှုပ်ဖို့ နီးလာတယ်။ ဘယ်ပြတ်ရွေ့က ဘယ်နေရာကနေ ဘယ်လောက် ပမာဏလှုပ်မယ်ဆိုတာ ကြိုတင်ခန့်မှန်းလို့မရဘူး။

**မေး ။ ။ ငလျင်နဲ့ပတ်သက်ပြီး ဖြည့်စွက်ပြောကြားစရာရှိရင် ပြောကြားပေးပါ။**

ဖြေ ။ ။ ငလျင်က ကြိုတင်ခန့်မှန်းလို့မရဘူး။ တချိန်ချိန်မှာတော့ ကြိုတင်ခန့်မှန်းနိုင်တာတွေ ဖြစ်လာနိုင်ပါတယ်။ ငလျင်ဆိုတဲ့ဘေးက လွတ်ကင်းအောင် နိုင်ငံတကာ ပညာရှင်တွေကလည်း သုတေသနလုပ်ငန်းတွေကို အမြဲမပြတ်ဆောင်ရွက်နေတယ်။ မုန်တိုင်းက ကြိုတင်ခန့်မှန်းလို့ရတယ်၊ ငလျင်က မြေအောက်ကလာတဲ့ ဘေးဖြစ်တဲ့အတွက် ခန့်မှန်းလို့လည်း မရဘူး။ ရှောင်လို့လည်းမရဘူး။ ဖြစ်တယ်ဆိုတာနဲ့ လူအသေအပျောက် အပျက်အစီးများတယ်။ ဆူနာမီတက်လာလို့ သေတာကတစ်မျိုး၊ တိုက်ပြိုလို့ သေတာက တစ်မျိုးပေါ့။ နိုင်ငံတော်ရဲ့စီးပွားရေးကိုလည်း ပျက်စီးတယ်။ ထိခိုက်ပျက်စီးမှုများတဲ့အတွက် ပညာရှင်တွေကလည်း တစိုက်မတ်မတ် လုပ်နေကြတယ်။ ပြည်သူတွေအနေနဲ့လည်း ငလျင်နဲ့ပတ်သက်ပြီး မီဒီယာတွေမှာ ရေးသားဖော်ပြတာတွေကို ဖတ်စေချင်တယ်။ ပညာရှင်တွေ ဟောပြောတာတွေကို နားထောင်စေချင်တယ်။ ဒါမှ ကိုယ်ဘာလုပ်ရမယ်ဆိုတာ သိမယ်။ ဒါက တစ်ဦးချင်းနဲ့လည်းဆိုင်သလို တစ်နိုင်ငံလုံးနဲ့လည်း ဆိုင်တယ်။

**တွေ့ဆုံမေးမြန်း - မင်းသစ်(သတင်းစဉ်)**
**ဓာတ်ပုံ - ဇော်မင်းလတ်**

# မျှတသောတရားစီရင်ရေးစနစ် ဖြစ်ပေါ်လာစေရန် ရည်မှန်းချက်လေးရပ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်

**မန္တလေး ဩဂုတ် ၂၇**

ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ မဟာဗျူဟာ ငါးနှစ်စီမံကိန်းအရ မျှတသောတရားစီရင်ရေးစနစ် ဖြစ်ပေါ်လာစေရန်အတွက် ရည်မှန်းချက်လေးရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ပြည်ထောင်စု ရှေ့နေချုပ်ရုံးနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာတိုးတက်မှုအဖွဲ့အစည်း IDLO နှင့် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် UNDP တို့ ပူးပေါင်း၍ ဩဂုတ် ၂၇ ရက် နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် လေ့ကျင့်ဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီးဥပဒေချုပ် ဦးအောင်ဝင်းက ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

"တရားဥပဒေစိုးမိုးရေးကို ပြုပြင်ပြောင်းလဲဖို့အတွက် ဆောင်ရွက်တဲ့အခါမှာ ဥပဒေဖြင့်ကာကွယ်စောင့်ရှောက်ရေးကိုမျှော်မှန်းပြီးတော့ ကောင်းမွန်တဲ့ အုပ်ချုပ်မှုသိက္ခာကို အခြေခံပြီး ဆောင်ရွက်ရမှာဖြစ်ပါတယ်၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့ ဥပဒေအရ ရပိုင်ခွင့် အခွင့်အရေးတာဝန်တွေကို ကာကွယ်စောင့်ရှောက်ဖို့ ပြည်သူများလေးစားရတဲ့ စံပြအဖွဲ့အစည်းဖြစ်လာစေဖို့ ရည်ရွယ်ပြီး မဟာဗျူဟာစီမံကိန်းကို ရေးဆွဲခဲ့ခြင်းဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ပြည်ထောင်စု ရှေ့နေချုပ်ရုံးနှင့် တရားဥပဒေရုံးအဆင့်ဆင့်တို့သည် တရားဥပဒေစိုးမိုးရေးအတွက် ပြည်သူများလေးစားရသည့် အဖွဲ့အစည်းတစ်ခုဖြစ်လာစေရန် ဒေသတွင်း အကောင်းဆုံးလုပ်ဆောင်နိုင်သော စံပြအဖွဲ့အစည်းဖြစ်လာစေရန်ရည်ရွယ်လျက် ပြည်ထောင်စု ရှေ့နေချုပ်ရုံး၏ မဟာဗျူဟာစီမံကိန်း ၂၀၁၅-၂၀၁၉ ကို ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးကို ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ၂၀၁၀ ပြည့်နှစ် ပြည်ထောင်စု ရှေ့နေချုပ် ဥပဒေအရ ဖွဲ့စည်းတည်ထောင်ခဲ့ပါတယ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးဟာ နိုင်ငံတော်အချုပ်အခြာအာဏာရဲ့ ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုပြင်ရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ကဏ္ဍကြီးသုံးရပ်လုံးမှာပါဝင် ဆောင်ရွက်နေတဲ့ တစ်ခုတည်းသော ဥပဒေဆိုင်ရာအဖွဲ့အစည်းဖြစ်ပြီး မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီစနစ် ဖော်ဆောင်ရာမှာ ဦးဆောင်သော အခန်းကဏ္ဍကပါဝင်ဆောင်ရွက်လျက်ရှိပါတယ်"ဟု ၎င်းက ဆိုသည်။

အဆိုပါ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏မဟာဗျူဟာစီမံကိန်းအရ ရည်မှန်းချက် လေးရပ်မှာ ဥပဒေဆိုင်ရာကာကွယ်စောင့်ရှောက်မှုပေးရန်၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံး၏ လုပ်ငန်းဆောင်ရွက်ချက်များ ပိုမိုကောင်းမွန်လာစေရန်၊ တရားစီရင်ရေးစနစ်ကို အများပြည်သူ ယုံကြည်ကိုးစားမှုမြှင့်တင်ရန်၊ တရားမျှတမှု ကဏ္ဍပြုပြင်ပြောင်းလဲရေးတွင် ပါဝင်ဆောင်ရွက်ရန်စသည့်တို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင် (မန်ကိုယ်ပွား)**



# ပေါက်မြို့တွင် မိုးသည်းထန်စွာရွာသွန်း၊ လမ်းများနှင့် ရပ်ကွက်အချို့ရေလွှမ်း

**ပေါက် ဩဂုတ် ၂၇**

ပေါက်မြို့တွင် ဩဂုတ် ၂၇ ရက် ညနေ ၃ နာရီခန့်က မိုးအဆက်မပြတ်ရွာခြင်းကြောင့် လမ်းများနှင့် ရပ်ကွက်အတွင်း နေအိမ်ဝင်းများနှင့် နေအိမ်အချို့ ဆင်ဇာချောင်းရေဝင်ရောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါချောင်းရေများသည် အောင်တော်မူရပ်ကွက် မြောက်ဘက်ပိုင်း မြေနိမ့်သည့်လမ်းများနှင့် လူနေအိမ်ဝင်းအတွင်း ဆင်ဇာချောင်းရေများလျှံ၍ သုံးပေခန့်အထိ ရေများဝင်ရောက်ခဲ့ပြီး အောင်တံခွန်တိုးချဲ့ရပ်ကွက် မြောက်ဘက်ခြမ်းတွင်လည်း မြေနိမ့်သည့်လမ်းများနှင့်လူနေအိမ်ဝင်းအတွင်း ဆင်ဇာချောင်းရေများလျှံ၍ နှစ်ပေခန့်အထိ ရေများဝင်ရောက်လျက်ရှိသည်။

အဆိုပါရေဝင်ရောက်သည့်ရပ်ကွက်အတွင်းရှိ နေအိမ်များတွင် လူနှင့် တိရစ္ဆာန်များ အိမ်အသုံးအဆောင်ပစ္စည်းများကို နီးစပ်ရာသို့ပြောင်းရွှေ့ခြင်းအား မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူနှင့် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာများနှင့် ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပြီး လူနှင့် တိရစ္ဆာန်များ ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။

**ဉာဏ်တိုး(ပေါက်)**

# အာရှကလပ် ဘော်လီဘောပြိုင်ပွဲ ဒုတိယအဆင့်အုပ်စုပွဲများ စတင်ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၇**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၁၆ အာရှကလပ် ဘော်လီဘောပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပထမနေ့ပွဲများကို ယနေ့နံနက်ပိုင်းမှစတင်ကာ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ ဆက်လက်ကျင်းပသည်။

ပထမအဆင့် အုပ်စုပွဲစဉ်များအပြီးတွင် ကွာတားဖိုင်နယ်တက်ရောက်သည့် အသင်းရှစ်သင်းနှင့် အဆင့် ကိုး/ ၁၄ နေရာအတွက် ယှဉ်ပြိုင်ရမည့်အသင်းများ ထွက်ပေါ်ခဲ့သော်လည်း တွေ့ဆုံမည့်အသင်းများထွက်ပေါ်ရန် ဒုတိယအဆင့်အုပ်စုပွဲများကို ဆက်လက်ကစားစေခြင်းဖြစ်သည်။ ကွာတားရောက် အသင်းရှစ်သင်းအတွက် ဒုတိယအဆင့် အုပ်စု(င)တွင် မြန်မာ၊ ဗီယက်နမ်၊ ကာတာ၊ တရုတ်၊ အုပ်စု(စ)တွင် တရုတ်(တိုင်ပေ)၊ အီရန်၊ ဂျပန်၊ ကာဇက်စတန်၊ အဆင့် ကိုး/၁၄ နေရာအတွက် ယှဉ်ပြိုင်ရမည့် အသင်းများအတွက် ဒုတိယအဆင့် အုပ်စု (ဆ) တွင် ထိုင်း၊ ယူအေအီး၊ အုပ်စု (ဇ) တွင် အင်ဒိုနီးရှား၊ အီရတ်၊ မလေးရှားနှင့် ဟောင်ကောင် ကလပ်အသင်းများ ပါဝင်ခဲ့သည်။ ယနေ့ကျင်းပသည့်ပွဲများတွင် မြန်မာကလပ် Asia World အသင်းသည် တရုတ်ကလပ်အသင်းကို ၁၉-၂၅၊ ၂၄-၂၆၊ ၂၅-၂၂၊ ၁၄-၂၅ မှတ် သုံးပွဲ-တစ်ပွဲဖြင့် ရှုံးနိမ့်ခဲ့သည်။ အခြားပွဲများတွင် ကာဇက်စတန်က တရုတ်(တိုင်ပေ)ကို သုံးပွဲပြတ်၊ အီရန်ကလပ်က ဂျပန်ကလပ်ကို သုံးပွဲ-တစ်ပွဲတို့ဖြင့် အနိုင်ရရှိခဲ့သည်။ မြန်မာအသင်းသည် ဩဂုတ် ၂၈ ရက်(ယနေ့)တွင် ကာတာကလပ်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**သတင်း-ချစ်ကိုကို**

# လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် ဩဂုတ် ၂၇**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင် နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားနည်းနေသည်။

**(မိုး/ဇလ)**

# တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများ ပုဂံ- ညောင်ဦးဒေသရှိ စေတီ၊ ပုထိုးများ ပြန်လည်ပြုပြင်ရန် အလှူငွေပေးအပ်

**နေပြည်တော် ဩဂုတ် ၂၇**

လျှင်ဒဏ်ကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသရှိ ဘုရားပုထိုးများအား ပြန်လည်ပြုပြင်ရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းတွင် ပုဂံရှေးဟောင်းယဉ်ကျေးမှု ပြတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လျှင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် ပုဂံ-ညောင်ဦးဒေသရှိ စေတီ၊ ပုထိုးများနှင့် သာသနိက အဆောက်အအုံများ ပြန်လည်ပြုပြင်ရန်အတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများမှ လှူဒါန်းသည့် အလှူငွေကျပ် သိန်း ၁၀၀၀ ကို ပေးအပ်လှူဒါန်းသည်။

စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦးက တိုင်း/တပ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ လှူဒါန်းသည့် ငွေကျပ်သိန်း ၇၀၀ ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် Gate Way ကုမ္ပဏီမှ ငွေကျပ် သိန်း ၄၀၀၀၊ KBZ အနာဂတ် အလင်းတန်းမြန်မာ ဖောင်ဒေးရှင်းမှ ငွေကျပ် သိန်း ၁၀၀၀၊ Max ဇရာဝတီ ဖောင်ဒေးရှင်းမှ ငွေကျပ် သိန်း ၁၀၀၀၊ ထူးကုမ္ပဏီမှ ငွေကျပ် သိန်း ၅၀၀ တို့အပါအဝင် အလှူရှင်များက ငွေကျပ် ၁၀၂၈၅ သိန်းကို ပေးအပ်လှူဒါန်းကြသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လျှင်ကြောင့် အာနန္ဒာဘုရား၌ ပျက်စီးမှုများအား လှည့်လည်ကြည့်ရှုစဉ်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဗူးဘုရား၊ ထီးလိုမင်းလိုဘုရား၊ အာနန္ဒာဘုရား၊ သဗ္ဗညုဘုရား၊ စူဠာမဏိဘုရားတို့အား ဖူးမြော်ကြည်ညိုပြီး ပျက်စီးမှုများကို လှည့်လှည်ကြည့်ရှုသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စူဠာမဏိဘုရားတွင် အပျက်အစီးများအား ကူညီဖယ်ရှားရှင်းလင်းခြင်းများ ဆောင်ရွက်ပေးနေသည့် ပရဟိတအဖွဲ့များအတွက် အလှူငွေ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ညောင်ဦးမြို့ရှိ နယ်မြေခံတပ်ရင်းအတွင်း လှည့်လည်ကြည့်ရှုပြီး လျှင်ဒဏ်ကြောင့် ပျက်စီးမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံကြက်ခြေနီ အလုပ်အမှုဆောင်သစ်များရွေးချယ်

**နေပြည်တော် ဩဂုတ် ၂၇**

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဒွိဒသမအကြိမ်မြောက် မြန်မာနိုင်ငံကြက်ခြေနီ ညီလာခံကို ဩဂုတ် ၂၆ ရက်တွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)ရှိ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဌာနချုပ်၌ ကျင်းပသည်။

မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတို့က မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥပဒေနှင့်အညီ ရွေးချယ်ပေးလိုက်သော ဗဟိုကောင်စီဝင်များထဲမှ အလုပ်အမှုဆောင်များကို ရွေးချယ်ပေးခဲ့ခြင်းဖြစ်သည်။ မဲပေးရွေးချယ်ခြင်းလုပ်ငန်းစဉ်အတွက် ရွေးချယ်ရေးကော်မရှင်အဖွဲ့ဝင်များဖြစ်သော ပါမောက္ခ ဒေါက်တာ အက်စ်ကျော်လု(ဥက္ကဋ္ဌ)၊ ဒေါက်တာ တိတ်ဝမ်(အဖွဲ့ဝင်)၊ ပါမောက္ခ ဒေါ်သိန်းသိန်းကြည်(အဖွဲ့ဝင်)နှင့် အဖွဲ့ဝင်များက ဆောင်ရွက်ပေးခဲ့ကြသည်။

အလုပ်အမှုဆောင် ရွေးချယ်ရာတွင် ဗဟိုကောင်စီဝင်များထဲမှ အလုပ်အမှုဆောင်အဖြစ် ဆောင်ရွက်နိုင်သည်ဟု မိမိကိုယ်တိုင်အဆိုပြုခဲ့ကြသူ ၂၃ ဦးထဲမှ အချိန်ပြည့်အတွက် အချိန်ပြည့် အမှုဆောင် ငါးဦး၊ အချိန်ပိုင်းအလုပ်အမှုဆောင် ခြောက်ဦး စုစုပေါင်း ၁၁ ဦးကို ဗဟိုကောင်စီဝင်များကိုယ်တိုင် လျှို့ဝှက်မဲပေးရွေးချယ်ပေးသည်။

ထို့နောက် ရွေးချယ်ခံပြီးသော အမှုဆောင်များကိုယ်တိုင် ဆွေးနွေးညှိနှိုင်းကာ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူး၊ အမှုဆောင်အဖွဲ့ဝင်များအဖြစ် တာဝန်များကို အသီးသီး တာဝန်ပေးအပ်ခဲ့ကြသည်။ ညီလာခံတွင် ဆုံးဖြတ်ချက်လေးရပ်၊ မှတ်တမ်းတင်ခြင်း ခုနစ်ရပ်၊ အတည်ပြုခြင်း ၁၂ ရပ်စုစုပေါင်း ၂၃ရပ်ကို ချမှတ်ခဲ့ပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ဒေါ်မြသူက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ပါမောက္ခ ဒေါက်တာ ဒေါ်မြသူသည် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ ၁၇ ဦးမြောက် ဥက္ကဋ္ဌဖြစ်ပြီး ပထမဆုံးသော အမျိုးသမီးဥက္ကဋ္ဌလည်း ဖြစ်လာခဲ့သည်။ **(သတင်းစဉ်)**

# တပ်ကုန်းမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**တပ်ကုန်း ဩဂုတ် ၂၇**

အနောက်ရိုးမတောင်တန်းပေါ် မိုးများစွာရွာသွန်း၍ မိုးရေများ ဆင်သေချောင်းထဲသို့ စီးဆင်းဝင်ရောက်လာသဖြင့် နေပြည်တော် တပ်ကုန်းမြို့နယ် သံပုရာကုန်းကျေးရွာ အုပ်စု၊ သံပုရာကုန်းနှင့် လက်ပံအိုင့်ကျေးရွာတွင် ဩဂုတ် ၂၆ ရက် နံနက် ၂ နာရီခန့်က ဆင်သေချောင်းရေ မြင့်တက်မှုကြောင့် လူနေအိမ် ၂၂ လုံးမျောပါခဲ့၍ အိမ်ခြေ ၂၄၀ နစ်မြုပ်ကာ စပါး၊ ဆန်နှင့် အိမ်တွင်းပစ္စည်းများ မျောပါပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အဆိုပါရေဝင်ရောက်သည့် ဒေသခံပြည်သူများအတွက် ယာယီကယ်ဆယ်ရေး စခန်းကို လက်ပံအိုင့်ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်ထားလျက်ရှိသည့် ယာယီကယ်ဆယ်ရေးစခန်းသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် ကောင်စီဝင်များလာရောက်၍ ရေမျောပါအိမ်များနှင့် ရေတက်သည့် အိမ်များကို လိုက်လံကြည့်ရှုခဲ့ပြီး ရေဝင်ရောက်မှုခံစားရသည့် ပြည်သူများအား အားပေးစကားများပြောကြားကာ ဆန်အိတ်အကြီး ၁၀၀ ထောက်ပံ့ပေးအပ်ခဲ့သည်။ **(အောက်ပုံ)**

ထို့နောက် ဆင်သေကျေးရွာ ဘုန်းတော်ကြီးကျောင်း ဆရာတော် ဦးကောဏ္ဍညနှင့် ရှင်သန်ခြင်းအရေးပေါ်ကူညီရေးအသင်းမှ ရေသန့်ကတ် ၇၅ ကတ်၊ ထမင်းထုပ် ၇၀၀ နှင့် ခေါက်ဆွဲခြောက်ထုပ်များ၊ မြို့နယ်ကျေးလက်ဦးစီးဌာနမှ ငွေကျပ် ၂၂၀၀၀၀ နှင့် ရေသန့်ကတ် ၆၄ ကတ်၊ ခေါက်ဆွဲငါးပုံး၊ အမျိုးသားဝတ်အထည် ပီနံအိတ်တစ်လုံး၊ အမျိုးသမီးဝတ်အထည် ပီနံအိတ်နှစ်လုံး၊ မေတ္တာရိပ် လူမှုကူညီရေးအသင်းမှ ဆီဘူး ၉၀၊ ဆန်အိတ်အသေး ၉၀ ၊ ခေါက်ဆွဲခြောက်ကတ် ၂၀ ၊ မြေပဲပွကြော် ပိဿာ ၃၀၊ ပဲနီ ၁၀ ပိဿာ၊ ဆား တစ်အိတ်၊ လက်ဖက်/သရက်ချဉ် ခြောက်ပိဿာ၊ ကြက်ဥ အလုံး ၃၀၀၊ ပဲကြီးစိမ်း ၂၀ ပိဿာ၊ တပ်ကုန်းတပ်နယ်မှ ငွေကျပ် တစ်သိန်းနှင့် ဆန် ၁၀ အိတ်၊ မတ်ပဲတစ်အိတ်၊ ဆီ ပိဿာ ၂၀၊ ကြက်ဥ အလုံး ၁၅၀ တို့ကို လာရောက်လှူဒါန်းကြကြောင်းသိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**



# သဘာဝဘေးဒဏ်သင့်ဒေသများသို့ အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၇**

ဩဂုတ်၂၄ ရက် ညနေပိုင်းက လှုပ်ခတ်ခဲ့သော လျှင်ကြောင့် ပြိုကျပျက်စီးသွားသော ပုဂံဒေသရှိ ဘုရားပုထိုးများအား ပြန်လည်ပြုပြင်ရန်အတွက် အလှူငွေပေးအပ်ပွဲကို ယနေ့ နံနက် ၉ နာရီ၌ ပုဂံရှေးဟောင်းသုတေသနပြတိုက်တွင် ကျင်းပရာ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း ကိုယ်စား ကမ္ဘောဇဘဏ်လီမိတက် ညောင်ဦးဘဏ်ခွဲတာဝန်ခံ ဦးသန်းဆွေက အလှူငွေကျပ် သိန်း ၁၀၀၀ ကို ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းကျော်ဇောထံ ပေးအပ်လှူဒါန်းသည်။ ဖောင်ဒေးရှင်း



သည် လျှင်ဒဏ်ကြောင့် ဘုရားပုထိုးများ ပြန်လည်ပြုပြင်ရန်နှင့် လျှင်ဒဏ်သင့်ပြည်သူများအတွက် ကနဦးလှူဒါန်းမှုအဖြစ် ဩဂုတ် ၂၅ ရက်ကလည်း ငွေကျပ် သိန်း ၂၀၀၀ ကို မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ ပေးအပ်လှူဒါန်းခဲ့သည်။

အလားတူ ဩဂုတ် ၂၅ ရက် ညနေပိုင်းက မန္တလေးတိုင်းဒေသကြီး တပ်ကုန်းမြို့နယ်တွင် မိုးများပြီး တောင်ကျချောင်းရေများ ပြင်းထန်စွာ စီးဆင်းမှုကြောင့် တပ်ကုန်းမြို့နယ် သံပုရာကုန်းကျေးရွာ အုပ်စု သံပုရာကုန်းကျေးရွာနှင့် လက်ပံအိုင့်ကျေးရွာတို့မှ နေအိမ် ၂၂လုံး ရေစီးဖြင့် မျောပါပျက်စီးကာ လူအချို့ ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် နေအိမ် ၂၂ လုံးအတွက် ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းက တစ်အိမ်ထောင်လျှင် ဆန်တစ်အိတ် ဆီတစ်ပုံးနှင့် ငွေကျပ် ငါးသိန်းစီတို့ကို ကျေးရွာအရောက် သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သဲနိုင်ဦး(မြန်မာစာ)**

# ကမ္ဘာ့အမျိုးသမီးကင်းထောက်အဖွဲ့ညီလာခံတက်ရောက်ရန် မြန်မာနိုင်ငံအမျိုးသမီးကင်းထောက်အဖွဲ့ ထွက်ခွာ

**ရန်ကုန် ဩဂုတ် ၂၇**

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့၌ ဩဂုတ် ၂၆ ရက်မှ စက်တင်ဘာ ၂ ရက်အထိ ကျင်းပမည့် ကမ္ဘာ့အမျိုးသမီး ကင်းထောက်အဖွဲ့ (အာရှပစိဖိတ်ဒေသ)၏(၁၂)ကြိမ်မြောက် ညီလာခံတက်ရောက်ရန် မြန်မာနိုင်ငံ အမျိုးသမီးကင်းထောက်ချုပ် ဒေါက်တာ ဒေါ်တင်လှကြည်နှင့် သင်တန်းတာဝန်ခံ ဒေါ်မြတ်သဉ္ဇာထွန်းတို့သည် ယနေ နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ နီပေါနိုင်ငံသို့ ထွက်ခွာသွားရာ မြန်မာနိုင်ငံ အမျိုးသားကင်းထောက်အဖွဲ့ ဒုတိယကင်းထောက်ချုပ် ဦးသာစိန်၊ အမျိုးသမီးကင်းထောက်အဖွဲ့ ဒုတိယ ကင်းထောက်ချုပ် ဒေါ်ခင်စောဥမ္မာနှင့် ကင်းထောက်ကြီးများက ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းညီလာခံတွင် ကမ္ဘာ့အမျိုးသမီး ကင်းထောက်အဖွဲ့ဝင် ၂၆ နိုင်ငံမှ ကိုယ်စားလှယ်များက ကင်းထောက်လုပ်ငန်းများ လက်ရှိဆောင်ရွက်မှုအခြေအနေ အနာဂတ်အတွက်မျှော်မှန်း ဆောင်ရွက်မည့် နည်းဗျူဟာများကို ဆွေးနွေးကြမည်ဖြစ်ပြီး မြန်မာနိုင်ငံကို အမျိုးသမီး ကင်းထောက်အဖွဲ့ပြန်လည်ရှင်သန်တိုးတက်လာရန် ကူညီပံ့ပိုးပေးခဲ့သည့် ဂျပန်နိုင်ငံ အိုဆာကာပြည်နယ် ကင်းထောက်အမျိုးသမီးအဖွဲ့ ဥက္ကဋ္ဌဖြစ်သော Ms. Kuniko Tatamitani ကိုလည်း မြန်မာအမျိုးသမီး ကင်းထောက်အဖွဲ့က ဂုဏ်ပြုပွဲကျင်းပမည် ဖြစ်သည်။

ညီလာခံနောက်ဆုံးနေ့တွင် မြန်မာနိုင်ငံ အမျိုးသမီးကင်းထောက်အဖွဲ့က မြန်မာနိုင်ငံ အမျိုးသမီး ကင်းထောက်လှုပ်ရှားမှုများ၊ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ကမ္ဘာ့အမျိုးသမီး ကင်းထောက်အဖွဲ့ အာရှပစိဖိတ်ဒေသ ကင်းထောက်အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်များကို တင်ပြဆွေးနွေးကြမည်ဖြစ်သည်။ **ကိုလတ်( သတင်းစဉ်)**

## မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **(မိုး/ဇလ)**

# ပျက်စီးသွားသော ပုဂံဒေသရှိစေတီပုထိုးများကို ကျွမ်းကျင်ပညာရှင်များနှင့်အဖွဲ့အစည်းများ ပူးပေါင်းလုပ်ဆောင်

**တွေ့ဆုံမေးမြန်း - တင်မောင်လွင်၊ နိုင်လင်းကြည်၊ ဓာတ်ပုံ - မောင်မွှေး**

ညောင်ဦး ဩဂုတ် ၂၇

**ရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့်ရှိ အင်အားပြင်းငလျင်ကြောင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် ဘုရားပုထိုးစေတီများ နဂိုမူလအနေအထားအတိုင်း ပြန်လည်ပြင်ဆင်နိုင်ရန် ယူနက်စကိုအပါအဝင် ပြည်တွင်း၊ ပြည်ပ ပညာရှင်များ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ဒေသခံပရဟိတအဖွဲ့များ ဝိုင်းဝန်းပူးပေါင်းကာ ဆောင်ရွက်လျက်ရှိသည်။**

**ပုဂံဒေသတွင် ငလျင်ဒဏ်ကြောင့် ပျက်စီးမှုအများဆုံးဖြစ်ပေါ်ခဲ့သည့် စူဠာမဏိစေတီတော်ကြီးအား အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရန် တိုင်းဒေသကြီး စီမံကိန်းကော်မတီအဖွဲ့၊ ရှေးဟောင်းအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများက ဆောင်ရွက်နေပြီဖြစ်ရာ အဆိုပါအဖွဲ့များမှ တာဝန်ရှိသူအချို့အား မေးမြန်းခဲ့သည်များကို ပြန်လည်ဖော်ပြလိုက်ပါသည်။**



**ဒေါ်စန္ဒာခင် (မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ)**

ပျက်စီးသွားတဲ့ ဘုရားပုထိုးစေတီတွေကို ပြုပြင်မွမ်းမံဖို့ကတော့ အထူးအဖွဲ့အစည်းတွေရှိပါတယ်။ အဲဒီကော်မတီတွေကနေပြီးတော့ အဓိက ဦးစီးဆောင်ရွက်နေကြပါတယ်။ ယဉ်ကျေးမှုအမွေအနှစ်တွေကို ထိန်းသိမ်းစောင့်ရှောက်တဲ့ အဖွဲ့အနေနဲ့ ကာကွယ်စောင့်ရှောက်မှုတွေလုပ်နိုင်ဖို့ ကွင်းဆင်း လာကြတာပါ။ ကျွန်မတို့နဲ့အတူ ပျူမြို့ဟောင်းများ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်တွေနဲ့ လာကြပါတယ်။ ကျွန်မတို့ရဲ့အတွေ့အကြုံအရပေါ့။ အရေးပေါ်ထိန်းသိမ်းစောင့်ရှောက်မှုမှာ ဘာတွေလုပ်ပေးရမလဲဆိုတာ ပြင်ဆင်ဖို့အတွက် ထောက်ကူပံ့ပိုးပေးပါတယ်။ ဘုရားပေါ်မှာ ကျိုးပဲ့ထားတဲ့အပိုင်းအစတွေ သယ်ဆောင်ဖို့အတွက် စီစဉ်ခဲ့ပါတယ်။ အပေါ်ကချလာတဲ့ပစ္စည်းတွေကို စနစ်တကျ ထိန်းသိမ်းနိုင်ဖို့နဲ့ အပေါ် ပေါက်တဲ့နေရာမှာ မိုးကာစတွေ အုပ်နိုင်ဖို့ ဝိုင်းဝန်းထွန်းကားခဲ့ပြီးတော့ ယဉ်ကျေးမှုတွေ အထွတ်အထိပ်ရောက်ခဲ့တယ်။ ပန်းဆယ်မျိုးအနုလက်ရာတွေ ဘယ်လောက်အထိရှိခဲ့တယ်၊ ဒါတွေ ပျက်စီးသွားခဲ့ရင် ဗိသုကာလက်ရာတွေ ပျောက်ဆုံးမယ်။ အနုလက်ရာတွေ ပျောက်ဆုံးမယ်။ အထိခိုက်ခံလို့မရတဲ့အတွက်ကြောင့် အခုလက်ရှိပျက်စီးနေတဲ့ အမွေအနှစ်တွေကို ဒီထက်ပိုပြီး မပျက်စီးစေဖို့အတွက် အရေးပေါ် ကာကွယ်ရမယ့်အပိုင်းကို အရင်လုပ်နေပါတယ်။ နောက်တစ်ဆင့်ကတော့ ပျက်စီးထားတဲ့အတွက် ရေရှည်တည်တံ့ခိုင်မြဲဖို့ ထိန်းသိမ်းရေးတွေ ဆောင်ရွက်ရပါမယ်။ မပျက်စီးမဆုံးရှုံးသေးတဲ့ အဆောက်အအုံတွေကိုလည်း အရှည်တည်တံ့ခိုင်မြဲဖို့အတွက် ဘယ်လိုထိန်းသိမ်းရမလဲဆိုတာကို ဆောင်ရွက်ရပါမယ်။ ပုဂံရဲ့ ဆုံးရှုံးမှုဟာ ကျွန်မတို့လူမျိုးအတွက် သမိုင်းဘာသာ၊ သာသနာ ဆုံးရှုံးမှုဖြစ်ပါတယ်။

ငလျင်ကြောင့် စေတီပုထိုးပေါင်း ၃၀၀ ကျော်ပျက်စီးခဲ့တဲ့အထဲမှာ တကယ်တန်ဖိုးရှိတဲ့ စေတီပုထိုးတွေကို ဦးစားပေးပြီး



ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။ ပျူမြို့ဟောင်းများ စောင့်ရှောက်ရေးအဖွဲ့အနေနဲ့ ဘယ်ပစ္စည်းကတော့ အုတ်အကျိုးအပဲ့တွေ၊ ဘယ်ပစ္စည်းကတော့ အင်္ဂတေပန်းတော့လက်ရာတွေ၊ ဘယ်အရာကတော့ ကျောက်ပန်းတမော့လက်ရာတွေဆိုတာကို သေသေချာချာသပ်သပ်ရပ်ရပ်နဲ့ စုပုံထားမယ်။ ဒါတွေကို မှတ်တမ်းယူပြီး သုတေသနပြုမယ်။ ပြန်လည် ထိန်းသိမ်းတဲ့အခါမှာလည်း သေချာတပ်ဆင်ဖို့အတွက် လိုအပ်လာမယ်။ အဲဒါတွေကို စနစ်တကျရှိဖို့ ပျူမြို့ဟောင်းများ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့အနေနဲ့ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနေကြပါတယ်။

မြန်မာနိုင်ငံအတွက် ဘယ်လောက်အထိ ထိခိုက်နစ်နာသလဲဆိုရင် မြန်မာနိုင်ငံမှာ ယဉ်ကျေးမှုအမွေအနှစ်တွေက ကြေးခေတ်၊ သံခေတ်တွေကတည်းက ရှိခဲ့ပါတယ်။ ပျူဆိုတာကတော့ ဗုဒ္ဓဘာသာကို အခြေခံတဲ့နိုင်ငံတွေ တည်ထောင်နိုင်ခဲ့တဲ့ ခေတ်ဆိုပြီးတော့ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖို့ ဒီခေါင်းစဉ်နဲ့ ဝင်ခဲ့တာပါ။ သမိုင်းတန်ဖိုးလည်း အင်မတန်ကြီးပါတယ်။ လူမှုရေးသမိုင်း၊ ဘာသာရေးသမိုင်း၊ ယဉ်ကျေးမှုသမိုင်းတင်မကဘဲ ပုဂံဆိုတာဟာ ပျူခေတ်နောက်ပိုင်းမှာ ဆက်လက်ဖွံ့ဖြိုးတိုးတက်ခဲ့တဲ့ ခေတ်အဆက်ဆက်မှာ ဖွံ့ဖြိုးအတိုးတက်ဆုံး အကြွယ်ဝဆုံးလို့လည်း ပြောလို့ရပါတယ်။ ဘာလို့လဲဆိုရင် ဘာသာရေးနဲ့ပတ်သက်ပြီး အစွမ်းကုန်လုပ်ခဲ့ကြတယ်။ စာပေ၊ ယဉ်ကျေးမှုစတာတွေကို အမြင့်ဆုံးရောက်အောင် လုပ်ခဲ့ကြတယ်။ ပုဂံပဲဖြစ်ဖြစ်၊ ရခိုင်မှာရှိတဲ့ မြောက်ဦးဒေသပဲဖြစ်ဖြစ် ဘယ်လိုမှ ပျက်စီးဆုံးရှုံးလို့မရပါဘူး။

ပုဂံကနေ အရင်တုန်းက ဘာသာသက်ဝင်မှု ဘယ်လောက်အထိ ရှိခဲ့တယ်ဆိုတာကို ပြောပြနိုင်တယ်။ မြို့ပြနိုင်ငံအဖြစ် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ စူဠာမဏိစေတီဆိုရင်လည်း ဗိသုကာပညာရပ်အတွက်ပဲဖြစ်ဖြစ်၊ ကျောက်ဆစ်လက်ရာတွေ စဉ့်ကွင်းစဉ့်ချပ်တွေ ၊ ရှားပါးပြီးလက်ရာမြောက်လှတဲ့ တန်ဖိုးတွေကို မဆုံးရှုံးရအောင် တတ်စွမ်းတဲ့ဘက်ကနေ ပါဝင်ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။

အခုချိန်မှာ ပြည်သူတွေအနေနဲ့ ဝင်ရောက်ဖူးမြော်ဖို့ထက် ရေရှည်ကြံ့ခိုင်ဖို့အတွက် အဝေးကနေ မေတ္တာပို့ဆုတောင်းပေးတာဟာ ထိန်းသိမ်းရာလည်းရောက်သလို ဗုဒ္ဓဘာသာကို ရေရှည်တည်တံ့ခိုင်မြဲဖို့အတွက် ဆုတောင်းပေးရာလည်း ရောက်ပါတယ်။ ကိုယ့်ရဲ့စိတ်အာရုံကသာ အဓိကဖြစ်ပါတယ်လို့ ပြောချင်ပါတယ်။

**ဒေါက်တာစိုးကျော်စော**

**မန္တလေးတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နှင့် စီမံခန့်ခွဲရေးကော်မတီ ဒုတိယဥက္ကဋ္ဌ**

ပထမပိုင်းအနေနဲ့ အထက်ပစ္စယံမှာ ကျန်ရှိနေတဲ့ အရာတွေကို အရင်ဖယ်ရမယ်။ မဖယ်ခဲ့လို့ အောက်ကို ပိလာခဲ့ရင် အောက်ပါဆက်ပြီး ပြိုသွားမှာစိုးလို့ ဒီပစ္စည်းတွေချဖို့အတွက် လုပ်ဆောင်နေပါတယ်။ အပေါ်မှာတင်ကျန်နေတဲ့ဟာတွေက အလေးချိန်တွေ များနေလို့ စက်ယန္တရားတွေ ဝင်လို့မရတဲ့အတွက် ငြမ်းဆင်ပြီး ဆောင်ရွက်နေရတာဖြစ်တယ်။ အခု ဖြစ်နေတဲ့ အပေါက်ကြီးကို မိုးကာကာဖို့ လုပ်နေပါတယ်။ တကယ်လို့ မိုးရွာခဲ့ရင် ဒီပေါက်နေတဲ့ အပေါ်ထဲကို ဝင်သွားတာနဲ့ တစ်ပြိုင်နက် နဂိုရှေးဟောင်းအရာတွေဟာ တဖြည်းဖြည်းနဲ့ ပြိုကျပျက်စီးသွားနိုင်တယ်။ ထပ်မပြိုအောင် အမြန်ဆုံးဆောင်ရွက်နေတာဖြစ်ပါတယ်။

မနေ့က ပြုလုပ်တဲ့အစည်းအဝေးမှာ အလှူငွေတွေကို အရင်လိုမဖြစ်အောင်လို့ သက်ဆိုင်ရာ မြို့နယ်တိုင်းမှာရှိတဲ့ ဘဏ်တွေမှာ ပုဂံဘုရားတွေ ပြုပြင်ဖို့အတွက် အလှူငွေထည့်လိုက်ရင် ပုဂံမှာရှိတဲ့ ရှေးဟောင်းအမွေအနှစ်အတွက် ဖွင့်ထားတဲ့ ဘဏ်အကောင့်တစ်ခုရှိပါတယ်။ ကမ္ဘောဇဘဏ်မှာ ထားထားပါတယ်။ ဘဏ်အကောင့်ထဲကို မထည့်ဝင်နိုင်ဘူးဆိုရင်လည်း ဘဏ်တွေမှာ အလှူခံပုံးတွေထားရှိထားပါတယ်။ ဒါကလည်း အနယ်နယ်အရပ်ရပ်က ပြည်သူတွေ လှူနိုင်အောင်လို့ပါ။

ယူနက်စကိုအဖွဲ့ကတော့ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်မှုအပိုင်းကို လာပြီး သုံးသပ်လေ့လာတာပါ။ ဘယ်လိုပြုပြင်ရမလဲဆိုတာကို လိုက်ပြီးလေ့လာတဲ့အပိုင်းပါ။ ကမ္ဘာ့ဘဏ်ကတော့ နည်းပညာ၊ ငွေကြေးနဲ့ လိုအပ်တဲ့ပစ္စည်းတွေ ဘယ်လိုထောက်ပံ့ပေးရမလဲဆိုတာ ညှိနှိုင်းဆဲပါ။ ပုဂံဒေသမှာရှိတဲ့ အဖွဲ့အစည်းတွေကို အဓိကဦးစားပေးပါတယ်။ သူတို့က ပိုပြီးတော့ ပုဂံရဲ့ရှေးဟောင်းလက်ရာတွေကို မြတ်နိုးတဲ့အတွက်ကြောင့်ဖြစ်တယ်။



ဒေါ်စန္ဒာခင်



ဒေါက်တာစိုးကျော်စော



ဦးဝင်းတင့်

ကျွန်တော်တို့ဟာဆိုရင် အနုပညာဆန်တဲ့ ရှေးဟောင်းပုဂံကိုပဲ မြတ်နိုးပါတယ်။ ခေတ်သစ်ပုဂံ မဖြစ်စေချင်ပါဘူး။ ပုဂံဟာ ပုဂံသားတွေရဲ့အသည်းနှလုံးဖြစ်သလို ကမ္ဘာ့အရပ်ရပ်ကလည်း ပိုစိတ်ဝင်စားပြီး လာရောက်ဖို့ ကြိုတင်စာရင်းပေးနေတာတွေလည်းရှိပါတယ်။ သူတို့လာတဲ့အချိန်မှာ ဝင်ထွက်လို့မရမှာကိုသာ စိုးရိမ်တယ်။ ဒါ့ကြောင့် တတ်နိုင်သမျှ မပြိုမပျက်နိုင်တဲ့အဆင့် ဖန်တီးပြီးတော့မှပဲ ကြည့်ရှုလို့ရအောင် ဆောင်ရွက်ပေးချင်ပါတယ်။

**ဦးဝင်းတင့် (ညွှန်ကြားရေးမှူးချုပ်)**

**အဆောက်အအုံဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန**

ငလျင်ဒဏ်ကြောင့် ပျက်စီးသွားတဲ့အဓိက ဘုရားစေတီခြောက်ဆူကို ပြင်ဆင်ဖို့ မိုးရာသီဖြစ်နေတဲ့အတွက် မိုးရေကြောင့် ပျက်စီးသွားတဲ့အပိုင်းတွေထဲ ဝင်မသွားအောင်လို့ အမိုးအကာပြုလုပ်နိုင်ဖို့ ဆောင်ရွက်နေပါတယ်။ အခုဆိုရင် စူဠာမဏိစေတီကြီးရဲ့အပေါ်ပိုင်းပျက်စီးသွားတဲ့ အပေါက်ကြီး အမြန်ဆုံးကာနိုင်အောင် ဆောင်ရွက်နေပါတယ်။ ပျက်စီးသွားတဲ့ အပိုင်းအစတွေကို စနစ်တကျဖယ်ရှားဖို့ လိုတဲ့အတွက် ကျွမ်းကျင်တဲ့အဖွဲ့တွေရော ပရဟိတအဖွဲ့တွေပါ စုစုပေါင်းလုပ်သားအင်အား ၂၅၀ ကျော်နဲ့ ဆောင်ရွက်နေပါတယ်။ ကြံ့ခိုင်မှုအပိုင်းမှာလည်း မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ အင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံ ငလျင်ပညာရှင်များအဖွဲ့၊ မြန်မာနိုင်ငံ ဗိသုကာအသင်း၊ ဗိသုကာကောင်စီစတဲ့ကျွမ်းကျင်တဲ့ ပညာရှင်တွေနဲ့ စုပေါင်းပြီးလုပ်ဆောင်နေပါတယ်။

ဆောက်လုပ်ရေးဦးစီးဌာနအနေနဲ့ ငလျင်ကြောင့် အက်ကွဲသွားတဲ့ အက်ကြောင်းတွေရဲ့ အတိမ်အနက်တွေကို ငလျင်လှုပ်တဲ့အခါမှာ ဘယ်လောက်ကျယ်ပြန့်သွားသလဲ၊ ဘယ်လိုပျက်စီးသွားသလဲဆိုတာ တိုင်းတာနေပါပြီ။ ယူနက်စကိုက ပညာရှင်တွေ၊ ရှေးဟောင်းသုတေသနပညာရှင်တွေ ပူးပေါင်းပြီးတော့ ရှေးမူမပျက် ဘယ်လိုပြင်ဆင်မလဲ အချိန်ပေးဆွေးနွေးညှိနှိုင်းပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပုဂံငလျင်ကြောင့် ပျက်စီးသွားတဲ့ ဘုရားတွေထဲမှာ စူဠာမဏိစေတီတော်မြတ်ကြီးက ပျက်စီးမှုများတဲ့အတွက် အပျက်အစီးထဲမှာပါတဲ့ ရှေးဟောင်းလက်ရာတွေကို စနစ်တကျရှင်းလင်းနိုင်ဖို့အတွက်ဆောင်ရွက်နေပါတယ်။ အောက်ကို ရောက်တဲ့အခါမှာလည်း ရှေးဟောင်းသုတေသနနဲ့ ညှိပြီးတော့ ရှေးဟောင်းအုတ်ချပ်တွေရဲ့ အနေအထား၊ တန်ဖိုးရှိတဲ့ပစ္စည်းတွေကိုလည်း သူ့အပိုင်းနဲ့သူ စုစောင်းဖို့အတွက် ဆောင်ရွက်နေပါတယ်။ ၁၉၇၅ မြေငလျင်တုန်းကလည်း ရှေးဟောင်းသုတေသနရယ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနရယ်၊ ဒီဇိုင်နာတွေ၊ ပညာရှင်တွေနဲ့ ပူးပေါင်းပြီး ပြုပြင်ထားတဲ့ ဘုရားပုထိုးတွေရှိပါတယ်။

# လုပ်သားဈေးကွက် သတင်းအချက်အလက်တွေ ပြည့်ပြည့်စုံစုံရရှိဖို့ လုပ်သားအင်အား စစ်တမ်းကောက်ယူနိုင်ရေးကို ၂၀၁၄ ခုနှစ်မှာ ILO အဖွဲ့နဲ့ ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်



ဒုတိယညွှန်ကြားရေးမှူးချုပ်
ဦးအောင်ငွေဝင်း



ညွှန်ကြားရေးမှူး
ဒေါ်စန္ဒာအေး

❋ *ကျော်ဖုံးမှ*

လုပ်သားဈေးကွက် သတင်းအချက်အလက်တွေ ပြည့်ပြည့်စုံစုံရရှိဖို့ လုပ်သားအင်အားစစ်တမ်းကောက်ယူနိုင်ရေးကို ၂၀၁၄ ခုနှစ်မှာ ILO အဖွဲ့နဲ့ ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။ ILO ပြဋ္ဌာန်းချက်အမှတ် ၁၈၂ ဖြစ်တဲ့ အဆိုးရွားဆုံးပုံစံနဲ့ ကလေးလုပ်သားခိုင်းစေမှုပပျောက်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်ကို လက်ခံထားတာနဲ့အညီ ကလေးလုပ်သားပပျောက်ရေးလုပ်ငန်းကို အကောင်အထည်ဖော်နိုင်ဖို့ စစ်တမ်းမှာ ကလေးလုပ်သားဆိုင်ရာ အချက်အလက်တွေ ကောက်ယူခဲ့တာဖြစ်ပါတယ်။ ILO ရဲ့ လေ့လာမှုအသစ်တစ်ခုဖြစ်တဲ့ လူငယ်တွေရဲ့ အလုပ်အကိုင်ကူးပြောင်းမှုအခြေအနေကို လေ့လာနိုင်ဖို့အတွက် ကျောင်းအပြီး လုပ်ငန်းခွင်ကူးပြောင်းမှုအခြေအနေကိုလည်း ထည့်သွင်းကောက်ယူဖို့ အကြံပြုချက်အရ ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှုအကူးအပြောင်း ဆန်းစစ်ခြင်း စစ်တမ်းတို့ကိုပါ ထည့်သွင်းကောက်ယူခဲ့တာဖြစ်ပါတယ်။

**မေး ။ ။ အခုလိုဒီလိုစစ်တမ်းကို သုံးမျိုးပေါင်းကောက်ခဲ့ရတယ်ဆိုတော့ ဘယ်လိုအခက်အခဲတွေနဲ့ ကြုံတွေ့ခဲ့ရသလဲ၊ အချိန်ဘယ်လောက်ကြာအောင်ကောက်ယူခဲ့ရသလဲဆိုတာကိုလည်း သိပါရစေ။**

ဖြေ ။ ။ အခက်အခဲတွေအနေနဲ့ကတော့ အများကြီး ကြုံတွေ့ခဲ့ရပါတယ်။ ၂၅ နှစ်ကျော်ကြာမှ ပြန်လည်ကောက်ယူနိုင်တာဖြစ်တော့ ဝန်ထမ်းတွေအနေနဲ့ရော ပြည်သူတွေအနေနဲ့ပါ စစ်တမ်းနဲ့ပတ်သက်တဲ့ အတွေ့အကြုံနဲ့ နားလည်မှု (awareness) အားနည်းတာတွေ၊ နိုင်ငံအနေနဲ့ အလုပ်သမားရေးရာစာရင်းဇယားတွေ များစွာလိုအပ်နေတဲ့အတွက် မေးခွန်းပေါင်းများစွာ ထည့်သွင်းခဲ့တာတွေ၊ လုပ်သားအင်အား စစ်တမ်းသီးသန့်မဟုတ်ဘဲ ကလေးလုပ်သားနဲ့ ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်းဆန်းစစ်တဲ့ စစ်တမ်းကိုပါ ထည့်သွင်းကောက်ယူခဲ့တာဖြစ်လို့ စာရင်းကောက် မေးခွန်းလွှာမှာဆို အခန်း ၂၀၊ မေးခွန်းပေါင်း ၁၆၈ ခု ပါဝင်ခဲ့တဲ့အတွက် အိမ်ထောင်စုတစ်စုကို အချိန်တော်တော်ကြာအောင် မေးမြန်းခဲ့ရတာတွေ၊ တချို့နေရာတွေမှာဆိုရင် ဘာသာစကားမတူတာတွေ၊ ကျွန်တော်တို့ စစ်တမ်းမေးခွန်းလွှာအပေါ် အချိန်ပေးပြီး မဖြေဆိုပေးနိုင်တာတွေရှိခဲ့တော့ အကြိမ်ကြိမ် ပြန်လည်သွားရောက် ကောက်ယူခဲ့ရတာတွေ အများကြီးကြုံခဲ့ရပါတယ်။

စစ်တမ်းကောက်တဲ့ ကာလကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့ကနေ မတ်လ ၃၁ ရက်နေ့လို့ သုံးလသတ်မှတ်ထားပေမယ့်လည်း ရခိုင်ပြည်နယ်နဲ့ ချင်းပြည်နယ်မှာတော့ နယ်မြေမအေးချမ်းမှု၊ သွားလာရခက်ခဲမှုတွေကြောင့် မေလလောက်အထိ အချိန်ယူပြီး ကောက်ယူခဲ့ရပါတယ်။

**မေး ။ ။ စစ်တမ်းကောက်ယူတဲ့နေရာမှာ အိမ်ထောင်စုအားလုံးကို ကောက်ယူတာမဟုတ်ဘဲ ရွေးပြီးကောက်တာဆိုတော့ ဘယ်လိုပုံစံနဲ့ အိမ်ထောင်စုတွေ ရွေးချယ်ခဲ့လဲဆိုတာ သိပါရစေ။**

ဖြေ ။ ။ စာရင်းအင်းပညာနည်းလမ်းအရ စစ်တမ်းကောက်ယူရာမှာ အရေအတွက်အားလုံးကို အပြည့်ကောက်ယူခြင်း (Census) နဲ့ နမူနာရွေးချယ်ကောက်ယူခြင်း (Sampling) ဆိုပြီး နှစ်မျိုးရှိပါတယ်။ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းက နိုင်ငံအတွင်းရှိ လူဦးရေ အားလုံးကို အပြည့်ကောက်ယူတဲ့ census ဖြစ်ပါတယ်။ လုပ်သားအင်အားစစ်တမ်းကိုတော့ နိုင်ငံတိုင်းမှာ နမူနာအိမ်ထောင်စုတွေကိုပဲ ရွေးချယ်ပြီး နမူနာစစ်တမ်း (Sample Survey) ကောက်ယူလေ့ရှိကြပါတယ်။ အိမ်ထောင်စု ရွေးချယ်မှုနဲ့ပြောရမယ်ဆိုရင် ပထမအဆင့်အနေနဲ့ စာရင်းကောက်ကွက် (Enumeration Areas-EAs) တွေကို ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှ စာရင်းကောက်ကွက်တွေထဲက လုပ်သားအင်အားစစ်တမ်းကောက်ယူဖို့အတွက် ၁၅၀၀ ကို World Bank နဲ့ ပြည်သူ့အင်အားဦးစီးဌာနတို့ ပူးပေါင်းပြုစုထားတဲ့ Master Sampling Frame ကနေပြီး ရွေးချယ်ပေးခဲ့ပါတယ်။ ဒီစာရင်းကောက်ကွက် ၁၅၀၀ ထဲကမှ စာရင်းကောက်ကွက် တစ်ကွက်ကို အိမ်ထောင်စု ၁၆ အိမ်ထောင်စုနှုန်းနဲ့ စုစုပေါင်းအိမ်ထောင်စု ၂၄၀၀၀ ကို ရွေးချယ်ကောက်ယူခဲ့ပါတယ်။ အဲဒီလိုပြုစုလို့ရလာတဲ့ အိမ်ထောင်စုစာရင်းစဉ်ထဲကမှ ယိမ်းယိုင်မှုမရှိအောင် အကွာညီ ကျပန်းနမူနာကောက်ယူမှုနည်း (Systematic Random Sampling) ကိုသုံးပြီး အိမ်ထောင်စု ၁၆ စုကို ရွေးချယ်ကောက်ယူခဲ့တာဖြစ်ပါတယ်။ ဒီလိုကျပန်းနမူနာရွေးချယ်မှုနဲ့ ရွေးချယ်လိုက်တဲ့ အိမ်ထောင်စုတွေဟာ သက်ဆိုင်ရာနယ်မြေဒေသမှာရှိတဲ့ အိမ်ထောင်စုတွေရဲ့ အခြေအနေကို ကိုယ်စားပြုနိုင်မှာဖြစ်ပါတယ်။

**မေး ။ ။ စစ်တမ်းကောက်ယူတဲ့နေရာမှာ အချက်အလက်တွေ မှန်မှန်ကန်ကန်ရရှိဖို့နဲ့ အမှားနည်းနိုင်သမျှ နည်းစေဖို့အတွက် ဘယ်လိုဆောင်ရွက်ခဲ့လဲသိပါရစေ။**

ဖြေ ။ ။ စစ်တမ်းကောက်ယူမှုအဖြစ် စာရင်းကောက်ကွက် ၁၅၀၀ သတ်မှတ်ခဲ့ပေမယ့် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နဲ့ ရှမ်းပြည်နယ်တို့မှာရှိတဲ့ စာရင်းကောက်ကွက် ၃၂ ကွက်ကိုတော့ နယ်မြေလုံခြုံမှုအနေအထားအရ ကောက်ယူနိုင်ခဲ့မှုမရှိခဲ့တဲ့အတွက် စာရင်းကောက်ကွက်ပေါင်း ၁၄၆၈ ကွက်မှာရှိတဲ့ အိမ်ထောင်စု ၂၃၄၂၅ စုကို ကောက်ယူနိုင်ခဲ့ပါတယ်။ စစ်တမ်းမှာ အိမ်ထောင်စု ၂၄၀၀၀ ကို ကောက်ယူဖို့ စီစဉ်ထားတဲ့နေရာမှာ ၂၃၄၂၅ အိမ်ထောင်စုကို ကောက်ယူနိုင်ခဲ့တဲ့အတွက် ၂ ဒသမ ၄ ရာခိုင်နှုန်းသာ ကောက်ယူနိုင်ခဲ့မှုမရှိတာကို တွေ့ရှိရပါတယ်။ ဒါ့ကြောင့် တုံ့ပြန်မှုမရှိတဲ့ အိမ်ထောင်စု နည်းပါးမှုဟာ ရရှိတဲ့စာရင်းတွေမှာ လက်ခံနိုင်တဲ့အခြေအနေရှိကြောင်း ယူဆပါတယ်။

စစ်တမ်းက ကနဦးရရှိလာတဲ့ အချက်အလက်တွေကို ၂၀၁၄ ခုနှစ် လူဦးရေနဲ့ အိမ်အကြောင်းအရာ သန်းခေါင်စာရင်းက အချက်အလက်တွေနဲ့ နှိုင်းယှဉ်ရာမှာ အနည်းငယ်ကွဲလွဲမှုအချို့ရှိခဲ့တဲ့အတွက် စစ်တမ်းရလဒ်တွေ ခိုင်မာမှုရှိ မရှိနဲ့ နမူနာကောက်တာကြောင့်မဟုတ်တဲ့ အမှား (non-sampling error) နည်းနိုင်သမျှ နည်းစေရန်အတွက် စာရင်းကောက်ကွက် ၅၃ ကွက်က အိမ်ထောင်စုအချို့ကို ပြန်လည်စာရင်းကောက်ယူမှုတွေ ပြုလုပ်ခဲ့ပါတယ်။ ဒီလို အဆင့်ဆင့်ပြုလုပ်ခဲ့ပြီး ကျွန်တော်တို့အနေနဲ့ ရရှိလာတဲ့အချက်အလက်တွေကို အစီရင်ခံစာတွေ ရေးသားပြုစုပြီး ထုတ်ပြန်နိုင်တော့မှာဖြစ်ပါတယ်။

**မေး ။ ။ ဆရာ့အနေနဲ့ စစ်တမ်းရလဒ်တွေနဲ့ ၂၀၁၄ သန်းခေါင်စာရင်းရလဒ်တွေ မကိုက်ညီဘူးလို့ ပြောခဲ့တဲ့အပေါ် ဘယ်လိုအချက်တွေ မကိုက်ညီခဲ့တာလဲ၊ ဘာကြောင့် ကွဲလွဲခဲ့တာလဲ ရှင်းပြပေးစေလိုပါတယ်။**

ဖြေ ။ ။ ယူတဲ့နေရာမှာ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ အိမ်ထောင်စုဆိုင်ရာလူဦးရေ (Coventional household population) ကိုရော အဖွဲ့အစည်းဆိုင်ရာလူဦးရေ (Institutional Population) ကို ပါကောက်ယူခဲ့ပြီး ၂၀၁၅ ခုနှစ် လုပ်သားအင်အားစစ်တမ်းကောက်ယူရာမှာတော့ အိမ်ထောင်စု ဆိုင်ရာလူဦးရေ (Conventional household population) ကိုသာ နမူနာရွေးချယ်ကောက်ယူခဲ့ပါတယ်။

အဓိက ကွဲလွဲချက်အနေနဲ့ကတော့ အချက် လေးချက်ရှိခဲ့ပါတယ်။ ပထမအချက်အနေနဲ့ကတော့ စစ်တမ်းက ရလာတဲ့လူဦးရေကို ခန့်မှန်းတဲ့နေရာမှာ သန်းခေါင်စာရင်းက လူဦးရေထက်လျော့နည်းနေတာရယ်၊ ဒုတိယအနေနဲ့ တတိယအနေနဲ့ ပြည်တွင်း၊ ပြည်ပ ပြောင်းရွှေ့နေထိုင်သူဦးရေ နည်းပါးနေတာရယ်၊ စတုတ္ထအချက်အနေနဲ့ အလုပ်လက်မဲ့နှုန်း နည်းပါးနေတာတို့ ဖြစ်ပါတယ်။

ပထမအချက်ဖြစ်တဲ့ ခန့်မှန်းလူဦးရေ နည်းပါးနေတဲ့အပေါ်မှာ စာရင်းအင်းနည်းအရ ပြန်လည်တွက်ချက်ခဲ့ပြီး တိုင်းဒေသကြီး၊ ပြည်နယ်၊ ကျား၊ မ၊ မြို့ပြ၊ ကျေးလက်နဲ့ အသက်အုပ်စုတွေအကြား အရေအတွက်တွေ ကိုက်ညီမှုရှိအောင် ILO မှ Evaluation Consultant (New Zealand) Mr. Ganesh Prasad Rauniyar နဲ့ Independent Consultant Mr. Antonio Rinaldo Discenza က ဆောင်ရွက်ပေးခဲ့ပါတယ်။

ရွှေ့ပြောင်းလူဦးရေနဲ့ပတ်သက်ပြီး ရည်ညွှန်းကာလနဲ့ အချို့သော နမူနာအိမ်ထောင်စုရွေးချယ်မှုအပေါ်မူတည်ပြီး ကွဲပြားမှုရှိတဲ့အတွက် ဒါဟာ လက်ခံနိုင်လောက်တဲ့အခြေအနေတစ်ရပ်အဖြစ် ILO မှ Independent Consultant Mr. Antonio Rinaldo Discenza က အတည်ပြုပေးခဲ့ပါတယ်။

အလုပ်လက်မဲ့နဲ့ ပတ်သက်ပြီး သန်းခေါင်စာရင်းနဲ့ လုပ်သားအင်အားစစ်တမ်းမှာ အသုံးပြုခဲ့တဲ့အဓိပ္ပာယ်သတ်မှတ်ချက်၊ ရည်ညွှန်းကာလနဲ့ မေးခွန်းလွှာမတူညီတဲ့အတွက် အခုလိုကွဲလွဲမှုတွေ ရှိနေတာဖြစ်ပါတယ်။ စစ်တမ်းကောက်ယူရာမှာ အလုပ်အကိုင်နဲ့ပတ်သက်ပြီး မေးခွန်းပေါင်းများစွာမေးမြန်းခဲ့သလို ရည်ညွှန်းကာလကို လွန်ခဲ့သော ခုနစ်ရက်အဖြစ် သတ်မှတ်မေးမြန်းခဲ့ပါတယ်။ ဒါ့အပြင် အဓိပ္ပာယ်သတ်မှတ်ချက်ကိုလည်း ILO ရဲ့ အဓိပ္ပာယ်သတ်မှတ်ချက်တွေအတိုင်း အလုပ်လက်ရှိလို့ဆိုတဲ့နေရာမှာ အလုပ်လုပ်ကိုင်နိုင်တဲ့ အသက်အပိုင်းအခြားဖြစ်တဲ့ အသက် ၁၅ နှစ်နဲ့အထက်ရှိသူတစ်ဦးအနေနဲ့ လွန်ခဲ့တဲ့ ခုနစ်ရက်အတွင်း လုပ်ခ၊ လစာ သို့မဟုတ် အမြတ်အစွန်းရတဲ့အလုပ်ကို အနည်းဆုံး တစ်နာရီခန့် လုပ်ခဲ့သူကို အလုပ်လက်ရှိအဖြစ် သတ်မှတ်ခဲ့ပြီး အလုပ်လက်မဲ့ကို သတ်မှတ်ရာမှာ အလုပ်လက်ရှိ မဖြစ်သူတွေထဲက ရည်ညွှန်းကာလ ရက် ၃၀ အတွင်း အလုပ်တစ်ခု ရှာဖွေနေသူ သို့မဟုတ် လုပ်ငန်းတစ်ခုစတင်ရန် ကြိုးပမ်းနေပြီး အလုပ်ရမယ်၊ လုပ်ငန်းလုပ်ကိုင်ခွင့်ရမယ်ဆိုရင် နှစ်ပတ်အတွင်း လုပ်ကိုင်ရန် အဆင်သင့်ဖြစ်သူကိုသာ အလုပ်လက်မဲ့အဖြစ် သတ်မှတ်ခဲ့တဲ့အတွက်ကြောင့် ကျွန်တော်တို့စစ်တမ်းက ရလာတဲ့အချက်အလက်တွေအရ အလုပ်လက်ရှိနှုန်းက မြင့်မားနေပြီး အလုပ်လက်မဲ့နှုန်းက နည်းပါးနေတာဖြစ်ပါတယ်။

**မေး ။ ။ စစ်တမ်းကနေပြီး အဓိကတွေ့ရှိခဲ့ရတဲ့ အချက်အလက်တွေနဲ့ပတ်သက်ပြီးတော့လည်း ပြည်သူတွေသိရှိအောင် ပြောကြားပေးစေလိုပါတယ်။**

ဖြေ ။ ။ စစ်တမ်းကခန့်မှန်းချက်အရ ၂၀၁၅ ခုနှစ်အတွင်း အိမ်ထောင်စုလူဦးရေ (Conventional Household Population) ၄၈ သန်းရှိပြီး မြို့ပြ၊ ကျေးလက် ခွဲခြားပြောရမယ်ဆိုရင် မြို့ပြမှာ ၁၄ သန်းခန့်နဲ့ ကျေးလက်မှာ ၃၄ သန်းခန့် နေထိုင်လျက်ရှိကြောင်း ခန့်မှန်းတွက်ချက်ရရှိပါတယ်။ အသက် ၁၅ နှစ်နဲ့အထက် အလုပ်လုပ်ကိုင်နိုင်တဲ့ အသက်အပိုင်းအခြားရှိ လူဦးရေ (Working Age Population-WAP) မှာ ၃၃ ဒသမ ၉ သန်းရှိကြောင်း ခန့်မှန်းတွက်ချက်ရရှိပြီး အဆိုပါအလုပ်လုပ် ကိုင်နိုင်တဲ့ အသက်အပိုင်းအခြားမှာ လုပ်သားအင်အားပါဝင်မှုနှုန်း (Labour Force Participation Rate-LFPR) က ၆၄ ဒသမ ၇ ရာခိုင်နှုန်းဖြစ်ပြီး အလုပ်လက်ရှိ အရေအတွက်အနေနဲ့ ၂၁ ဒသမ ၇၉ သန်းခန့်ရှိကြောင်း တွေ့ရှိရပါတယ်။ အလုပ်လက်ရှိတွေကို လုပ်ငန်းကဏ္ဍအလိုက် လေ့လာကြည့်ရာမှာ လယ်ယာကဏ္ဍမှာ ၅၁ ဒသမ ၇ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍမှာ ၁၆ ဒသမ ၈ ရာခိုင်နှုန်းနဲ့ ဝန်ဆောင်မှုကဏ္ဍမှာ ၃၁ ဒသမ ၅ ရာခိုင်နှုန်းဖြစ်ကြောင်း တွေ့ရှိရပါတယ်။ နိုင်ငံရဲ့ အလုပ်လက်မဲ့နှုန်း (Unemployment Rate) ကတော့ ဝ ဒသမ ၈ ရာခိုင်နှုန်းဖြစ်ကြောင်း တွေ့ရှိရပြီး လုပ်သားအင်အား အပြည့်အဝအသုံးမချနိုင်မှုနှုန်း (Labour Underutilization Rate-LU) ကတော့ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ၆ ဒသမ ၉ ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရပါတယ်။

နိုင်ငံရဲ့အလုပ်လက်မဲ့ကိုဖော်ပြရာမှာ အလုပ်လက်မဲ့နှုန်း တစ်ခုတည်းကို ဖော်ပြမှုနဲ့ မလုံလောက်တဲ့အတွက် နိုင်ငံရဲ့ အလုပ်အကိုင်လိုအပ်ချက်ကို ဖော်ပြတဲ့ အညွှန်းကိန်းဖြစ်တဲ့ လုပ်သားအင်အားကို အပြည့်အဝအသုံးမချနိုင်မှုနှုန်း (Labour Underutilization Rate) ကို တစ်ပေါင်းတည်းဖော်ပြသင့်ကြောင်းကို ၂၀၁၃ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော (၁၉)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားစာရင်းအင်းပညာရှင်များညီလာခံ ($19^{th}$ International Conference of Labour Statisticians – $19^{th}$ ICLS) က ချမှတ်ခဲ့ပါတယ်။

ကလေးလုပ်သားစစ်တမ်းက တွေ့ရှိချက်တွေအနေနဲ့ ၂၀၁၅ ခုနှစ်အတွင်း မြန်မာနိုင်ငံမှာ အသက် ၅ နှစ်မှ ၁၇ နှစ်အတွင်းရှိ ကလေးဦးရေ ၁၂ ဒသမ ၁ သန်းရှိကြောင်း တွေ့ရှိရပါတယ်။ အဆိုပါ ကလေး ၁၂ ဒသမ ၁ သန်းမှာမှ အလုပ်လုပ်ကိုင်နေတဲ့ကလေး (Working Children) ကတော့ ၁၀ ဒသမ ၅ ရာခိုင်နှုန်းသာရှိတာကို တွေ့ရှိရမှာဖြစ်ပါတယ်။

ကလေးလုပ်သား (Child Labour) အဖြစ် လုပ်ကိုင်နေသူတွေကို လေ့လာကြည့်ရာမှာတော့ ကလေးအားလုံးရဲ့ ၉ ဒသမ ၃ ရာခိုင်နှုန်းက ကလေးလုပ်သားတွေအဖြစ် လုပ်ကိုင်နေကြရတာ တွေ့ရှိရပါတယ်။ ကလေးလုပ်သားလို့ အဓိပ္ပာယ်သတ်မှတ်တဲ့နေရာမှာတော့ နိုင်ငံမှာပြဋ္ဌာန်းထားတဲ့ အလုပ်သမားဥပဒေတွေ၊ နိုင်ငံတကာပြဋ္ဌာန်းချက်တွေအရ သတ်မှတ်တွက်ချက် လေ့လာထားတာဖြစ်ပါတယ်။

ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှုအကူးအပြောင်း ဆန်းစစ်ခြင်းစစ်တမ်းကို ပညာရေးဝန်ကြီးဌာနက ကောက်ယူဖို့ဖြစ်ပေမယ့် နိုင်ငံမှာ လူငယ်တွေရဲ့ အကူးအပြောင်းနဲ့ပတ်သက်ပြီး စစ်တမ်းကောက်ယူထားတာမရှိသေးတဲ့အတွက် ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်းဆန်းစစ်ခြင်းစစ်တမ်းကို ကောက်ယူခဲ့တာဖြစ်ပါတယ်။ လူငယ်တွေနဲ့ပတ်သက်ပြီး လေ့လာတဲ့နေရာမှာ လူငယ် (Youth) ဆိုတာကို အသက် ၁၅ နှစ်မှ ၂၉ နှစ်အကြား အသက်အပိုင်းအခြားရှိ လူဦးရေကို သတ်မှတ်ထားပြီး စစ်တမ်းအရ လူငယ်ဦးရေမှာ ၁၂ သန်းရှိကြောင်း တွေ့ရှိရပါတယ်။ လူငယ်တွေ အလုပ်လက်မဲ့နှုန်း (Youth Unemployment Rate) ကတော့ ၁ ဒသမ ၄ ရာခိုင်နှုန်းဖြစ်ပြီး လူငယ်တွေရဲ့ လုပ်သားအင်အား အပြည့်အဝအသုံးမချနိုင်မှုနှုန်း (Youth Labour Underutilization Rate-LU) အနေနဲ့ ကျား-၇ ဒသမ ၉ ရာခိုင်နှုန်း၊ မ- ၁၀ ဒသမ ၃ ရာခိုင်နှုန်းနဲ့ နိုင်ငံအဆင့်မှာတော့ ၉ ဒသမ ဝ ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရပါတယ်။ အလုပ်လုပ်ကိုင်နေတဲ့ လူငယ်တွေရဲ့ ၄၉ ဒသမ ၈ ရာခိုင်နှုန်းကတော့ တည်ငြိမ်မှုရှိပြီး စိတ်ကျေနပ်မှုရှိတဲ့ အလုပ်အကိုင်တွေ (Stable Employ) ကို လုပ်ကိုင်နေကြပြီး ၃၀ ဒသမ ၁ ရာခိုင်နှုန်းကတော့ ကူးပြောင်းမှုမစတင်ရသေးတဲ့ လူငယ်တွေ (Transition not yet started) ဖြစ်ကြောင်း တွေ့ရှိရပါတယ်။

**(မြန်မာ့အလင်း)**

# ခုတင် ၁၀၀ ဆေးရုံများ၌ ညှော်ကြိုစနစ်ဖြင့် ဆေးရုံဆင်းသည့်အခါ အခက်အခဲများကို မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော်　ဩဂုတ်　၂၇

**အစိုးရသစ်၏ ပထမရက် ၁၀၀ ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သည့် ပဥ္စမအကြိမ် သတင်းစာရှင်းလင်းပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။**




**အစိုးရသစ်၏ ပထမရက် ၁၀၀ ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သည့် ပဥ္စမအကြိမ် သတင်းစာရှင်းလင်းပွဲကို ယမန်နေ့က ကျင်းပစဉ်**

*( ယမန်နေ့မှ အဆက် )*

ဆက်လက်၍ သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ဝန်ကြီးဌာန ကိုယ်စားလှယ်များက ပြန်လည်ဖြေကြားကြသည်။

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ယဉ်သန္တာလွင်နှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါ်ထားထားလင်းတို့က နာဂဒေသတွင် လူ ၈၀ ကျော်သေဆုံးမှု၊ ရောဂါထိန်းချုပ်နိုင်မှုတို့နှင့်စပ်လျဉ်းသည့် မေးမြန်းချက်ကို ဖြေကြားရာတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ နန်းယွန်းမြို့နယ်၊ ဒုံဟီးမြို့နယ်ခွဲရှိ ကဲဆန်ဆာလင်၊ ကဲဆန်ဘောက်လွန်၊ ကဲဆန်လုံကျန်ကျေးရွာတို့၌ လူ ၁၃ ဦးသေဆုံးခဲ့သည်ကို ဩဂုတ် ၃ ရက်က သတင်းရရှိခဲ့ပါကြောင်း၊ လဟယ်၌ ဆေးခန်းဖွင့်ပြီး ကုသခဲ့ပါကြောင်း၊ ထိုသို့ကုသသည့်အခါ လူနာ ၁၅ ဦးက ဝက်သက်ရောဂါလက္ခဏာဖြစ်သော အရေပြားတွင် အနီစက်ထွက်သည့် အမှတ်အသား၊ လူနာသစ် ကိုးဦးမှာ သံသယဝက်သက်ရောဂါလက္ခဏာတို့ကို တွေ့ခဲ့ပါကြောင်း။

**ထန်ခေါ်လာမားတွင် ဝက်သက်ကပ်ရောဂါအသွင်ဖြစ်ခဲ့သည်ဟု သုံးသပ်**

ထန်ခေါ်လာမားကျေးရွာရှိ လူနာ ၁၀ ဦးမှ သွေးရည်ကြည် နမူနာကိုယူကာ ရန်ကုန်မြို့ရှိ အမျိုးသားကျန်းမာရေးဓာတ်ခွဲခန်းဆိုင်ရာဌာနသို့ပေးပို့ပြီး စစ်ဆေးခဲ့ပါကြောင်း၊ စစ်ဆေးသည့်အခါ ခုနစ်ဦးတွင် ဝက်သက်ရောဂါအနေအထားတွေ့ရှိခဲ့ရပါကြောင်း၊ ထို့ကြောင့် ထန်ခေါ်လာမားတွင် ဝက်သက်ကပ်ရောဂါအသွင်ဖြစ်ခဲ့သည်ဟု သုံးသပ်ခဲ့ပါကြောင်း။

**နန်းယွန်းတွင် သံသယ ဝက်သက်ရောဂါလက္ခဏာများ မဖြစ်ပွားခဲ့**

နန်းယွန်းမြို့နယ်၌ ကွင်းဆင်းစုံစမ်းခြင်း၊ လူနာအသစ်ရှာဖွေခြင်းနှင့် ဆေးခန်းဖွင့်လှစ်ကုသခြင်းများ ဆောင်ရွက်ခဲ့ရာ အသက် ၁၈ နှစ်အောက် လူနာ ၁၄၈ ဦးနှင့် အသက် ၁၈ နှစ် အထက် လူနာ ၃၅ ဦး စုစုပေါင်းလူနာ ၁၈၃ ဦးကို တွေ့ရှိပြီး ကုသခဲ့ပါကြောင်း၊ ၎င်းနေရာတွင် ဝက်သက်လက္ခဏာနှင့် အခြားကူးစက်ရောဂါ လက္ခဏာများ မတွေ့ခဲ့ပါကြောင်း၊ နန်းယွန်းမြို့နယ်တွင် သေဆုံးခဲ့သည့် လူနာများမှာ သံသယဝက်သက်ရောဂါလက္ခဏာများ မဖြစ်ပွားခဲ့ပါကြောင်း၊ ဆေးခန်းလူနာများတွင်လည်း သံသယဝက်သက်ရောဂါလက္ခဏာ မတွေ့ခဲ့ရကြောင်း၊ လူနာ ခုနစ်ဦးထံမှ သွေးနမူနာ စစ်ဆေးသည့်အခါတွင်လည်း ဝက်သက်ရောဂါမတွေ့ရသည့်အတွက် နန်းယွန်းတွင် ဝက်သက်ရောဂါကပ်အသွင် ဖြစ်ပွားမှုမရှိခဲ့ပါကြောင်း၊ ဩဂုတ် ၆ ရက်တွင် ကူးစက်ရောဂါဆရာဝန်ကြီးများနှင့် ပြည်သူ့ကျန်းမာရေး အထူးကုဆရာဝန်ကြီး ၁၅ ဦးပါသည့်အဖွဲ့သည် ကာကွယ်ဆေးထိုးအဖွဲ့ ၁၈ ဖွဲ့နှင့် လုပ်ငန်းများ ဆောင်ရွက်ပါကြောင်း။

**တစ်အိမ်တက်ဆင်း လူနာရှာဖွေခြင်းနှင့် ဆေးကုသခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့**

ကလေးပေါင်း ၁၅၀၅၄ ဦးကို ဝက်သက်ကာကွယ်ဆေး ထိုးနှံခဲ့ပြီးဖြစ်ပါကြောင်း၊ ကျေးရွာများတွင် တစ်အိမ်တက်ဆင်း လူနာရှာဖွေခြင်းနှင့် ဆေးကုသခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုသို့ ဆောင်ရွက်သည့်အခါ ဆေးခန်းကို လာပြသည့် လူနာပေါင်း ၁၅၉၆ ဦးရှိပါကြောင်း၊ လဟယ်မြို့နယ် ထန်ခေါ်လာမားကျေးရွာ၌ လူနာသစ် ကိုးဦးတွေ့ခဲ့ပါကြောင်း၊ ဝက်သက်နှင့် အခြားပြင်းထန်ရောဂါ ဖြစ်ပွားသူ မရှိပါကြောင်း၊ တီဘီရောဂါအထူးကုဆရာဝန်ကြီးများက ကျေးရွာတော်တော်များများတွင် တီဘီကာကွယ်ရေး၊ စောစီးစွာ ဆေးကုသမှုခံယူရေးတို့နှင့်ပတ်သက်ပြီး ကျန်းမာရေးပညာပေးခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း။

**ဖွံ့ဖြိုးတိုးတက်မှု မရှိ**

ထိုဒေသများသည် ဖွံ့ဖြိုးတိုးတက်မှုမရှိပါကြောင်း၊ အစားအသောက်ရိက္ခာနည်းပါးပါကြောင်း၊ ထို့ကြောင့် ရောဂါများဖြစ်ပွားလာသောအခါ ရောဂါဒဏ်ကိုလည်း မခံနိုင်ပါကြောင်း၊ ထို့ကြောင့် ကလေးငယ်များအား ဗီတာမင်နှင့် အာဟာရမှုန့်တိုက်ကျွေးခြင်း၊ နှစ်နှစ်မှ ကိုးနှစ်ကလေးငယ်များကို သန်ချဆေးတိုက်ခြင်း၊ မိခင်နှင့် ကလေးကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကုသရေးဦးစီးဌာနမှ ကလေးအထူးကုဆရာဝန်ကြီးများနှင့် သမားတော်ကြီးများ ပါဝင်သည့် ဆေးအဖွဲ့များက ကျေးရွာများသို့ ကွင်းဆင်းကုသခြင်းများ ပြုလုပ်ခဲ့ပါကြောင်း၊ နေရာဒေသအရ လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့်အတွက် မော်တော်ဆိုင်ကယ်များဖြင့် သွားရပါကြောင်း၊ ယခုအချိန်တွင် နန်းယွန်းနှင့် အဆက်အသွယ်ရအောင် ဝန်ကြီးဌာနအနေဖြင့် အိုင်ကွန်စကားပြောစက်များ ပေးပို့ရန် ဆောင်ရွက်ထားပါကြောင်း။

**ဘာသာစကား မပေါက်**

မြို့နယ်သုံးမြို့နယ်၌ လျှပ်တစ်ပြက် ကာကွယ်ဆေးထိုးသည့်အစီအစဉ်ကို နှစ်တိုင်း သုံးလ တစ်ကြိမ် ထိုးနှံပေးပါကြောင်း၊ တောင်ပေါ်ဒေသသို့ သွားရောက်ထိုးနှံသည့် အစီအစဉ်ရှိသော်လည်း အားနည်းချက်အနေဖြင့် ဒေသခံဘာသာစကား မပေါက်ခြင်း၊ သွားသည့်အချိန်တွင် ကလေးများကို မတွေ့ခြင်း၊ ဆိုင်ကယ်ငှားရမ်းခ သိန်းဂဏန်းနှင့်ချီ၍ ပေးရခြင်း၊ ညအိပ်မနေနိုင်ခြင်း စသည်တို့ရှိပြီး နှစ်ရှည်လများ ဆိုးကျိုးများကြောင့် ယခုလို ဝက်သက်ရောဂါကပ်အသွင် ဖြစ်ပွားရခြင်းဖြစ်ပါကြောင်း။

**အသက်နှင့် ရင်းပြီးသွားခဲ့ရ**

ကာကွယ်ဆေးထိုးနှံရန် သွားရောက်သည့် ဆရာမမှာ အသက်နှင့် ရင်းပြီးသွားခဲ့ရပါကြောင်း၊ လမ်းမရှိဘဲ လမ်းကိုဖော်ပြီး သွားခဲ့ရပြီး ဆေးအထိုးမခံသည့် ကလေးများလည်း ရှိပါကြောင်း၊ အခက်အခဲ အမျိုးမျိုးတွေ့ရပါကြောင်း၊ သေဆုံးမှုနှင့် ပတ်သက်ပြီး လဟယ်မြို့နယ်၌ ဇွန်လမှ ဩဂုတ်လအထိ သေဆုံးမှုမှာ ၂၈ ဦး၊ ထန်ခေါ်လာမားကျေးရွာ၌ ၂၄ ဦး၊ တခြားကျေးရွာ၌ လေးဦး သေဆုံးပြီး နန်းယွန်း၌ မေလမှ ဩဂုတ်လအထိ သေဆုံးသူ ၄၀ ဟု သတင်းရရှိပါကြောင်း။

**၈၅ ရာခိုင်နှုန်းကျော် လွှမ်းခြုံကာကွယ်ဆေးထိုးခဲ့**

လောလောဆယ် ကပ်အသွင်ဖြစ်ပွားသေဆုံးမှု ထပ်ပြီးမရှိပါကြောင်း၊ ဝက်သက်ရောဂါဖြစ်ပွားမှုကိုလည်း ထိန်းချုပ်နိုင်ပါကြောင်း၊ လဟယ်မြို့နယ်တစ်မြို့နယ်လုံးကိုလည်း လောလောဆယ် ၈၅ ရာခိုင်နှုန်းကျော် လွှမ်းခြုံကာကွယ်ဆေးထိုးခဲ့ပါကြောင်း၊ ပွင့်လင်းရာသီတွင် ကာကွယ်ဆေး ၁၀ မျိုး ဆက်ပြီးထိုးသွားရန် အစီအစဉ်ရှိပါကြောင်း။

**ကျန်းမာရေးအသိပညာ အလွန်နည်းပါး**

ယင်းဒေသတွင် ကျန်းမာရေးအသိပညာ အလွန်နည်းပါးပါကြောင်း၊ ရောဂါကာကွယ်နိုင်ရန်အတွက် ၂၀ ရာခိုင်နှုန်းသာရှိပါကြောင်း၊ အမှန်မှာ ၉၀ ရာခိုင်နှုန်းရှိရမည်ဖြစ်ပါကြောင်း၊ ဘာကြောင့်နည်းသလဲဆိုလျှင် ထိုဒေသသို့ သွားရောက်မည့်ဝန်ထမ်းမရှိပါကြောင်း၊ သွားရေးလာရေး အလွန်ခက်ခဲသဖြင့် သတင်းအချက်အလက်မရပါကြောင်း၊ ယင်းသို့သော ဧရိယာမျိုး အများကြီးရှိပါကြောင်း၊ ဂြိုဟ်တုဖုန်းများ ပေးထားရမည်ဖြစ်ပါကြောင်း၊ မိမိတို့ ဆောလျင်စွာ သွားနိုင်လျှင် ယခုလောက် သေဆုံးမည်မဟုတ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

**စရိတ်မျှပေးကျန်းမာရေး**

စရိတ်မျှပေးကျန်းမာရေး၊ ပြည်သူများနှင့် ဆက်ဆံရေးမကောင်းသည့် အပိုင်း၊ ဆေးရုံသန့်ရှင်းမှုမရှိသည့် အပိုင်းများ၊ ကလေးဖျက်ချမှုတို့နှင့်စပ်လျဉ်း၍ မေးမြန်းချက်ကို ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဖြေကြားရာတွင် ကျန်းမာရေးဆေးကုသမှုတွင် စရိတ်မျှပေးကျန်းမာရေးကို ဖော်ဆောင်နေပါကြောင်း၊ ဆေးရုံမှ ဆေးဆိုင်များ ပိတ်လိုက်သည့်အတွက် ပြဿနာများစွာ ရှိနေပါကြောင်း၊ ဆေးရုံ၌ ဆေးရောင်းသည့်ဆိုင်များ ပြန်လည်ထားရှိရန် ညှိနှိုင်းဆောင်ရွက်နေပါကြောင်း၊ ၁၀ ရာခိုင်နှုန်းသာ အမြတ်ယူဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ဆေးရုံမှ မပေးနိုင်သည့် ဆေးများကို ဝယ်ယူရမည်ဖြစ်ပါကြောင်း။

**အခြေခံဆေးများနှင့် အခြေခံ Service များကိုသာ ပံ့ပိုးပေးနိုင်သေး**

ဆေးကုသရာတွင် ဆေးအဆင့်အမျိုးမျိုးရှိပါကြောင်း၊ လူတိုင်းကို ပေးနိုင်သည်မှာ အခြေခံဆေးများနှင့် အခြေခံ Service များကိုသာ ပံ့ပိုးပေးနိုင်မည် ဖြစ်ပါကြောင်း၊ အဆင့်မြှင့်မှုများကို စရိတ်မျှပေးသည့် အနေဖြင့် လူနာက မျှပေးရမည်ဖြစ်ပါကြောင်း၊ တတ်နိုင်သမျှ လျော့ကျအောင် ဆောင်ရွက်နေပါကြောင်း၊ ကိုယ်ဝန်ဖျက်ချမှုမှာ ရောဂါရှိလျှင် ဖျက်ချမှုကို တရားဝင်ခွင့်ပြုပေးထားပါကြောင်း၊ ထောက်ခံချက်ဖြင့်သာ လုပ်ဆောင်နေခြင်း ဖြစ်ပါကြောင်း၊ အပြင်တွင် လုပ်ဆောင်နေခြင်းများမှာ ကျင့်ဝတ်နှင့်မညီဘဲ တခြားအဖွဲ့အစည်းများ၊ တခြားသူများက လုပ်ဆောင်နေသည့်သဘောရှိပါကြောင်း၊ သိလျှင် တရားဝင်အရေးယူ၍ ရပါကြောင်း၊ တရားဝင်ခွင့်ပြုထားခြင်း မရှိပါကြောင်း။

**မနိုင်မနင်း ဆောင်ရွက်နေရ**

ဦးစီးဌာနမှ တာဝန်ယူသည့် ဆေးရုံ စုစုပေါင်း ၁၁၃၂ ရုံ ရှိပါကြောင်း၊ ဆရာဝန် ၂၀၀၀ နီးပါးခန့်ရန် ကြိုးစားနေပါကြောင်း၊ ဆေးရုံအားလုံးသည် ဆရာဝန် ၂၀၀၀ ခန့်ပြီးသည့်တိုင် ပြည်သူများကို စောင့်ရှောက်ရန် ရာထူးနေရာ ၅၀၀၀ ကျော်ရှိနေသေးပါကြောင်း၊ သူနာပြု ၁၅၀၀၀ ကျော်ရှိပါကြောင်း၊ လူနာ နှစ်စဉ် ပြင်ပရောဂါ အတွင်းပါများပြားနေပါကြောင်း၊ သဃ်န်းကျွန်း ခုတင် ၃၀၀ ဆေးရုံ၌ လူနာ ၃၀၀ ကျော်က အသုံးပြုနေပြီး လူနာသာမက လူနာစောင့်များပါ အသုံးပြုနေပါကြောင်း၊ Overload ဖြစ်နေပြီး သန့်ရှင်းရေး၊ ကုသရေးပါ မနိုင်မနင်း ဆောင်ရွက်နေရပါကြောင်း၊ ကုသမှုအရည်အသွေးရော သန့်ရှင်းရေးပါ အကောင်းဆုံး ဆောင်ရွက်နေပါကြောင်း၊ ဆက်ဆံရေးကောင်းခြင်း မကောင်းခြင်းမှာ လူပုဂ္ဂိုလ်နှင့်သာ သက်ဆိုင်ပါကြောင်း၊ အလုပ်တာဝန်များသည့်အခါ ဖြစ်ပွားလေ့ရှိသည့် ကိစ္စဖြစ်ပါကြောင်း၊ ဆေးရုံဆင်းသည့်အခါရှိသည့်အခက်အခဲများကို မေးမြန်းပြီး အလုပ်တာဝန်များခြင်းကို အပြစ်မဖို့ဘဲ ပြင်သင့်သည်များကို ပြင်ဆင်ရန် ဆောင်ရွက်နေပါကြောင်း၊ ခုတင် ၁၀၀ ဆေးရုံများ၌ ညှော်ကြိုစနစ် လုပ်ထားပါကြောင်း၊ ဆေးရုံဆင်းသည့်အခါ အခက်အခဲများကို မေးမြန်းပြီး ဖြည့်ဆည်းဆောင်ရွက်လျက်ရှိပါကြောင်း။

**ကျန်းမာရေး ပညာပေးမှုများ ဆောင်ရွက်နေ**

ကလေးဖျက်ချမှုနှင့် ပတ်သက်၍ မေးသွားသည့် မေးခွန်းအလွန်ကောင်းပါကြောင်း၊ ဘာကြောင့် ဖြစ်ရသည်ဆိုသည်ကို စဉ်းစားလျှင် အဖြေထွက်လာမည်ဖြစ်ပါကြောင်း၊ တားဆေးကို ဘယ်အချိန် သောက်ရမည်ကို မသိသည့်အတွက် ကိုယ်ဝန်ရပြီး မလိုချင်သည့်အခါ ဖျက်ချခြင်းများ ဖြစ်ပေါ်လာပါကြောင်း၊ ကျန်းမာရေးပညာပေးမှုများ ဆောင်ရွက်နေပါကြောင်း၊ ဖြစ်ပွားသည့်အမျိုးသမီးများတွင် ကိုယ်ဝန်ရှိမှုနှင့်ပတ်သက်ပြီး အသိပညာမရှိသည့်အတွက် ပြဿနာဖြစ်ရခြင်းဖြစ်ပါကြောင်း ဖြေကြားသည်။

နာဂဒေသ၌ သေဆုံးသူအရေအတွက် ကွာခြားနေမှု၊ အစားအသောက်များနှင့်ပတ်သက်၍ ထိန်းချုပ်ဆောင်ရွက်နေမှုကို သိရှိလိုကြောင်း မေးခွန်းနှင့်ပတ်သက်၍ တာဝန်ရှိသူများက ဖြေကြားရာတွင် သေဆုံးသူအရေအတွက် ကွာခြားရခြင်းမှာ ရေတွက်သည့် လနှင့် ရရှိသည့်အချက်အလက်များအပေါ် မူတည်ပြီး ကွာနေခြင်းဖြစ်ပါကြောင်း။

**စနစ်တကျထိန်းကျောင်းရန် အစီအစဉ်များ ချမှတ်ထား**

အစားအသောက်များနှင့်ပတ်သက်ပြီး လမ်းဘေးဈေးသည်များကို ထိန်းချုပ်ရန်လိုပါကြောင်း၊ FDA သည် အသင့်စား အစားအသောက်များနှင့် သက်ဆိုင်ပါကြောင်း၊ လမ်းဘေး အစားအသောက်များကို ထိန်းချုပ်နိုင်ရန်အတွက် စည်ပင်၊ အဆင့်ဆင့်သော ပြည်သူ့ကျန်းမာရေးအဖွဲ့များ ရှိပါကြောင်း၊ အဆင့်ဆင့်သော အသင်းအဖွဲ့များရှိပါကြောင်း၊ ဥပမာအားဖြင့် လက်လီရောင်းချသူများအသင်းကို ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း၊ အဆင့်ဆင့်သော အသင်းများနှင့် ပေါင်းစပ်ပြီး အစားအသောက်များကို စနစ်တကျ ထိန်းကျောင်းရန် အစီအစဉ်များ ချမှတ်ထားပါကြောင်း၊ မသန့်ရှင်းသော အစားအစာများနှင့်ပတ်သက်၍ ပညာပေးအစီအစဉ်ကို တိုးချဲ့သွားမည်ဖြစ်ပါကြောင်း၊ အစားအသောက်နှင့် ဆေးဝါးများ၊ လူသုံးကုန်၊ အလှကုန်များ ဆိုပြီး FDA တွင် တာဝန်အပိုင်းကြီး သုံးပိုင်းရှိကြောင်း။

**သတ်မှတ်ထားသည့် စာမေးပွဲကို ဝင်ရောက်ဖြေဆိုရမည်**

တာဝန်ရှိသူများက နိုင်ငံတကာ ဆေးပညာဘွဲ့ယူလာပြီး ပြည်တွင်း ပြန်လာသူများ ဆမ ပြန်လျှောက်သည့်အခါ အခက်အခဲများရှိနေမှု၊ ဆေးထိုးအပ် ကိုင်ဆောင်ခွင့်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဘတ်ဂျက်ကိစ္စများနှင့်ပတ်သက်၍ မေးခွန်းကို ဖြေကြားရာတွင် ကုသမှုကျွမ်းကျင်လျှင် ဆမထုတ်ပေးမည် ဖြစ်ပါကြောင်း၊ ပါရဂူများလာလျှင်လည်း ဘွဲ့လက်မှတ်မှအစ စစ်ဆေးပါကြောင်း၊ နိုင်ငံရပ်ခြားမှ ဆရာဝန်ဘွဲ့ရသူများသည် မြန်မာနိုင်ငံ၌ ဆေးကုသခွင့် လိုင်စင်ရလိုလျှင် သတ်မှတ်ထားသည့် စာမေးပွဲကို ဝင်ရောက်ဖြေဆိုရမည်ဖြစ်ပါကြောင်း၊ မြန်မာဆေးကောင်စီမှ အောင်မြင်သည်ဟု သတ်မှတ်လျှင် ဆေးကုသခွင့် လိုင်စင်ထုတ်ပေးပါကြောင်း၊ ပြည်ပဆေးတက္ကသိုလ်၌ သွားရောက်သင်ကြားပြီး မြန်မာနိုင်ငံ၌ အလုပ်သင် ဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်လိုသည့် ကိစ္စကို ပြန်လည်စဉ်းစားဆောင်ရွက်နေပါကြောင်း။

**ကျန်းမာရေး ဆေးကုသမှုတွင် စရိတ်မျှပေး ကျန်းမာရေးကို ဖော်ဆောင်နေပါကြောင်း၊ ဆေးရုံမှ ဆေးဆိုင်များ ပိတ်လိုက်သည့်အတွက် ပြဿနာများစွာ ရှိနေပါကြောင်း၊ ဆေးရုံ၌ ဆေးရောင်းသည့်ဆိုင်များ ပြန်လည်ထားရှိရန် ညှိနှိုင်းဆောင်ရွက်နေပါကြောင်း၊ ၁၀ ရာခိုင်နှုန်းသာ အမြတ်ယူဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ဆေးရုံမှ မပေးနိုင်သည့် ဆေးများကို ဝယ်ယူရမည်ဖြစ်**

**ဆေးထိုးပိုင်ခွင့်**

ဆေးထိုးအပ်ကိုင်ဆောင်မှုနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံဆေးကောင်စီမှ သတ်မှတ်ချက်ရှိပါကြောင်း၊ မှတ်ပုံတင်ရှိသူများသာ ဆေးကုသခွင့်ရှိပါကြောင်း၊ လက်ထောက်ကျန်းမာရေးမှူးနှင့် သူနာပြုဆရာမများ၊ သားဖွားဆရာမများသည် ဆေးထိုးပိုင်ခွင့်ရှိပါကြောင်း၊ သို့ရာတွင် ဆေးထိုးမှုနှင့် ကုသမှုသည် ကျန်းမာရေးဝန်ကြီးဌာန၏ အဆောက်အအုံ၊ အသိုင်းအဝိုင်းနှင့် ဆက်နွှယ်နေမှ ဆောင်ရွက်ခွင့်ရှိပါကြောင်း၊ ဘတ်ဂျက်အနေဖြင့် ကျန်းမာရေးအတွက်က ၈၅၀ ဘီလီယံရှိပြီး အားကစားမှာ ၁၉ ဘီလီယံရှိပါကြောင်း ဖြေကြားသည်။

**လူများများသိအောင် လုပ်နိုင်လေ ခရီးသွားဧည့်သည် များများလာလေဖြစ်မည်**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးတင့်သွင်က မိမိတို့နိုင်ငံ၏ သဘာဝအလှတရားများကို ဧည့်သည်များ စိတ်ဝင်စားရန်နှင့် Eco Tourism လုပ်ငန်းများဖွံ့ဖြိုးလာရန်အတွက် ဘာတွေလိုအပ်သလဲ၊ ဘာတွေပြင်ဆင်

*စာမျက်နှာ ၁၁ သို့*



## တပ်မတော်၊ ရဲတပ်ဖွဲ့နှင့်ပြည်သူပူးပေါင်းပြီး ရေတားတမံအဆင့်မြှင့်တင်

**သထုံ ဩဂုတ် ၂၇**

ပင်လယ်ကမ်းခြေကျေးရွာတစ်ရွာဖြစ်သော မွန်ပြည်နယ် ပေါင်မြို့နယ် အလုပ်ကျေးရွာ သာယာကုန်းပိုင်း၌ ဩဂုတ် ၂၅ ရက်မှ စတင်၍ အမှတ်(၄)လေကြောင်းရန်ကာကွယ်ရေးစစ်ဆင်မှုကွပ်ကဲရေးဌာနချုပ်မှ ဗိုလ်မှူးကြီးတင်ထွန်ဝင်းနှင့် အရာရှိ၊ စစ်သည်များ၊ သထုံခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး နန္ဒဝင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးဝင်းသိန်းနှင့် တပ်ဖွဲ့ဝင်များ၊ ကျေးရွာမှ ပြည်သူများပါဝင်သော လူ ၉၂ ဦးခန့်သည် ပင်လယ်ရေတားတမံအား အရှည် မီတာ၁၀၀၊ အမြင့် ၈ ပေကို ကျောက်စီခြင်း၊ မျှော့ငုတ်စိုက်ဝါးကာရံခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**နန္ဒကျော်စွာ**

## ရှေးဟောင်းအမွေအနှစ်များ ပျောက်ဆုံးမှုမရှိစေရေး လုံခြုံရေးအင်အား တိုးမြှင့်ချထား

**မန္တလေး ဩဂုတ် ၂၇**

ဩဂုတ် ၂၄ ရက် ညနေပိုင်းက လှုပ်ခတ်ခဲ့သည့် မြေငလျင်ဒဏ်ကြောင့် ပုဂံ ညောင်ဦးဒေသတွင် ဘုရားပုထိုးစေတီများ ပြိုကျပျက်စီးခဲ့သဖြင့် အဆိုပါ ပြိုကျပျက်စီးခဲ့သည့် ဘုရားပုထိုးစေတီများမှ ရှေးဟောင်းအမွေအနှစ်များ ပျောက်ဆုံးမှုမရှိစေရေးအတွက် ညောင်ဦးမြို့နယ် ရဲတပ်ဖွဲ့နှင့်အတူ လုံခြုံရေးတာဝန် ဆောင်ရွက်နိုင်ရန် အမှတ်(၂၅) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ အမှတ်(၃၅) လုံခြုံရေး ရဲတပ်ဖွဲ့ခွဲများမှ လုံခြုံရေးအင်အား တိုးမြှင့်ချထားကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုများအား သန့်ရှင်းရေးဆောင်ရွက်

**မကွေး ဩဂုတ် ၂၇**

ဩဂုတ် ၂၄ ရက် ညနေပိုင်းက လှုပ်ခတ်ခဲ့သော ငလျင်ကြောင့် မကွေးတိုင်းဒေသကြီးအတွင်း မြို့နယ်များမှ တန်ခိုးကြီးဘုရားစေတီကြီးများ ထိခိုက်ပျက်စီးမှုနည်းသော်လည်းစေတီငယ်များ၊ အရန်စေတီများပျက်စီးကာ သက်တမ်းကြာမြင့်သည့် အဆောက်အအုံဟောင်းအချို့ ကျိုးပဲ့အက်ကွဲခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ထိုသို့ဖြစ်ပေါ်မှုကြောင့် တိုင်းဒေသကြီးအတွင်းရှိ ရဲတပ်ဖွဲ့များအနေဖြင့် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့မှုများအား မိမိတို့မြို့နယ်များအလိုက် သန့်ရှင်းရေးဆောင်ရွက်ခဲ့ရာ ပခုက္ကူမြို့နယ်ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူး စည်သူမောင်ဦးစီးသည့် ရဲတပ်ဖွဲ့ဝင် ၂၈ ဦးတို့က အမှတ်(၆)ရပ်ကွက် ကုသိန္နာရုံတောင်ရှိ ဆုတောင်းပြည့်စေတီ အာရုံခံတန်ဆောင်းမြင့်မိုရ်ပေါ်မှ ကွာကျနေသော အုတ်ချပ်များ၊ လောင်တိုက်တော်အဆောင်တွင်းပြုတ်ကျနေသော သစ်သားတန်းများအား ဖယ်ရှားရှင်းလင်းခြင်းများ ဩဂုတ် ၂၅ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အလားတူ ဩဂုတ် ၂၆ ရက်တွင် မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် လယ်ကိုင်းနယ်မြေရဲစခန်းမှ ရဲအုပ်အောင်နိုင်ဦးနှင့်တပ်ဖွဲ့ဝင်များက ကျောင်းတော်ရာဘုရားဝင်းအတွင်းရှိ ပြုတ်ကျနေသည့် ပန်းဆွဲနှင့် အုတ်ကျိုး၊ အုတ်ပဲ့များကိုလည်းကောင်း၊ စလင်းမြို့နယ် ဆင်ဖြူကျွန်း နယ်မြေရဲစခန်းမှ ရဲအုပ်မြင့်ဆန်းဦးစီးသည့် တပ်ဖွဲ့ဝင်များသည် ခလရ (၂၅၃)တပ်ရင်းမှူးဦးစီးသည့် တပ်မတော်သားများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ မြောက်ချောင်းဖြူကျေးရွာရှိ ဖောင်တော်ဦးဘုရား၊ ကျောင်းကုန်းကျေးရွာရှိ မဟာမုနိဘုရားဝင်းတို့တွင် စိန်ဖူးတော်မြေခမှုနှင့် စေတီတော်မှ ပြိုကျပျက်စီးခဲ့သည့် အုတ်ကျိုး၊ အုတ်ပဲ့များကိုလည်းကောင်း ဖယ်ရှားရှင်းလင်းကာ သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**



## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဩဂုတ် ၁၆ ရက်မှ ဩဂုတ် ၂၂ ရက်အထိ ထွက်ရှိသောစာအုပ်စာရင်း

*ယမန်နေ့မှအဆက်*

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၃၆ | ပညာ့အလင်းပြ စာတည်းအဖွဲ့ | ဓမ္မစကြာပါဠိတော် + မဟာသမယသုတ်ပါဠိတော် | ၅၀၀ိ/- | ပညာအလင်းပြစာပေ |
| ၃၇ | ပညာ့အလင်းပြ စာတည်းအဖွဲ့ | ပရိတ်ကြီး ၁၁ သုတ်ပါဠိတော် + ပဋ္ဌာန်းပါဠိတော် | ၅၀၀ိ/- | ပညာအလင်းပြစာပေ |
| ၃၈ | မောင်ကိုကို(အမရပူရ) | ခေတ်ပြိုင်ပန်းချီဆရာများ | ၃၀၀၀ိ/- | ရှုဝံစာပေ |
| ၃၉ | ဒေါက်တာစိုးနန္ဒထက် | ချစ်သော ကမ္ဘာမှာ... | ၂၀၀၀ိ/- | ရှင်မတောင်စာပေ |
| ၄၀ | ကလောင်စုံ | သမ္မတသစ်ထုဆစ်ရမည့် အနာဂတ်နိုင်ငံတော်နှင့် အခြားဆောင်းပါးများ | ၂၅၀၀ိ/- | ဦးသန်းဖြိုးစာပေ |
| ၄၁ | သခင်မြတ်ဆိုင်(ဦးအောင်) | လူသေလူဖြစ်ပြဿနာ | ၂၅၀၀ိ/- | အဓိပတိစာပေ |
| ၄၂ | ဒေါက်တာစိုးနန္ဒထက် | အသက် ၃၀ ကျော်တဲ့အခါ | ၂၀၀၀ိ/- | ရှင်မတောင်စာပေ |
| ၄၃ | သိန်းလွင်(ပြည်ပပို့ကုန်) | ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းစဉ်နှင့် ရွေးချယ်ဆုံးဖြတ်ခြင်းဆိုင်ရာလမ်းညွှန် | ၃၀၀၀ိ/- | wisdom house |
| ၄၄ | ကလောင်စုံ | အာဏာသစ်လား အာဏာဟောင်းလား | ၂၀၀၀ိ/- | ယဉ်မျိုးစာပေ |
| ၄၅ | သင့်လူ | နူးညံ့စိတ်ထားနှလုံးသား | ၄၆၀၀ိ/- | ကံ့ကော်ဝတ်ရည် |
| ၄၆ | ဆူးသစ်နီ | ဒီနေ့ဂျာမနီ | ၄၀၀၀ိ/- | ယဉ်မျိုးစာပေ |
| ၄၇ | မောင်သန်းဆွေ(ထားဝယ်) | မြန်မာ့ရိုးရာ နတ်ယုံကြည်မှုဓလေ့ (ဒုတိယတွဲ) | ၇၀၀၀ိ/- | ကံ့ကော်ဝတ်ရည်စာပေ |
| ၄၈ | လူထုစိန်ဝင်း | စဉ်းစားတတ်အောင် ပညာသင်ပါ | ၁၅၀၀ိ/- | ပင်ဝါးရုံစာပေ |
| ၄၉ | ပန်းချီ-မျိုးမာန် | A to Z ပုံပြင်များ (၁) | ၁၅၀၀ိ/- | မြင့်မိုရ်စာပေ |
| ၅၀ | ဒေါက်တာသက်ဦး | ထိုင်ခုံမက်ရင် အသက်တိုမယ်(ကျန်းမာရေးဆောင်းပါးများ) | ၂၅၀၀ိ/- | တိုးမြစ်စာပေ |
| ၅၁ | KATHLEEN KUIPER | The 100 Most Influential Woman Of All Time | ၃၅၀၀ိ/- | Gold စာပေ |
| ၅၂ | DONALD J. TRUMP Meredit Mciver | TRUMP NEVER GIVE UP | ၃၀၀၀ိ/- | Gold စာပေ |
| ၅၃ | နေရီရီ စာတည်းအဖွဲ့ | ပင်လုံစာချုပ်ဦးအောင်ဆန်း၏ လမ်းညွှန်မှုခုနစ်ချက် တောင်ကြီးညီလာခံနှင့် ဖက်ဒရယ်မူ | ၂၅၀၀ိ/- | နေရီရီစာပေ |
| ၅၄ | တင်မောင်ယု | အာရှနယ်ပယ်ဝါးတွင်ကျယ်(ဗီယက်နမ်နိုင်ငံ) | ၁၅၀၀ိ/- | မိတ်ဆွေများစာပေ |
| ၅၅ | Saya Harry Khoo | ပျော်ရွှင်အောင်မြင်ဂရမ်မာသင်နှင့် ဝေါဟာရ | ၂၀၀၀ိ/- | Saya Harry Htoo စာပေ |
| ၅၆ | အသျှင်ဝါသဝ | ရခိုင်ဝေါဟာရအဘိဓာန်ကျမ်း အတွဲ-၃ | ၈၀၀၀ိ/- | ဟိန်းထက်စာပေ |
| ၅၇ | U.SANDAMUNI | Origin and Development Of Arakanese Script | ၂၀၀၀၀ိ/- | ဟိန်းထက်စာပေ |
| ၅၈ | ကံလှ(ငါန်းဇွန်) | မျက်မှောက်ကာလမြေယာပြဿနာများ ဆောင်းပါးပေါင်းချုပ် | ၁၀၀၀၀ိ/- | ဦးကံလှစာပေ |
| ၅၉ | သိပ္ပံမောင်ဝ | ရွာကျက်သရေနှင့် အခြားဝတ္ထုတိုများ | ၁၀၀၀ိ/- | The key collection |
| ၆၀ | ဒေါက်တာ ခင်မောင်အေး(နှလုံး) | နှလုံးအားပြတ်ခြင်းဆိုသည်မှာ မေး-ဖြေ ၁၀၀ | ၃၀၀၀ိ/- | တူဒေးစာပေ |
| ၆၁ | KHIN MAUNG SAW | BEHIND THE MASK THE TRUTH BEHIND THE NAME “ROHINGYA” | ၅၀၀၀ိ/- | ဦးမြကြိုင်စာပေ |
| ၆၂ | သော်ဇင်အုန်း ကေဇော်မိုး | လရောင်ဖြူ ရသစာစဉ်(၂) | ၂၀၀၀ိ/- | အဖြူရောင်စာပေ |
| ၆၃ | ရန်အောင် | တစ်ပိုလ်ဆင်းတစ်ပိုလ်တက်နှင့် အခြားဆောင်းပါးများ | ၁၅၀၀ိ/- | ရန်အောင်စာပေ |
| ၆၄ | ဒေါက်တာ ခင်မောင်ဝင်း(သချာ်) | ဖွံ့ဖြိုးဆဲနိုင်ငံများ၏ သိပ္ပံနှင့် ပညာရေးဆိုင်ရာဆွေးနွေးပွဲ အတွေ့အကြုံများ | ၁၀၀၀ိ/- | ရန်အောင်စာပေ |
| ၆၅ | မောင်သာချို | ဒါလား နိုင်ငံတော်သမ္မတ | ၂၀၀၀ိ/- | လင်းလွန်းခင်စာပေ |
| ၆၆ | အောက်တိုဘာ အောင်ကြီး | ကလေးများအတွက် ဆယ်နှစ်လရာသီ ပန်းချီ | ၃၀၀ိ/- | ရွှေပဒေသာစာပေ |
| ၆၇ | မောင်ဆန္ဒ | ကလေးတို့ဖတ်ဖို့ မင်္ဂလာပုံပြင်များ -၂ | ၃၀၀ိ/- | ရွှေပဒေသာစာပေ |
| ၆၈ | သွန်းနေစိုး | ပြည့်တန်ဆာဟုအမည်တွင်သူများအကြောင်း | ၂၀၀၀ိ/- | ပေါက်စာပေ |
| ၆၉ | လမင်းမိုမို | ကျွန်မမရှိတော့တဲ့အခါ | ၂၅၀၀ိ/- | တကောင်းစာပေ |
| ၇၀ | ဥပဒေသုတေသီ ခင်ဝင်းမြင့် | မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နည်းဥပဒေ | ၁၀၀၀ိ/- | ရှုတိုင်းယဉ်စာပေ |
| ၇၁ | လူသာမန် | သူတို့ဘာလို့စာမဖတ်ကြတာလဲ | ၂၅၀၀ိ/- | စံပယ်စာပေ |
| ၇၂ | ဒေါက်တာစိုးလွင် | တိတ်တိတ်ပုန်းအပျိုစင် သို့မဟုတ် လျှို့ဝှက်အိမ်ထောင်ရှင်နှင့် စပ်စပ်စုစု ဆန်းဆန်းပြားပြားမတို့ရဲ့မေးခွန်းများ | ၃၅၀၀ိ/- | စိုးဇင်စာပေ |
| ၇၃ | တက္ကသိုလ်စိန်တင် | ရိုးသားကြိုးစား၍ သန်းကြွယ်သူဌေးကြီးဖြစ်လာသည့် မုံရွာဦးသိန်းထိုက်၏ဘဝခရီးနှင့်အောင်မြင်နည်း အတွေ့အကြုံများ | ၃၀၀၀ိ/- | အားမာန်သစ်စာပေ |
| ၇၄ | Aung Myint | Microsoft Office Word 2010 | ၃၆၀၀ိ/- | အောင်မြင်စာပေ |
| ၇၅ | Aung Myint | Microsoft Office Access 2016 | ၄၀၀၀ိ/- | အောင်မြင်စာပေ |
| ၇၆ | မောင်မြင့်ဇော် | သုတေသနအားဖြင့် ပြောဆိုရန်လိုအပ်သဖြင့် တင်ပြခြင်း | ၃၀၀၀ိ/- | ဝဝန်စာပေ |
| ၇၇ | မောင်မောင်မြင့် | (၁၉)ရာစု အင်္ဂလိပ်-မြန်မာစစ်ပွဲများနှင့် အဖြုန်း၊ အရှုံးအဆုံး | ၂၀၀၀ိ/- | GPG စာပေ |
| ၇၈ | ဖြိုးသုတ | စိတ်အာဟာရ အတွေးလက်ဆောင်စာစုများ-၂ | ၂၅၀၀ိ/- | ကိုဆွေ(ပန်းနိုရားမား) စာပေ |
| ၇၉ | ပိုင်သစ်နွယ် | မမ | ၁၀၀၀ိ/- | နှင်းဆီနီစာပေ |
| ၈၀ | အေးမွန် | အချစ်အကြောင်း | ၂၀၀၀ိ/- | GPG စာပေ |
| ၈၁ | ညွှန့်ညွှန့် | သမုဒ္ဒရာအနီးသို့ချဉ်းကပ်ခြင်း | ၇၀၀ိ/- | သုတေသီ ဦးဝင်းမောင် |
| ၈၂ | မောင်သစ်ဝေ(မြင်းခြံ) | မနက်ခင်းတသုန်သုန်မှာမိသံလွင်နဲ့ဂီတတွေပွင့်ခဲ့တယ် | ၂၀၀၀ိ/- | နှစ်ကာလများစာပေ |
| ၈၃ | တင်နိုင်တိုး | ပန်းချီပုံတူအဆွဲခံသည့် နိုင်ငံတော်သမ္မတနှင့် တစ်ပိုင်းတစ်စသမိုင်းစာမျက်နှာများ | ၂၅၀၀ိ/- | ကျော်မွှေးစာပေ |
| ၈၄ | | FASHION Designer’s Handbook | ၂၅၀၀ိ/- | Saimon Publishing |
| ၈၅ | ဗျူး၊ ကာတွန်း-ဇော်ပိုင် | အနန္တောအနန္တငါးပါး | ၂၅၀၀ိ/- | ဗျူးစာပေ |
| ၈၆ | ကလောင်စုံ | Time Study | ၃၀၀၀ိ/- | |
| ၈၇ | ဂျာကြီး | ၂၁ ရာစု မန်နေဂျာ | ၂၃၀၀ိ/- | စိတ်ကူးချိုချို |
| ၈၈ | | အသက်အရွယ်အလိုက်တစ်သက်တာ ကျန်းမာရေး - စာပေါင်းစု | ၆၀၀၀ိ/- | ပြည့်နှလုံးသား |
| ၈၉ | ဝင်းသိန်းဦး | နည်းဗျူဟာမြောက် ဈေးကွက်ဖော်ဆောင်ခြင်း | ၂၀၀၀ိ/- | Future Publishing House |
| ၉၀ | | မြန်မာ့မော်ဒန်ပန်းချီဒုတိယမျိုးဆက်ကို ဦးဆောင်သူများ ဝင်းဖေ၊ ပေါ်ဦးသက်ခင်မောင်ရင် | ၁၅၀၀၀ိ/- | နေရီရီ |

# ပြင်သစ်နိုင်ငံတွင် အပူလှိုင်းကျရောက် ပါရီမြို့တွင် အပူရှောင်စခန်းများဖွင့်လှစ်



**ပါရီ ဩဂုတ် ၂၇**

ပြင်သစ်နိုင်ငံသည် အပူလှိုင်းဒဏ်ကို ဩဂုတ် ၂၅ ရက်အထိ ဆိုးရွားစွာ ခံစားခဲ့ရကြောင်း သတင်းများအရ သိရသည်။ ရာသီဥတုခန့်မှန်းသူများက အပူချိန် သည် ၃၀ ဒီဂရီ ဆဲလ်စီယပ်အထိမြင့်တက်ခဲ့ကြောင်းပြောကြားခဲ့သည်။ ထို့ပြင် နေ့အချိန်များတွင် သက်ကြီးရွယ်အိုများကို အိမ်ထဲတွင်သာနေထိုင်ရန်သတိပေးမှုများ ပြုလုပ်ခဲ့သည်။

အင်္ဂါနေ့ကတည်းက မြင့်တက်လာသောအပူချိန်သည် ဩဂုတ် ၂၆ ရက်အထိ ဆက်လက်မြင့်တက်ခဲ့ကြောင်း မိုးဇလဌာနမှအရာရှိများက မိုးလေဝသသတင်းများတွင် ဖော်ပြခဲ့ကြသည်။

အင်္ဂါနေ့က ပါရီဒေသအပါအဝင် အခြားဒေသ ၂၂ ခုတွင် အပူလှိုင်းနှင့်ပတ်သက်ပြီး လိမ္မော်ရောင်အဆင့်သတိပေးချက်ထုတ်ပြန်ခဲ့သည်။ အပူချိန်သည် ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းတွင် ၁၁ ဒီဂရီအထိကျဆင်းခဲ့ပြီး ယင်းနေ့ နေ့လယ်ပိုင်းတွင် ၃၇ ဒီဂရီထိ တိုးလာကြောင်း သက်ဆိုင်ရာဌာနမှ ပြောကြားသည်။

ပြင်သစ်နိုင်ငံအနှံ့အပြားတွင် အပူလှိုင်းနှင့်ပတ်သက်ပြီး နောက်တစ်ဆင့် အဝါရောင်အဆင့်သတိပေးမှုကို ထုတ်ပြန်ခဲ့ရသည်။ ကျေးလက်ဒေသများတွင် ကျေးလက်အပူချိန်သည် ၁၈ ဒီဂရီဆဲလ်စီယပ်မှ ၂၀ ဒီဂရီဆဲလ်စီယပ်၊ ယင်းမှ တစ်ဆင့် ၃၅ ဒီဂရီဆဲလ်စီယပ်မှ ၃၈ ဒီဂရီဆဲလ်စီယပ်အထိရှိလာ၍ သတိထားရမည့် အနေအထားဖြစ်ကြောင်း ဖော်ပြခဲ့သည်။

အင်္ဂါနေ့က မြင့်တက်ခဲ့သော မှတ်တမ်းတင်အပူချိန်များမှာ အနောက်ဘက် ရန်နက်စ်တွင် ၃၄ ဒီဂရီဆဲလ်စီယပ်၊ နန်တက်စ်၊ ကော့နက်စ်၊ ဘော်ဒိုးတို့တွင် ၃၅ ဒီဂရီဆဲလ်စီယပ်၊ မွန်တီမာဆန်တွင် ၃၆ ဒီဂရီဆဲလ်စီယပ်အထိဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အပူလှိုင်းလိမ္မော်ရောင်အဆင့် သတိပေးမှုများကို နိုင်ငံမြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းဒေသများတွင် အပူချိန်မြင့်မားမှုဖြစ်ပေါ်နိုင်သောကြောင့် လည်းကောင်း၊ ယင်းဒေသရှိ ပြည်သူများမှာ အခြားဒေသရှိ လူများလောက် အပူချိန်ကို ခံနိုင်မှု မရှိခြင်းတို့ကြောင့်လည်းကောင်း သတိပေးမှုထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း သက်ဆိုင်ရာ အာဏာပိုင်များက ဆိုကြသည်။

မြို့တော်ပါရီ အနီးဝန်းကျင်ဒေသများတွင် အပူချိန်မှ အမြင့်အဆင့်သို့ ရောက်ရှိခဲ့ရာ သက်ဆိုင်ရာ အာဏာပိုင်များက အရေးပေါ်တယ်လီဖုန်းလိုင်းများကို ထားရှိပြီး အပူရှောင်စခန်းများကို ချက်ချင်းစီစဉ်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ပြင်သစ်နိုင်ငံအတွင်း အပူလှိုင်းဖြတ်သန်းခြင်းမှာ ယခုနှစ်တွင် ဒုတိယ အကြိမ်ရှိပြီဖြစ်ကြောင်း သိရသည်။

၂၀၀၃ ခုနှစ်တွင်ဖြစ်ပေါ်ခဲ့သော အပူလှိုင်းကြောင့် ပြင်သစ်နိုင်ငံတွင် အသက်ကြီး သူအများစုအပါအဝင် လူပေါင်း ၁၅၀၀၀ သေဆုံးသွားခဲ့သည်။

**(ဆင်ဟွာ)**

●



# ကုလသမဂ္ဂ၏လုပ်ငန်းများတွင် တရုတ်ကူညီပေးမည်ဟု ပြောကြား

**ပေကျင်း ဩဂုတ် ၂၇**

တရုတ်ဝန်ကြီးချုပ် လီခချန်းသည် ဩဂုတ် ၂၅ ရက်က (၇၁) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေအစည်းအဝေးပွဲကျင်းပ ရေးဥက္ကဋ္ဌ ပီတာသွမ်န်ဆင်န်နှင့်တွေ့ဆုံပြီး ကုလသမဂ္ဂ၏လုပ်ငန်း ဆောင်တာများတွင် ပါဝင်ကူညီရန် ပြောကြားလိုက်သည်။

ကမ္ဘာ့စီးပွားရေးနှေးကွေးလေးလံစွာ နာလန်ပြန်ထမှုနှင့် အတူ နိုင်ငံတကာအခြေအနေများမှာလည်း မသေချာမှုများ၊ ရှုပ်ထွေးမှုများနှင့် ရင်ဆိုင်နေရကြောင်း၊ ပထဝီနိုင်ငံရေးခြိမ်း ခြောက်မှုများ ကြီးထွားလာသကဲ့သို့ အကြမ်းဖက်ဆူပူမှုများ နှင့်လည်း ရင်ဆိုင်နေရကြောင်း၊ ထို့ပြင် ဒုက္ခသည်ဆိုင်ရာ အရေးကိစ္စများလည်းရှိသေးကြောင်း တရုတ်ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် ကုလသမဂ္ဂကို အပြည့်အဝ ကျားကန် မှုများ ပြုလုပ်ပေးမည်ဖြစ်ပါကြောင်း လီက သွမ်န်ဆင်န်ကို ပြောကြားခဲ့သည်။

ကုလသမဂ္ဂတွင် တရုတ်နိုင်ငံ၏ပါဝင်မှုကို ထိန်းသိမ်း လာသည်မှာ ၄၅ နှစ်မြောက်ရှိပြီဖြစ်ကြောင်း၊ တရုတ်နိုင်ငံ သည် ကုလသမဂ္ဂနှင့်ပူးပေါင်းပြီး နိုင်ငံတကာစနစ်များကို ထိန်းသိမ်းခဲ့ကြောင်း စသည်ဖြင့် ဝန်ကြီးချုပ်လီက ပြောကြား ခဲ့သည်။

တရုတ်သည်ကုလသမဂ္ဂ၏ လုပ်ပိုင်ခွင့်ကို ကာကွယ် ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း၊ ဖြစ်ပေါ်လာသော အခြေ အနေအလိုက် ကုလသမဂ္ဂ၏ လုပ်ငန်းဆောင်တာများတွင် ပူးပေါင်းသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြား ခဲ့သည်။

လွန်ခဲ့သည့်နှစ်က ကုလသမဂ္ဂ အစည်းအဝေးတွင် စတင်ခဲ့သည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ၂၀၃၀ လုပ်ငန်းစဉ်ကို လည်း ထောက်ခံမှုပြုပါကြောင်း၊ ယင်းစဉ်ဆက်မပြတ် ဖွံ့ဖြိုး မှု ၂၀၃၀ လုပ်ငန်းစဉ်တွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးရည်မှန်း ချက် ၁၇ ချက် ပါဝင်ရုံသာမက မျှော်မှန်းချက် ၁၆၉ ခု လည်း ပါဝင် ကြောင်း၊ ယင်းလုပ်ငန်းစဉ်သည် လာမည့် ၁၅ နှစ်အတွင်း ကမ္ဘာကြီးကို ဆင်းရဲတွင်းမှ ကယ်တင်မည့် လမ်းပြမြေပုံပင် ဖြစ်ပါကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကမ္ဘာပေါ်တွင် တရုတ်သည် အင်အားတောင့်တင်း ခိုင်မာသောနိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုများနှင့် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးဖော် ဆောင် ရာတွင် အရေးကြီးသော အခန်းကဏ္ဍမှပါဝင်ကြောင်း သွမ်န်ဆင်န်က ပြောကြားခဲ့သည်။ ကုလသမဂ္ဂအနေဖြင့် တရုတ် ၏ ကာလရှည်ကြာ ကူညီထောက်ပံ့မှုများကိုလည်း အသိအမှတ် ပြုပါကြောင်း၊ ထို့ပြင် ကုလသမဂ္ဂအနေဖြင့်လည်း တရုတ် နိုင်ငံနှင့်ဆက်ဆံရေး ကောင်းသည်ထက်ကောင်းအောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

စက်တင်ဘာလတွင် စတင်တာဝန် ထမ်းဆောင်သည့် သွမ်န်ဆင်န်သည် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဝမ်ယိ၏ဖိတ်ကြားမှုဖြင့် တရုတ်နိုင်ငံသို့ ကြာသပတေးနေ့မှ စနေနေ့အထိ အလည်အပတ်ရောက်ရှိနေကြောင်း သိရသည်။

**(ဆင်ဟွာ)**

## တရုတ်နိုင်ငံတွင် တယ်လီကွန်းအရှုပ်တော်ပုံနှင့်ပတ်သက်ပြီး လူနှစ်ဦးအားဖမ်းဆီး

**ကျိနန် ဩဂုတ် ၂၇**

တရုတ်နိုင်ငံ ရှန်ဒေါင်းပြည်နယ် အရှေ့ဘက်တွင် ဆက်သွယ်ရေးအရှုပ်တော်ပုံနှင့် ပတ်သက်ပြီး လူနှစ်ဦးအား ဖမ်းဆီးလိုက်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

အသက် ၁၈ နှစ်အရွယ် ဆူယူယူ သေဆုံးမှုကို မီဒီယာများတွင် ဖော်ပြခဲ့ပြီးနောက် ထိုအရှုပ်တော်ပုံကို ပြည်သူလူထုက စိတ်ဝင်စားလာခဲ့ခြင်းဖြစ်သည်။

ဆက်သွယ်ရေးအရှုပ်တော်ပုံတွင် ဆူယူယူသည် ၎င်း၏ ကျူရှင်လခ အမေရိကန်ဒေါ်လာ ၁၄၄၀ ဆုံးရှုံးခဲ့ကြောင်း ဖော်ပြခဲ့သည်။ ၎င်းသည် ဩဂုတ် ၁၉ ရက်က နှလုံးရပ်တန့်ပြီး သေဆုံးသွားခဲ့သည်။

ထိုဖြစ်ရပ်ဖြစ်ပွားသောနေရာနှင့် အနည်းငယ်လှမ်းသော အခြားနေရာတွင်လည်း နောက်ထပ်ကျောင်းသားတစ်ဦးဖြစ်သည့် ဆောင်ကျန်နင်းသည် ပထမနည်းလမ်းအတိုင်း သေဆုံးခဲ့ကြောင်း၊ ၎င်းသည်လည်း အခြားအလားတူ အရှုပ်တော်ပုံတစ်ခုတွင် ငွေများဆုံးရှုံးခဲ့ကြောင်း ဖော်ပြခဲ့သည်။ ထို့ပြင် နောက်ထပ် တတိယမြောက် အလားတူဖြစ်ရပ်တစ်ခုလည်း ရှန်ဒေါင်းပြည်နယ် အရှေ့ဘက်ရှိ မြို့တစ်မြို့တွင် ဖြစ်ပွားခဲ့ကြောင်း ဖော်ပြခဲ့သည်။

**(ဆင်ဟွာ)**

# မြောက်ကိုရီးယား၏ဒုံးလက်နက်စမ်းသပ်ပစ်လွှတ်မှု ကုလသမဂ္ဂလုံခြုံရေးကောင်စီရှုတ်ချ

**ဂျိနီဗာ ဩဂုတ် ၂၇**

လွန်ခဲ့သောနှစ်လကျော်ကတည်းက ပြုလုပ်နေခဲ့သည့်မြောက်ကိုရီးယား၏ ဒုံးလက်နက်စမ်းသပ်ပစ်လွှတ်ခြင်းကို ကုလ သမဂ္ဂလုံခြုံရေးကောင်စီက ပြင်းထန်စွာဝေဖန်လိုက်ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဩဂုတ် ၂၆ ရက်ကဖော်ပြ ခဲ့သည်။ သောကြာနေ့က ပြုလုပ်ခဲ့သော အရေးပေါ်အစည်းအဝေးတွင် အဖွဲ့ဝင် ၁၅ နိုင်ငံက တစ်ပြိုင်နက်တည်း ကြေညာချက် တစ်ခုကိုထုတ်ပြန်ခဲ့သည်။ ယခုအပတ်အစောပိုင်းတွင် မြောက်ကိုရီးယား၏ ဒုံးလက်နက်စမ်းသပ်မှုပြုလုပ်ပြီးနောက် ထိုသို့ ကြေညာချက်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ယခုအပတ်အစောပိုင်းတွင် စမ်းသပ်လိုက်သော ဒုံးကျည်သည် ဂျပန်ပင်လယ်ထဲသို့ မကျမီ ကီလိုမီတာ ၅၀၀ခန့် ပျံသန်းခဲ့ကြောင်း သိရသည်။

အဆိုပါကြေညာချက်တွင် မြောက်ကိုရီးယား၏ ဒုံးလက်နက်စမ်းသပ်လုပ်ဆောင်မှုများသည် တင်းမာမှုများကို မြင့်တက် စေကြောင်းဖော်ပြခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံအနေဖြင့် နျူကလီးယားလက်နက်စမ်းသပ်ခြင်းအပါအဝင် ထိုကဲ့သို့ ဖျက်အားပြင်း နျူနည်းပညာများကို စမ်းသပ်မှုမပြုဘဲရှောင်ကြဉ်ရမည်ဖြစ်ကြောင်း၊ ထို့အပြင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များကိုလည်း လိုက်နာရမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

အဆိုပါကြေညာချက်က မြောက်ကိုရီးယား၏ ဒုံးလက်နက်စမ်းသပ်ခြင်းကိုဆန့်ကျင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ယင်းဆုံးဖြတ်ချက်များကို အပြည့်အဝ အကောင်အထည်ဖော်ရန် စွမ်းစွမ်းတမံကြိုးစားဆောင် ရွက်ကြရန်လိုကြောင်း တိုက်တွန်းထားသည်။ **(အင်န်အိတ်ချ်ကေ)**



**လျှင်လှုပ်ခြင်းကြောင့် မြန်မာနိုင်ငံ၏ ပုံရိပ်အပေါ်ဆိုးရွားသွားမည့်အခြေအနေ မရှိနိုင်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ ဈေးကွက်ရောင်းချနေသည့် အဖွဲ့အစည်းများအား ရှင်းလင်းချက်များ ယမန်နေ့က ထုတ်ပြန်ခဲ့ပါကြောင်း၊ ပုဂံတွင် ခရီးစဉ်ဒေသကို အန္တရာယ်မရှိအောင် လမ်းညွှန်များ လုပ်ထားပါကြောင်း၊ နိုင်ငံခြားသားများကိုလည်း ချက်ချင်းသတင်းပေးနိုင်ရန် ဘာသာစကားကျွမ်းကျင်သူနှင့် သတင်းအချက်အလက်များ ထုတ်ပြန်ပေးထားပါကြောင်း၊ ပုဂံလျှင်လှုပ်ခြင်းကြောင့် မကြာခင် ရောက်လာမည့် ခရီးသွားရာသီတွင် ကြီးမားသည့် ဆုံးရှုံးထိခိုက်မှု၊ ခရီးသည်လျော့ပါးသွားမှုမရှိနိုင်**

*စာမျက်နှာ ၈ မှ*

ထားသည်ကို သိလိုကြောင်း မေးမြန်းမှုကို ဖြေကြားရာတွင် မြန်မာနိုင်ငံ၏ သာယာလှပမှုကို အများသိအောင် ကြေညာရမည်ဖြစ်ပါကြောင်း၊ လူများများသိအောင် လုပ်နိုင်လေ အကျိုးကျေးဇူးအဖြစ် နိုင်ငံခြားသား ခရီးသွားဧည့်သည် များများလာမည်ဖြစ်ပါကြောင်း။

**ဝန်ကြီးဌာနက လုပ်ဆောင်နေ**

ထိုသို့ လုပ်ရန်အတွက် မီဒီယာများ၊ တီဗွီများ၊ ရုပ်သံလွှင့်တို့မှ ကြေညာခြင်းများ၊ တခြားနိုင်ငံများ၌ လိုက်လံ၍ Promotion လိုက်လံဆွေးနွေးဟောပြောခြင်းများ၊ တခြားနိုင်ငံတို့၌ ကျင်းပသည့် ခရီးသွားမြေပုံများ၊ Travel Show များ သွားပြခြင်းတို့အားလုံးအများကြီး လုပ်ရမည်ဖြစ်ပါကြောင်း၊ ဒီလုပ်ငန်းစဉ်အားလုံးကို ဝန်ကြီးဌာနက လုပ်ဆောင်နေပါကြောင်း၊ ယခင်ကလည်း လုပ်ခဲ့ပြီး ယခု ဒီထက်တိုး၍ လုပ်နေပါကြောင်း၊ အချိန်တစ်ခု ရောက်လာသည့်အခါ မြန်မာအကြောင်း ကမ္ဘာက များများသိပြီး ဧည့်သည်များပိုလာမည် ဖြစ်ပါကြောင်း။

**ကြိုတင်ပြင်ဆင်ရမည့် လုပ်ငန်းများ**

ကြိုတင်ပြင်ဆင်ရမည့်လုပ်ငန်းများမှာ ဧည့်သည်များများလာမည် ဖြစ်သည့်အတွက် အိမ်သာ၍ ဧည့်လာခြင်းဖြစ်သဖြင့် အိမ်ရှင်နိုင်ငံကလည်း မိမိ၏ တာဝန်ဝတ္တရားများ ကျေပွန်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံခြားသားများတွင်သာ do and don’t မဟုတ်ဘဲ ပြည်သူများဘက်ကလည်း နိုင်ငံခြားသားများအပေါ် နွေးထွေးပျူငှာသည့်၊ ဧည့်ဝတ်ကျေပွန်သည့် လုပ်ငန်းစဉ်များရှိရန်အတွက် လုပ်ရမည့်အပြင် နိုင်ငံခြားသားများနေထိုင်မည့် ဟိုတယ်များ၊ မော်တော်ကားများ၊ လေယာဉ်ပျံများ၊ စားမည့်စားသောက်ဆိုင်များကလည်း အကောင်းဆုံးသော ဝန်ဆောင်မှုများပေးနိုင်ရန် လုပ်ရဦးမည်ဖြစ်ပါကြောင်း၊ Quality Service များ ဖြစ်ရန်အတွက် သင်တန်းများပေးခြင်း၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန် လုပ်ရမည်ဖြစ်ပါကြောင်း၊ တချို့သောနေရာများတွင် သက်ဆိုင်ရာ Facility များ ဖြည့်စွက်ပေးရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနတစ်ခုတည်း လုပ်လို့ရသည် မဟုတ်ဘဲ ဆက်စပ်နေသည့် ဌာနများအားလုံးနှင့် ပေါင်းစပ်လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**ဝန်ကြီးဌာနတွင် ဓာတ်လှေကားတပ်ဆင်ထားမှု**

ဝန်ကြီးဌာနတွင် ဓာတ်လှေကားတပ်ဆင်ထားမှုနှင့်ပတ်သက်၍ သိလိုကြောင်း မေးခွန်းနှင့်ပတ်သက်၍ ညွှန်ကြားရေးမှူးချုပ် ဦးတင့်သွင်က ယနေ့ ဓာတ်လှေကားများ၊ စက်လှေကားများသည် နိုင်ငံတကာတွင် အလွယ်တကူအသုံးပြုနေသည့် Facility များပင် ဖြစ်ပါကြောင်း၊ ယင်းသို့ တပ်ဆင်မှုအတွက် ဘတ်ဂျက်တွင် မပါဝင်ပါကြောင်း၊ သို့သော် လုပ်ငန်းဆောင်ရွက်နိုင်ရန် အလှူရှင်ပေါ်ပေါက်လာသည့်အတွက် အဆိုပါအဖွဲ့၏ လှူဒါန်းမှုဖြင့် တပ်ဆင်ရန် သက်ဆိုင်ရာ အထက်အဖွဲ့အစည်းများကို တင်ပြပြီး ခွင့်ပြုချက်အရ တပ်ဆင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ဓာတ်လှေကားသည် နိုင်ငံတော်ပိုင်တစ်နည်းအားဖြင့် ဝန်ကြီးဌာနပိုင်ပစ္စည်းအဖြစ် ဌာနပိုင်စာရင်းထဲထည့်သွင်းမည်ဖြစ်ကြောင်း၊ အလှူရှင်မှာ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအသင်းချုပ်က လှူဒါန်းခြင်းဖြစ်ပြီး ကုန်ကျငွေမှာ ခန့်မှန်းခြေ ဒေါ်လာသုံးသောင်းခန့် ဖြစ်ပါကြောင်း ဖြေကြားသည်။

**အခန်းများ ဆက်လက် ငှားရမ်းလုပ်ကိုင်နေ**

ကျိုက်ထီးရိုးစေတီတော်တွင် ရိုးရိုးလေးဟိုတယ်က ခွင့်ပြုချက်မဲ့ အဆောက်အအုံများ ဆောက်လုပ်ထားသည့်အတွက် လိုင်စင် ဖျက်သိမ်းထားသော်လည်း လက်ရှိတွင် အခန်းများ ဆက်လက်ငှားရမ်းလုပ်ကိုင်နေမှုကို သိရှိမှု ရှိ/မရှိနှင့် သိပါက ဘယ်လိုဆက်လက် အရေးယူမည်ဆိုသည်ကို သိလိုကြောင်းမေးမြန်းချက်ကို ညွှန်ကြားရေးမှူးချုပ် ဦးတင့်သွင်က ခွင့်ပြုချက်မယူဘဲ ဟိုတယ်ခန်းများ တိုးချဲ့ဆောက်လုပ်ထားခြင်းဖြစ်သည့်အတွက် လုပ်ငန်းလိုင်စင်ရုပ်သိမ်းလိုက်ခြင်းဖြစ်ပါကြောင်း၊ လုပ်ထုံးလုပ်နည်းအရ အကြောင်းကြားစာကို ရရှိသည့် တည်းခိုခန်း၊ ဟိုတယ်ပိုင်ရှင်က လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ လိုက်နာခြင်း ရှိ/မရှိကို ပြန်လည်စိစစ်မည်ဖြစ်ပါကြောင်း၊ မှန်ကန်ခြင်း ရှိ/မရှိ စိစစ်ပြီး လိုက်နာခြင်းမရှိပါက တွန်းအားပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**ခရီးသွားလာမှု တိုးတက်အောင် လုပ်ဆောင်ထားမှုများ**

ညွှန်ကြားရေးမှူးချုပ် ဦးတင့်သွင်က ပုဂံဒေသ၌ လျှင်လှုပ်မှုကြောင့် ဘုရားစေတီပုထိုးများ အတော်များများ ပြိုပျက်သွားသည့်အတွက် ခရီးသွားလာခွင့် အနေအထား ဘယ်လိုရှိမည်၊ မြန်မာနိုင်ငံသို့ ခရီးသွားလာမှု များပြားလာရန်အတွက် ဝန်ကြီးဌာနက ဘယ်လိုအဆင့်မြှင့်တင်ပြီး ခရီးသွားလာမှု တိုးတက်အောင် လုပ်ထားသည်ကို သိရှိလိုကြောင်း မေးခွန်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံ လျှင်သတင်းကို ပြည်ပတွင်လည်း အထိုက်အလျောက်စိတ်ဝင်စားမှု ရှိနိုင်ပါကြောင်း၊ သို့သော် ပြိုပျက်မှုမှာ ဥပမာ အီတလီနိုင်ငံနှင့် နှိုင်းယှဉ်လိုက်လျှင် မိမိတို့ တစ်ရက်တည်းနီးပါး လျှင်လှုပ်ခဲ့ပြီး ၎င်းတို့တွင် လူပေါင်းများစွာ သေဆုံးခဲ့သော်လည်း မိမိတို့တွင် ဆယ်ဂဏန်းကျော်သည်အထိ မဖြစ်ပေါ်ခဲ့သလို နိုင်ငံခြားသားသေဆုံးမှုလည်း ယခုအချိန်ထိ မရှိခဲ့ပါကြောင်း၊ လျှင်လှုပ်ခြင်းကြောင့် မြန်မာနိုင်ငံ၏ ပုံရိပ်အပေါ်ဆိုးရွားသွားမည့်အခြေအနေမရှိနိုင်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ ဈေးကွက်ရောင်းချနေသည့် အဖွဲ့အစည်းများအား ရှင်းလင်းချက်များ ယမန်နေ့က ထုတ်ပြန်ခဲ့ပါကြောင်း၊ ပုဂံတွင် ခရီးစဉ်ဒေသကို အန္တရာယ်မရှိအောင် လမ်းညွှန်များ လုပ်ထားပါကြောင်း၊ နိုင်ငံခြားသားများကိုလည်း ချက်ချင်းသတင်းပေးနိုင်ရန် ဘာသာစကားကျွမ်းကျင်သူနှင့် သတင်းအချက်အလက်များ ထုတ်ပြန်ပေးထားပါကြောင်း၊ ပုဂံလျှင်လှုပ်ခြင်းကြောင့် မကြာခင် ရောက်လာမည့် ခရီးသွားရာသီတွင် ကြီးမားသည့် ဆုံးရှုံးထိခိုက်မှု၊ ခရီးသည်လျော့ပါးသွားမှု မရှိနိုင်ဟု သုံးသပ်ပါကြောင်း။

**ဒေါ်လာ ၄၅ သန်းခန့်ကို ထောက်ပံ့ပေးမည့်အစီအစဉ်**

Culture Tourism တစ်ခုတည်းမကဘဲ Tourism Type များစွာ ရှိပါကြောင်း၊ တီထွင်နိုင်သလောက်ရှိနေသည့် ခရီးသွားများဖြစ်သည့်အတွက် တီထွင်နိုင်သလောက်သော ခရီးသွားလုပ်ငန်းစဉ်အားလုံးသည် နိုင်ငံအတွင်း၌ ဆောင်ရွက်နိုင်စွမ်းရှိပါကြောင်း၊ ADB သည် နောက်မကြာခင် ၂၀၁၈ နောက်ပိုင်းတွင် မြန်မာနိုင်ငံကို ခရီးသွားကဏ္ဍနှင့် ဆက်စပ်သည့် လုပ်ငန်းစဉ်များအားလုံးအတွက် ဒေါ်လာ ၄၅ သန်းခန့်ကို ထောက်ပံ့ပေးမည့် အစီအစဉ်များလည်း ကမ်းလှမ်းချက်များရှိပါကြောင်း ဖြေကြားသည်။

**ဝန်ကြီးဌာနအသစ်**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအယ်လ်တူးမိန်းဂေါင်က တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှာ အသစ်ဖြစ်သည့်အတွက် အခက်အခဲများ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ဝန်ကြီးဌာန၏ ပူးပေါင်းဆောင်ရွက်မှု၊ တိုင်းရင်းသားဒေသများတွင် ကလေးများတိုင်းရင်းသားဘာသာစကားကို တရားဝင်သင်ကြားခွင့်တို့နှင့်ပတ်သက်သည့် မေးခွန်းကို ဖြေကြားရာတွင် ဝန်ကြီးဌာနအသစ်ဖြစ်သည့်အတွက် ဝန်ထမ်းမရှိ၊ ဘတ်ဂျက်မရသေးစသည်ဖြင့် အခက်အခဲများရှိသော်လည်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးမှာ UPDJC အဖွဲ့ဝင်အဖြစ် ပါဝင်ပါကြောင်း၊ မွန်အမျိုးသားဝတ်စုံ ပေါ်ပေါက်လာရေးအတွက် ကမကထပြုလုပ်သည့်အဖွဲ့တွင်လည်း ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က အဓိကကျသည့်အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့ပါကြောင်း။

**တိုင်းရင်းသားစာပေ သင်ကြားခွင့်**

စာပေ၊ ယဉ်ကျေးမှုနှင့် ပတ်သက်ပြီး တိုင်းရင်းသားဒေသများမှာ ကလေးများတိုင်းရင်းသားစာပေသင်ကြားခွင့်မရရှိသည့်ကိစ္စနှင့်ပတ်သက်ပြီး ယနေ့ လွှတ်တော်တွင် မေးမြန်းသည့်အခါ ပညာရေးဝန်ကြီးဌာနက ဖြေကြားပြီး သက်ဆိုင်ရာ မီဒီယာများလည်း သိရှိပြီးဖြစ်ပါကြောင်း၊ ဒီကိစ္စကို ပညာရေးဝန်ကြီးဌာနက ထဲထဲဝင်ဝင်ဆောင်ရွက်နေပါကြောင်း၊ စိန်ခေါ်မှုများလည်း ရှိပါကြောင်း၊ မိမိတို့နိုင်ငံ၌ တိုင်းရင်းသားလူမျိုးများ အင်မတန်များပြားပါကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂ တွင် နိုင်ငံတော်သည် တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရမည်ဟု ပါရှိပြီးဖြစ်ပါကြောင်း။

**အများသုံးဘာသာစကား**

မြန်မာနိုင်ငံ၌ ဗမာစကားသည် အများသုံးဘာသာစကားဖြစ်ပါကြောင်း၊ မိမိသည် ကချင်လူမျိုး ဖြစ်ပါကြောင်း၊ အကယ်၍ မိမိ ဗမာစကား မတတ်လျှင် ယခုအခမ်းအနားသို့ လာရောက်၍ မရနိုင်ပါကြောင်း၊ မည်သူ့ကိုမှလည်း Communicate လုပ်လို့မရနိုင်ပါကြောင်း၊ တိုင်းရင်းသားလူငယ်လေးများ ပြည်ထောင်စုအတွင်း ဝင်ဆံ့လာနိုင်ရေးအတွက် အခြေခံပညာမူလတန်းအဆင့်တွင် စသင်ကြားသည့်အခါ ကျောင်းစာကို လိုက်နိုင်အောင်လုပ်ရပါကြောင်း၊ နဂိုကမှ ဗမာစကားမတတ်လျှင် ဘာသာရပ်ဆိုင်ရာ နားမလည်သည့်အတွက် ပိုဆိုးနိုင်ပါကြောင်း၊ မိမိတို့ မြန်မာလူမျိုးများ နိုင်ငံခြားသွားပြီး ပညာသင်သည့်အခါ ဘာသာရပ်ကို နားမလည်လျှင်၊ အင်္ဂလိပ်လို မတတ်လျှင် သင်ကြားရခက်ခဲသည့် သဘောမျိုးနှင့် အတူတူပင် ဖြစ်ပါကြောင်း၊ တိုင်းရင်းသားဘာသာစကားတတ်သည့် ဆရာမက ကလေးများအား သူတို့ဘာသာစကားဖြင့် သင်ကြားနိုင်သလို ဗမာလိုလည်း ညှပ်ပြောနိုင်မည်ဖြစ်ပါကြောင်း၊ ထိုအခါ ဗမာစကားကို နားရည်ဝပြီး မူလတန်းအဆင့်မှ အလယ်တန်းသို့ ဆက်တက်နိုင်ပါကြောင်း၊ ယင်းမှတစ်ဆင့် အင်္ဂလိပ်လို ဆက်သင်နိုင်မည်ဖြစ်ပါကြောင်း ဖြေကြားခဲ့သည်။

**(သတင်းစဉ်)**

## တိုင်းဒေသကြီးနှင့် ပြည်နယ် လက်ဝှေ့ပြိုင်ပွဲ၌ မဲကြီး(မန္တလေး)က အောင်ခန့်(ရန်ကုန်)ကို အလဲထိုးဖြင့်နိုင်

**သတင်း- မင်းခေတ်**

**ဓာတ်ပုံ- မိုးမခ**

**ရန်ကုန် ဩဂုတ် ၂၇**

(၁၄)ကြိမ်မြောက်ကျင်းပသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ရိုးရာလက်ဝှေ့ပြိုင်ပွဲ စတုတ္ထနေ့ပွဲစဉ်များကို ယနေ့မွန်းလွဲ ၂ နာရီတွင် သိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံ၌ ကျင်းပရာ (ဂ)အဆင့် ၇၅ ကီလိုတန်းသုံးချီပွဲတွင် မဲကြီး(မန္တလေး)က အောင်ခန့်(ရန်ကုန်)ကို ဒုတိယအချီ ၄၇ စက္ကန့်တွင် လက်ရည်မျှဒိုင်ပွဲရပ်အလဲထိုးဖြင့် အနိုင်ရကာ နောက်တစ်ဆင့်သို့ တက်လှမ်းသွားပြီဖြစ်သည်။

ယနေ့ကျင်းပသည့် လူသစ် ၆၀ ကီလိုတန်းပြိုင်ပွဲ၌ လင်းနိုင်(ကရင်ပြည်နယ်)နှင့် ဆလိုင်းချမ်းမြေ့ကို(ရန်ကုန်)တို့ ယှဉ်ပြိုင်ကစားရာ ဒုတိယအချီ ၁၂ စက္ကန့်တွင် ဆလိုင်းချမ်းမြေ့ကို ဘယ်ဒူးတိုက်ချက်ကြောင့် လင်းနိုင် အလဲထိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး ထက်ပိုင်စိုး(ပဲခူး)နှင့် မေနှင်းရိုင်း(မွန်ပြည်နယ်)တို့ပွဲတွင် ပထမအချီ စက္ကန့် ၄၀ မှာပင် မေနှင်းရိုင်းက အလဲထိုးဖြင့်အနိုင်ရခဲ့သည်။ လူသစ်တန်း ၆၃ ဒသမ ၅ ကီလိုပြိုင်ပွဲ၌ သန့်ဇင်ထွန်း(ကရင်ပြည်နယ်)နှင့် စောခဲမရယ်(ပဲခူး)တို့ပွဲတွင် ပထမအချီ ၁မိနစ် ၁၂ စက္ကန့်မှာပင် သန့်ဇင်ထွန်းက အလဲထိုးဖြင့်လည်းကောင်း၊ ဆောင်းကိုဦး(တနင်္သာရီ)နှင့် ဗိုလ်ခါချဉ်(မွန်ပြည်နယ်)တို့ပွဲတွင် သုံးချီပြည့်သည်အထိ တစ်ဦးနှင့်တစ်ဦး အလဲမထိုးနိုင်ခဲ့၍ အမှတ်ဖြင့် ဆုံးဖြတ်ရာ ဆောင်းကိုဦး အနိုင်ရခဲ့ပြီး လူသစ် ၆၇ ကီလိုတန်းပြိုင်ပွဲ၌ ထက်လင်း(ရန်ကုန်)နှင့် ချစ်ကို(မွန်)တို့ ယှဉ်ပြိုင်ရာ ပထမအချီ ၃၇ စက္ကန့်တွင် ထက်လင်းက အလဲထိုးဖြင့်လည်းကောင်း၊ မိုးဇာရွှေကျား(စစ်ကိုင်း)နှင့် စိန်မျိုးအောင် (ကရင်ပြည်နယ်)တို့ပွဲတွင် စိန်မျိုးအောင်က ပထမအချီ ၂ မိနစ် ၃၆ စက္ကန့်တွင် အလဲထိုးဖြင့်လည်းကောင်း အနိုင်ရခဲ့သည်။



အောင်နေထူး(ရန်ကုန်)နှင့် ထွန်းမင်းနိုင်(မွန်ပြည်နယ်)တို့ ယှဉ်ပြိုင် ထိုးသတ်နေစဉ်

တစ်ဖန် လူသစ် ၇၅ ကီလိုတန်းပြိုင်ပွဲတွင် ရဲသွေး(ရန်ကုန်)နှင့် စိုင်းဝဏ္ဏ(စစ်ကိုင်း)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ လက်ရည်မမျှ၍ ရဲသွေးက ဒိုင်ပွဲရပ်ဖြင့်လည်းကောင်း၊ စိုးမောင်ဦး(မန္တလေး)နှင့် သားနဂါး(မကွေး)တို့ပွဲတွင် ပထမအချီ ၂ မိနစ် ၄၅ စက္ကန့်တွင် စိုးမောင်ဦး တံတောင်ရိုက်ချက်ဖြင့် အနိုင်ယူခဲ့ပြီး (ဂ)အဆင့် ၄၈ ကီလိုတန်းပြိုင်ပွဲတွင် ကျော်လေး(ကရင်ပြည်နယ်)နှင့် သိန်းနိုင်ထွန်း(မန္တလေး)တို့ပွဲတွင် သုံးချီပြည့် ယှဉ်ပြိုင်ထိုးသတ်သော်လည်း အနိုင်အရှုံးမပေါ်သဖြင့် အမှတ်ဖြင့် ဆုံးဖြတ်ရာ သိန်းနိုင်ထွန်း အနိုင်ရခဲ့သည်။ ဆက်လက်၍ ၅၁ ကီလိုတန်းပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်ထိုးသတ်ရာ မိုးလေး(စစ်ကိုင်း)နှင့် ဝမ်းဝမ်း(ကရင်ပြည်နယ်)တို့ပွဲတွင် မိုးလေးက အမှတ်ဖြင့် လည်းကောင်း၊ အောင်နေထူး(ရန်ကုန်)နှင့် ထွန်းမင်းနိုင်( မွန်ပြည်နယ်)တို့ပွဲတွင် ထွန်းမင်းနိုင်က အမှတ်ဖြင့် လည်းကောင်း အနိုင်ရခဲ့သည်။ (၁၄)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် ရိုးရာလက်ဝှေ့ပြိုင်ပွဲ ပဉ္စမနေ့ပွဲစဉ်များကို ဩဂုတ် ၂၈ ရက်တွင် ဆက်လက်ယှဉ်ပြိုင် ထိုးသတ်သွားမည်ဖြစ်သည်။

**(မြန်မာ့အလင်း)**

## ချောင်းဖြတ်ကူးသည့် ဆရာမ ရေစီးနောက်မျောပါ

**တောင်တွင်းကြီး ဩဂုတ် ၂၇**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၌ မိုးများအဆက်မပြတ် သည်းထန်စွာ ရွာသွန်းခဲ့ခြင်းကြောင့် ငမင်ချောင်းရေများရုတ်တရက် ကျဆင်းလာပြီး ချောင်းအတွင်း ဖြတ်ကူးနေသည့် ကျောင်းဆရာမတစ်ဦး ရေစီးနောက်မျောပါမှု ဩဂုတ် ၂၇ ရက် နံနက် ၉ နာရီခွဲက ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အောင်းစုကျေးရွာနေ မလင်းစန္ဒာ၊ ငမင်ရွာနေ ကိုရန်နိုင်လင်းနှင့် ရင်စုကျေးရွာနေ မမေဇင်ခိုင်တို့သည် ငမင်အုပ်စု အမှတ်(၁၅၉)ပိတ်ဆွယ်ခံကျေးရွာ အခြေခံ ပညာမူလတန်းကျောင်းသို့ တာဝန်ထမ်းဆောင်ရန် ငမင်ကျေးရွာမှ အကျယ် ပေ ၅၀ခန့် ရှိ ငမင်ချောင်းအား ဖြတ်ကူးစဉ် တောင်ကျရေများ ကျဆင်းလာသဖြင့် ဆရာမ မလင်းစန္ဒာနှင့် မမေဇင်ခိုင်တို့ နှစ်ဦးမှာ ရေစီးနောက် မျောပါသွားခဲ့သည်။ မမေဇင်ခိုင်အား ဒေသခံတစ်ဦးက တွေ့မြင်၍ ကယ်ဆယ်နိုင်ခဲ့သော်လည်း မလင်းစန္ဒာမှာ ပျောက်ဆုံးနေ၍ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ချောင်းရိုးတစ်လျှောက် လိုက်လံရှာဖွေခဲ့သော်လည်း ယခုအချိန်အထိ မတွေ့ရှိသေးကြောင်း သိရသည်။ **(ဝ၈၅)**

## မိုးရွာသွန်း၍ ချောင်းရေတိုက်စားသဖြင့် လူနေအိမ်အချို့ ပျက်စီး

**ရမည်းသင်း ဩဂုတ် ၂၇**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ဆတ္တိုးပေါက်ကျေးရွာနှင့် အောင်ချမ်းသာကျေးရွာတို့၌ ဩဂုတ် ၂၅ ရက် ည ၁၀ နာရီခန့်က စတင်ကာ မိုးသည်းထန်စွာ ရွာသွန်း၍ ဆင်သေချောင်း တောင်ကျချောင်းရေဝင်ရောက်မှုကြောင့် ကျေးရွာများအတွင်းရေ ကိုးပေခန့် မြင့်တက်လာခဲ့ကြောင်း သိရသည်။

ကျေးရွာအတွင်း ရေများဝင်ရောက်သည့်နေရာများသို့ သက်ဆိုင်ရာဌာနများက ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။ ချောင်းနံဘေးရှိ လူနေအိမ် ၁၃ လုံး ပျက်စီးသွားခဲ့ပြီး နွားခုနစ်ကောင် ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



# ကမ်းပါးပြို၍ နေအိမ်များ ကြိုတင်ဖျက်သိမ်းဆောင်ရွက်

**ကသာ ဩဂုတ် ၂၇**

ကသာမြို့နယ်၌ ဧရာဝတီမြစ်ရေ ကျဆင်းလာခြင်းကြောင့် ကမ်းပါးပြိုကျ၍ ဘေးအန္တရာယ်မဖြစ်ပေါ်စေရေး လူနေအိမ်များ ကြိုတင်ဖျက်သိမ်း ရွှေ့ပြောင်းပေးရေး လုပ်ငန်းများနှင့် ထောက်ပံ့ကူညီရေး လုပ်ငန်းများကို မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ပေးရေးဦးစီးဌာန၊ ပြန်ကြားရေးဦးစီး ဌာနတို့မှ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့နောက် ကသာမြို့နယ်ကျောက်ထုံးကြီးကျေးရွာအနီး နေအိမ် ခုနစ် လုံး၊ မိုးတားလေးကျေးရွာမှ နေအိမ်တစ်လုံး၊ ကုန်းသာအုပ်စု (လိပ်ထုံး) ကျေးရွာမှ နေအိမ် သုံးလုံး၊ လေ့ဘိုကျေးရွာမှ နေအိမ် ခြောက်လုံးတို့ကို ကမ်းပါးပြိုကျမှုကြောင့် မလိုလားအပ်သော ဘေးဒုက္ခများ မဖြစ်ပေါ်စေရေး ကြိုတင်ဖျက်သိမ်း ရွှေ့ပြောင်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ငွေအိုး (ကသာ)**



ပဲခူးတိုင်းဒေသကြီးအတွင်းရေဘေးသင့်ပြည်သူများ ကူညီထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အေးရှားဝေါလ်ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများက အလှူငွေကျပ်သိန်း ၅၀၀၊ ဆန်အိတ် ၅၀၀ နှင့် ဆီပိဿာ ၅၀၀ တို့ကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့်အဖွဲ့ထံသို့ ဩဂုတ် ၂၃ ရက်က ပဲခူးတိုင်း ဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ပေးအပ်လှူဒါန်းစဉ်။
ခင်မောင်ထွေး

# ဥပဒေ၊ လုပ်ထုံးလုပ်နည်း ကျွမ်းကျင်မှုသင်တန်းဖွင့်

**ကျောက်ကြီး ဩဂုတ် ၂၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ်တွင် မြို့နယ် ရပ်/ကျေး လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများပြန်လည်စိစစ်ရေးကော်မတီ လုပ်ငန်းဆိုင်ရာဥပဒေ၊ လုပ်ထုံးလုပ်နည်း ကျွမ်းကျင်မှုသင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၄ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ် ရပ်/ကျေး လယ်ယာမြေနှင့်အခြားမြေများ ပြန်လည်စိစစ်ရေးကော်မတီဝင်များ စုစုပေါင်း ၁၈၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မီးမီး (လှိုင်)**

## အင်အား အနည်းငယ်ရှိ မြေငလျင်လှုပ်

**နေပြည်တော် ဩဂုတ် ၂၇**

ယနေ့ ည ၉နာရီ ၃၄ မိနစ် ၄၄ စက္ကန့်တွင် မန္တလေးမြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၁၈၈မိုင်ခန့်ကွာဝေးသော မြန်မာ-အိန္ဒိယနယ်စပ် (မော်လိုက်မြို့၏ အနောက်မြောက်ဘက် ၃၁မိုင်ခန့်အကွာ) ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၃အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်သွားကြောင်း တိုင်းထွာရရှိသည်။ **(မိုး/ဇလ)**

# လှိုင်သာယာမြို့နယ် စက်မှုဇုန် (၂)၌ ပီနံအိတ်စက်ရုံမီးလောင်

**ရန်ကုန် ဩဂုတ် ၂၇**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် စက်မှုဇုန် (၂)အတွင်းရှိ ကမ္ဘာကျော် ပီနံအိတ်စက်ရုံတွင် ယနေ့ ည ၉ နာရီ ၁၀ မိနစ်ခန့် က မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။ **(အောက်ပုံ)**

"မီးတောက်က တော်တော်များတယ်။ လောင်ပြီးသိပ်မကြာဘူး မီးသတ်ကားတွေ ရောက်လာတယ်။ လောင်တဲ့အချိန်မှာ စက်ရုံထဲမှာ အလုပ်သမားတွေ ရှိနေသေးတယ်။ ဘယ်ကနေစပြီး လောင်တယ်ဆိုတာတော့ မသိသေးဘူး။ ဝိုင်ယာရှော့ခ်ဖြစ်ပြီး လောင်တာလို့တော့ပြောတယ်"ဟု အဆိုပါဖြစ်ပွားမှုအနီးရှိ ကိုနိုင်ဆိုသူက ပြောသည်။

ဖြစ်ပွားရာသို့ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ်များ၊ အထောက်အကူပြုယာဉ်များ၊ လူနာတင်ယာဉ်များနှင့်အတူ သွားရောက်ငြိမ်းသတ်ရာ ည ၉ နာရီ ၄၀ မိနစ်ခန့်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်တွင် မီးငြိမ်းသတ်ယာဉ် Level-3 အထိစေလွှတ်ခဲ့ရပြီး မီးလောင်မှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှု မရှိသော်လည်း စက်ရုံအဆောက်အအုံနှင့် အတွင်းရှိ ပီနံအိတ်များ မီးလောင်ဆုံးရှုံးခဲ့သဖြင့် သက်ဆိုင်ရာက ဥပဒေအရ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း ကနဦး သတင်းများအရသိရသည်။ **သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဏ္ဍိတ)**



# (၁၆)ကြိမ်မြောက် မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး) ညီလာခံကျင်းပမည်

**မန္တလေး ဩဂုတ် ၂၇**

မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး) (၁၆)ကြိမ်မြောက် ညီလာခံကျင်းပရေးအတွက် ဖြစ်မြောက်ရေးကော်မတီများနှင့် ပုဂ္ဂလိကဆေးရုံများ၊ ဆေးကုမ္ပဏီများနှင့်တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၅ ရက်က အသင်းပိတောက်ခန်းမ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌပါမောက္ခဒေါက်တာ ခင်မောင်မြင့်က အမှာစကားပြောကြားသည်။ ထို့နောက် (၁၆)ကြိမ်မြောက် မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး) ညီလာခံကျင်းပမည့်အစီအစဉ်များနှင့်ပတ်သက်၍ တက်ရောက်လာကြသည့် ဖြစ်မြောက်ရေးကော်မတီ၊ လုပ်ငန်းဆပ်ကော်မတီများကရှင်းလင်းတင်ပြပြီး ပညာရေးအဖွဲ့၊ ပြခန်းများဖြစ်မြောက်ရေးအဖွဲ့၊ မှတ်ပုံတင်လက်ခံရေးအဖွဲ့၊ ဧည့်ခံကျွေးမွေးရေးအဖွဲ့၊ ညစာစားပွဲဖြစ်မြောက်ရေးအဖွဲ့နှင့် အားကစား အဖွဲ့တို့မှ အထွေထွေကိစ္စရပ်များ ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

**ဖခင်အမည်မှန်**
ဟုမ္မလင်းမြို့၊ ကက်သာကျေးရွာ အထကကျောင်းမှ ကျောင်းဝင်အမှတ် (၉၇၆၉) မောင်မြင့်ဇော်ဦး (G-10)၏ ဖခင်အမည်မှန်မှာ ဦးဘအုန်း ၅/ဟမလ(နိုင်)၁၁၃၈၉၀ ဖြစ်ပါကြောင်း။ **ဦးဘအုန်း**

**ဖခင်အမည်မှန်**
ဟုမ္မလင်းမြို့၊ ကက်သာကျေးရွာ အထကကျောင်းမှ ကျောင်းဝင်အမှတ် (၈၉၉၃) မောင်သာဆင့်(G-11)၏ ဖခင်အမည်မှန်မှာ ဦးအဲပေါ် ၅/ဟမလ (နိုင်)၀၇၉၁၁၅ ဖြစ်ပါကြောင်း။ **ဦးအဲပေါ်**

**ဖခင်အမည်မှန်**
ကသာမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(G)မှမယမင်းဦးနှင့် အမက (၈၅) သတ္တမတန်းမှ မယမင်းထွန်းတို့၏ ဖခင်အမည်မှန်မှာ ဦးဝင်းမင်း ဖြစ်ပါကြောင်း။

**မိဘအမည်မှန်**
ကသာမြို့၊ အထက(၁) အဋ္ဌမတန်း(A)မှ မောင်မင်းခန့်ညို၏ မိဘအမည်မှန်မှာ ဦးမောင်ညို(ခ)ဦးထွန်းသိန်း ၅/ကသန(နိုင်)၀၀၆၈၅၆နှင့် ဒေါ်ညိုညိုစိန်(ခ)ဒေါ်မြင့်မြင့်စိန် ၅/ကသန(နိုင်)၀၀၆၉၉၇ ဖြစ်ပါကြောင်း။

**ပျောက်ဆုံးခြင်း**
ကျွန်မဒေါ်စန်းမြင့်(ဘ)သိန်းငွေ ၁၂/ဥကတ(နိုင်)၀၂၃၇၅၄၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**စန်းမြင့် ဖုန်း-၀၉-၅၁၁၂၄၈၄**

# ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

**(၁) မိသားစုများများနေထိုင်ရန် အခန်းများများနှင့် နှစ်ထပ်လုံးချင်းတိုက်သစ်ရောင်းမည်။**

ရန်ကုန်တွင် မိသားစုများများနှင့် တစ်စုတစ်ဝေးတည်းနေထိုင်လိုသူများအတွက် အခန်းများများနှင့် လုံးချင်းနှစ်ထပ်တိုက်ကျယ်ကျယ်၊ မြေအကျယ်(၉၀×၇၀)ပေ၊ အိမ်အကျယ်(2510 sqft) လူလုံးဝမနေထိုင်ရသေးပါ။ Master Bedroom(၇)ခန်း၊ရိုးရိုးအိပ်ခန်း(၂)ခန်း၊ ဘုရားခန်း၊ ဧည့်ခန်းကျယ် (၂)ခန်း၊ TV ကြည့်ခန်း၊ ထမင်းစားခန်း၊ မီးဖိုချောင်၊ ဆင်ဝင်ဝရန်တာပါ၊ ကားနှစ်စီးဆံ့ကားဂိုဒေါင်၊ အလုပ်သမားမိသားစုနေထိုင်ရန် Master bedroom (၁)ခန်းပါ၊ Aircon ၁၁လုံး၊ ခန်းဆီးလိုက်ကာတပ်ဆင်ပြီး၊ ကြိုးမဲ့CCTV၊ ခြံထဲတွင်နားနေရန် ဘန်ကလို(၁)လုံးပါ၊ အိမ်ထောင်ပရိဘောဂ အပြည့်အစုံထည့်ပေးမည်။ ခြံပတ်ပတ်လည် ဘရိတ်ဓားဆူးကြိုးကာပြီး၊ မြက်ခင်းပြင် အလှပန်းပင်များစိုက်ပြီး၊ ခြံထဲတွင် ကားခြောက်စီး ရပ်ထားနိုင်ပါသည်။ အဆင့်မြင့်ပြင်ဆင်ပြီး တိုက်သစ်။ **ကျပ်သိန်း ၄၅၀၀**

**(၂) ချောင်းသာတွင် ဟိုတယ်ဖွင့်လိုသူများအတွက် မြေကွက်ကျယ်ကျယ်ရောင်းမည်။**

မြေကွက်ကျယ်ကျယ် အရင်းအနှီးနည်းနည်းဖြင့် ချောင်းသာတွင် ဟိုတယ်ဖွင့်လိုသူများအတွက် မြေကွက်ကျယ်ကျယ် ရောင်းရန်ရှိသည်။ ငွေရှိပြီး စီးပွားရေးလုပ်ချင်သူများအတွက် အုတ်တံတိုင်းကာရံပြီး၊ မြေပြင်ညီ ဘန်ကလို(၁)လုံးပါ။ စကားဝါတောင်ခြေ မျက်နှာ၀(၆၀၇')၊ မြေဧရိယာ ၅ ဒသမ ၅ ဧကအကျယ် မြေကွက်။ **ကျပ်သိန်း ၉၀၀၀**
**ဆက်သွယ်ရန်ဖုန်း-၀၉-၅၁၇၈၉၇၉၊ ၀၉-၄၂၀၃၀၁၀၉၁၊ ၀၉-၄၃၀၂၂၈၂၈၊ ၀၉-၂၅၀၁၆၅၅၁၉**

# လူရည်ချွန်တက္ကသိုလ်ပညာသင်ထောက်ပံ့ကြေး

၂၀၁၆ ခုနှစ် ဘက်စုံပညာထူးချွန်လူငယ်ဆုရသူ၊ ၂၀၁၆ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသားကျောင်းသူဖြစ်ပြီး တက္ကသိုလ်ဆက်တက်ရန်ခက်ခဲနေသူ (အထောက်အထားခိုင်လုံသူ)များကို လူရည်ချွန်(၁၉၆၄-၈၈)အဖွဲ့မှ တက္ကသိုလ်ပညာသင်ထောက်ပံ့ကြေးပေးပါမည်။ လူဦးရေကန့်သတ်ထားပါသည်။ ၁၅-၉-၂၀၁၆ရက် နောက်ဆုံးထားလျှောက်ထားရမည်။
မှတ်ချက်။ ။အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။
**ရုံးခန်းလိပ်စာ** -အမှတ် (၄၄)၊ ၂ လွှာ၊ ဓရာဝတီလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
**ရုံးခန်းဖုန်းနံပါတ်** - 01-2316544, 09-73161313, 09-5102983
အလုပ်အမှုဆောင်အဖွဲ့
လူရည်ချွန်(၁၉၆၄-၈၈)အဖွဲ့

**ဦးမိုးဝေ(ဘ)ဦးချိုမြင့် ၇/ပမန(နိုင်)၁၁၂၉၈၈ နှင့်**
# အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ ရေတွင်းကုန်းအုပ်စု၊ မကျီးချောင်းကျေးရွာတွင် (ဘ)ဦးကြီးမောင် ၇/သဝတ(နိုင်)၀၆၁၃၁၀၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြော်ငြာအပ်ပါသည်။

ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတလည်မြို့နယ်၊ ချင်ရပ်ကုန်းအုပ်စု၊ ပန်းပြင်ခွေးရဲရွာနေ (ဘ)ဦးချိုမြင့်၏သား ကိုမိုးဝေနှင့် မပပဝင်းတို့သည် ခရစ်ယာန်ဘာသာဝင်များဖြစ်ကြသည့်အလျောက် ၂၅-၅-၂၀၁၁ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းရှိ မြန်မာနိုင်ငံခရစ်ယာန်ဓမ္မတက္ကသိုလ်ဝတ်ပြုဆောင်တွင် တရားဝင်လက်ထပ်ထိမ်းမြားခဲ့ကြပါသည်။ ထိုသို့လက်ထပ်ထိမ်းမြားခဲ့ပြီးနောက် ကိုမိုးဝေသည် မပပဝင်းအား ခုနစ်ရက်ခန့်သာ ပေါင်းသင်းနေထိုင်ခဲ့ပြီးနောက် မပပဝင်းအား ပေးကမ်းထောက်ပံ့ခြင်းလည်းမရှိ၊ ဆက်လက်ပေါင်းသင်းခြင်းလည်းမရှိဘဲ သုံးကြိမ်တိုင်ကွာရှင်းခွင့်တောင်းခံခဲ့ပြီး စွန့်လွှတ်ခဲ့သည်မှာ ယနေ့ထိတိုင်ပင်ဖြစ်သည်။ သို့ဖြစ်၍ ကိုမိုးဝေနှင့် မပပဝင်းတို့၏ ထိမ်းမြားလက်ထပ်မှုသည် ပျက်ပြယ်ပြီးဖြစ်၍ ကိုမိုးဝေနှင့် မပပဝင်းသည် မည်သို့မျှပတ်သက်ယှက်နွယ်ခြင်းမရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးအောင်သင်း** | **ဦးဇော်မင်းဦး LL.B** | **ဒေါ်ခင်မေသူ LL.B** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **စဉ်-၅၉၇၇** | **စဉ်-၃၅၇၆၅** | **စဉ်-၄၄၇၆၂** |

# မြန်မာ့လက်ရွေးစင်အသင်း ဆူဇူကီးပြိုင်ပွဲအတွက် ပြင်ဆင်နေမှုများ သတင်းစာရှင်းလင်း




**ရန်ကုန် ဩဂုတ် ၂၇**
အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲအတွက် ပြင်ဆင်မည့်အခြေအနေများ ဥရောပ ခြေစမ်းခရီးစဉ်အတွက် ပြင်ဆင်ဆောင်ရွက်ထားမှုများနှင့်ပတ်သက်သည့် မြန်မာ့လက်ရွေးစင်အသင်း သတင်းစာရှင်းလင်းပွဲကို ယနေ့နံနက် ၁၀ နာရီက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်း၊ မြန်မာ့လက်ရွေးစင်နည်းပြချုပ် ဂတ်ဖရိုင်းဒရစ်နှင့် လက်ထောက်နည်းပြ ဦးကြည်လွင်တို့ တက်ရောက်ကြသည်။ ယင်းသတင်းစာရှင်းလင်းပွဲတွင် လူရွေးချယ်မှုနှင့် ဝေဖန်မှုများ ထွက်ပေါ်လာသည့်အတွက် ပြန်လည်ရှင်းလင်းခဲ့ပြီး မြန်မာ့လက်ရွေးစင်အသင်း ပဏာမလူစာရင်းကို နည်းပြ ဂတ်ဖရိုင်းဒရစ် ကိုယ်တိုင်ရွေးချယ်ခြင်းဖြစ်ကြောင်း၊ ပရော်ဖက်ရှင်နယ်နည်းပြဖြစ်သည့်အတွက် အသင်းနှင့်ပတ်သက်သည့် ကိစ္စအားလုံးတာဝန်ယူကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် ဥရောပခရီးစဉ်အတွက် ကျပ်သိန်း ၄၄၀၀ မှ ၅၅၀၀ အထိ ကုန်ကျနိုင်ပြီး အင်တာမီလန်၊ မက်ဆီဒိုးနီးယားလူငယ်လက်ရွေးစင်အသင်းများနှင့် ခြေစမ်းခွင့်ရရန်ကြိုးပမ်းလျက်ရှိသည်။ ထို့ပြင် ၂၀၁၇ ခုနှစ်အတွင်း ဆောင်ရွက်မည့်အစီအစဉ်များ၊ နိုင်ငံတကာခြေစမ်းပွဲများ၊ ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာအသင်းပြင်ဆင်ဆောင်ရွက်မည့် အစီအစဉ်များ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ ၂၀၁၅ ခုနှစ်အတွင်း ငွေကြေးသုံးစွဲမှု၊ ယခုနှစ်အတွင်း ငွေကြေးသုံးစွဲမှုများအား ရှင်းလင်းပြောကြားခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် ဥရောပနိုင်ငံများ တွင် စက်တင်ဘာ ၁၀ ရက်မှ အောက်တိုဘာ ၁၅ ရက်အထိ သွားရောက်လေ့ကျင့်မည်ဖြစ်ပြီး ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဂျာမနီနှင့်ဆိုက်ပရပ်စ်နိုင်ငံတို့တွင် အခြေပြုနေထိုင်လေ့ကျင့်မည်ဖြစ်ပြီး နယ်သာလန်၊ ဘယ်လ်ဂျီယံနှင့် ဆိုက်ပရပ်စ်နိုင်ငံတို့၌ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ လတ်တလော ခြေစမ်းပွဲခုနစ်ပွဲကစားမည့်အသင်းများ သဘောတူညီမှုရရှိထားပြီး ကျန်နှစ်ပွဲအတွက် အင်တာမီလန် လူငယ်အသင်းနှင့် ညှိနှိုင်းလျက်ရှိသည်။ ခြေစမ်းပွဲများအဖြစ် စက်တင်ဘာ ၁၃ ရက်တွင် နယ်သာလန် တတိယတန်းကလပ် EVV echt အသင်း၊ စက်တင်ဘာ ၂၀ ရက်တွင် ဘယ်လ်ဂျီယံ တတိယတန်းကလပ် Berchem အသင်း၊ စက်တင်ဘာ ၂၂ ရက်တွင် နယ်သာလန် ပထမတန်းကလပ် Roda JC ယူ-၂၃ အသင်း၊ စက်တင်ဘာ ၂၆ ရက်တွင် နယ်သာလန် ဒုတိယတန်းကလပ် Venlo အသင်း၊ စက်တင်ဘာ ၂၈ ရက်တွင် ဘယ်လ်ဂျီယံ ဒုတိယတန်းကလပ် Patro အသင်း၊ အောက်တိုဘာ ၅ ရက်တွင် ဆိုက်ပရပ်စ် ယူ - ၂၁ လက်ရွေးစင်အသင်း၊ အောက်တိုဘာ ၈ ရက်တွင် ဆိုက်ပရပ်စ် ပထမတန်းကလပ် Enosis အသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ကျန်နှစ်ပွဲအတွက် ဆက်လက်ညှိနှိုင်းလျက်ရှိသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ဥရောပခရီးစဉ်မတိုင်မီ စက်တင်ဘာ ၃ ရက်၌ ခြေစမ်းပွဲကစားရန် စီစဉ်ထားပြီး အိန္ဒိယလက်ရွေးစင်အသင်းကို ဖိတ်ကြားထားကြောင်း သိရသည်။

**သတင်း - ရဲရင့်ရှိန်း၊ ဓာတ်ပုံ - ဇေသူအောင်**



# ကမ္ဘာ့ပြိုင်ပွဲကြီးခြောက်ခုတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံကိုယ်စားပြုအလှမယ်များနှင့် မိတ်ဆက်ပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၂၇**
ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်ရိပ်သာလမ်းရှိ Kandawgyi Palace ဟိုတယ်၌ Miss Golden Land Myanmar 2016 ဆုရအလှမယ်များနှင့် မိတ်ဆက်ပွဲအခမ်းအနားကို ဩဂုတ် ၂၇ ရက် မွန်းလွဲ ၂ နာရီက ကျင်းပခဲ့သည်။

အဆိုပါ နိုင်ငံကိုယ်စားပြုအလှမယ်များဖြစ်ကြသည့် နန်းခိုင်ရွှေဝါဝင်းသည် အောက်တိုဘာလတွင် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပမည့် Miss Earth 2016 ကို လည်းကောင်း၊ ဆွေဇင်ထက်သည် ဒီဇင်ဘာလတွင် ပိုလန်နိုင်ငံ၌ ကျင်းပမည့် Miss Supranational 2016 ကိုလည်းကောင်း၊ နီနီနိုင်ဝင်းသည် အောက်တိုဘာလတွင် သီရိလင်္ကာနိုင်ငံ၌ကျင်းပမည့် Miss Intercontinental 2016 ကို လည်းကောင်း၊ ခြူးသိမ့်မြတ်နိုးသည် စက်တင်ဘာလတွင် မွန်ဂိုလီးယားနိုင်ငံ၌ကျင်းပမည့် Miss Face of Beauty 2016 ကိုလည်းကောင်း၊ ခက်ခက်ဇာသည် စက်တင်ဘာလတွင် တရုတ်နိုင်ငံ၌ကျင်းပမည့် Miss Tourism 2016 ကိုလည်းကောင်း၊ မြတ်အိန္ဒြေထက်သည် ဒီဇင်ဘာလတွင် ကနေဒါနိုင်ငံ၌ကျင်းပမည့် Miss Globe 2016 တွင် လည်းကောင်း ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

**သတင်း - မောင်မောင်၊ ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)**

## မိုးရေချိန်စံချိန်သစ်

ယနေ့နံနက် ၉ နာရီခွဲ တိုင်းထွာချက်များအရ အောက်ဖော်ပြပါစခန်း၌ ဩဂုတ်လ၏ ၂၄ နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန် စံချိန်သစ်ကို တိုင်းထွာ ရရှိခဲ့သည်။

| စဉ် | စခန်းအမည် | မိုးရေချိန် စံချိန်သစ် | | မိုးရေချိန် စံချိန်ဟောင်း | | ယခင် စံချိန်ကျိုးခဲ့သည့်နှစ် | စခန်းဖွင့်သည့် နှစ်မှစ၍ လွန်ခဲ့သော နှစ်ပေါင်း |
|---|---|---|---|---|---|---|---|
| | | မီလီမီတာ | လက်မ | မီလီမီတာ | လက်မ | | |
| ၁။ | ရွှေဘို | ၁၅၃ | ၆.၀၂ | ၁၄၂ | ၅.၅၉ | ၃-၈-၂၀၀၂ | ၅၃ |

(မိုး/ဇလ)

**မိဘအမည်မှန်**
ကချင်ပြည်နယ်၊ ရွှေကူမြို့၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(D)မှ မောင်စိုးသက်ပိုင်နှင့်အဋ္ဌမတန်း(A)မှ မောင်ဇော်သူရအောင်တို့၏ မိဘအမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးသန်းဝင်း ၁/ရကန(နိုင်)၀၀၇၂၃၈ - ဒေါ်သန်းငွေ ၁/ရကန(နိုင်)၀၃၇၁၁၆ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**
ကျောက်တံခါးမြို့၊ အထကနဝမတန်း (D)မှ မထက်ထက်ဝေ၏ ဖခင်အမည်မှန်မှာ ဦးရန်မျိုးအောင် ၇/ကတခ(နိုင်)၀၈၅၈၂၈ ဖြစ်ပါကြောင်း။ **ဦးရန်မျိုးအောင်**

**ပျောက်ဆုံးကြောင်း**
ကျွန်တော် မောင်ချမ်းထိုက် ၁၀/မဒန(နိုင်)၂၃၅၀၁၂ ၏ Pass Port No မမှတ်မိသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၀၁၆၅၀၇၀**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**
ယာဉ်အမှတ် EE/4637 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**ဖခင်အမည်မှန်**
ကချင်ပြည်နယ်၊ ရွှေကူမြို့၊ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း (C)မှ မခင်ဆွေလင်းနှင့် နဝမတန်း (C)မှ မောင်မင်းကျော်လင်းတို့၏ ဖခင် ဦးစိန်လင်း၏ အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးစန်းယု ၁/ရကန (နိုင်) ၀၃၀၀၉၅ ဖြစ်ပါကြောင်း။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန**
**သူနာပြုသင်တန်းကျောင်း၊ မော်လမြိုင်မြို့**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**
၁။ ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံခန့်ခွဲရေး ဦးစီးဌာန၊ မော်လမြိုင်သူနာပြုသင်တန်းကျောင်းတွင် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်လိုပါသဖြင့် လုပ်ငန်းဆောင်ရွက်လိုသည့် တရားဝင်အသိအမှတ်ပြု လိုင်စင်ရ (အဖွဲ့အစည်း/ကုမ္ပဏီ/ကန်ထရိုက်တာ)များထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။
၂။ ဆောင်ရွက်ရမည့်လုပ်ငန်းများ
အဆောင်လေးဆောင်၏ ရေမြောင်းများပြုပြင်ခြင်း၊ မြောင်းအဖုံး(သံ) တပ်ဆင်ခြင်းနှင့် ပြုပြင်ခြင်း
- နှစ်ထပ်အိပ်ဆောင် (၁၉၂'×၃၅')
- သုံးထပ်အိပ်ဆောင် (၁၉၂'×၅၂')
- ထမင်းစားဆောင် (၉၀'×၄၀')နှင့် မီးဖိုချောင် (၄၀'×၃၀')
- နှစ်ထပ်ရုံးခန်း (၁၃၀×၃၄)
**တင်ဒါစတင်ရောင်းချသည့်ရက်** - ၁-၉-၂၀၁၆ ရက် (ကြာသပတေးနေ့)
**တင်ဒါပိတ်ရက်/အချိန်** - ၂၆-၉-၂၀၁၆ရက် (တနင်္လာနေ့) မွန်းလွဲ ၂ နာရီ
၃။ သတ်မှတ်ရက်ကျော်လွန်သော တင်ဒါလျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၄။ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်းစုံစမ်းနိုင်ပါသည်။
**သူနာပြုသင်တန်းကျောင်း၊ မော်လမြိုင်မြို့**
**ဖုန်း-၀၅၇-၂၃၀၅၈**

TOP CAREER Myanmar Job Fair 2016
Date - Sep 4 (Sunday)
Time - 10:00 AM - 17:00 PM
Venue - Sule Shangri La Hotel (Ballroom2)
'TOP CAREER Myanmar'
Fourth Valley Concierge Company Limited.
No.509, 5th Floor, La Pyayt Wun Plaza, No.37,
AlanPya Pagoda Rd, Dagon Tsp, Yangon, Myanmar
Phone: +959961028401, +959784381068-9

**မိဘအမည်မှန်**
ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ အလက(၂) KG တန်းမှ မခင်ယွန်းစန္ဒီမောင်၏ မိဘအမည်မှန်မှာ ဦးမောင်မောင်စိန် ၁၀/သထန(ဧည့်)၀၀၀၀၂၄ နှင့် ဒေါ်ခိုင်ယဉ်ဝင်းဆွေ ၁၂/ဒဂန(နိုင်)၀၂၈၉၀၈ ဖြစ်ပါကြောင်း။ **ဦးမောင်မောင်စိန်-ဒေါ်ခိုင်ယဉ်ဝင်းဆွေ**

**မခင်စုစုလှိုင် (ဘ) ဦးသိန်းလှိုင် ၇/လပတ(နိုင်)၁၀၄၂၀၁ နှင့် အများသိစေရန်ကြေညာခြင်း**
ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ဂန္ဓဝင်လမ်း၊ လှိုင်သာယာစက်မှုဇုန်(၅)၊ အမှတ် ၆၄-က၊ ၆၅ရှိ ခရေရှိန်ကုမ္ပဏီလီမိတက်(ရန်ကုန်ရုံးခွဲ)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။
မခင်စုစုလှိုင် (ဘ)ဦးသိန်းလှိုင် ၇/လပတ(နိုင်)၁၀၄၂၀၁ အမှတ် ၃၅-က၊ ဗိုလ်အောင်ကျော်လမ်း၊ ပတ္တမြားရပ်ကွက်၊ ဟသ်ာတမြို့၌ နေထိုင်သူသည် ခရေရှိန်ကုမ္ပဏီမှ စားသောက်ကုန် ပစ္စည်းများကို မှာယူခဲ့ရာ ကုန်ပစ္စည်းဖိုးငွေ ၂၂၀၁၅၀၀/- (ကျပ်နှစ်ဆယ့်နှစ်သိန်းတစ်ထောင့်ငါးရာ) ပေးသွင်းရန် ကျန်ရှိနေသဖြင့် အဆိုပါငွေများကို ၂၉-၇-၂၀၁၆ ရက် နောက်ဆုံးထားပြီး ပေးသွင်းပါမည်ဟု လူကြီးမင်းမှ ဝန်ခံကတိပြုခဲ့ပါသည်။ သို့သော် လူကြီးမင်းသည် ကုန်ပစ္စည်းဖိုးကျန်ငွေ ၂၂၀၁၅၀၀/ အနက်မှ ငွေကျပ် ၅၀၀၀၀/ (ကျပ်ငါးသောင်းတိတိ)ကိုသာ ပေးသွင်းခဲ့သဖြင့် ၂၁၅၁၅၀၀/ကို ခရေရှိန်ကုမ္ပဏီသို့ပေးသွင်းရန် ကျန်ရှိနေပါသည်။ အဆိုပါငွေများကို ကုမ္ပဏီမှ အကြိမ်ကြိမ်တောင်းခံသော်လည်း လူကြီးမင်းမှ ယနေ့အချိန်ထိ ပေးသွင်းခြင်းမရှိသေးပါ။
သို့ဖြစ်ပါ၍ ကုန်ပစ္စည်းဖိုးကျန်ငွေ ၂၁၅၁၅၀၀/- (ကျပ်နှစ်ဆယ့်တစ်သိန်းငါးသောင်း တစ်ထောင့်ငါးရာ) ကို ၅-၉-၂၀၁၆ရက် နောက်ဆုံးထား၍ ခရေရှိန်ကုမ္ပဏီသို့ အပြေအကျေ လာရောက်ပေးသွင်းပါရန်နှင့် အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ပေးသွင်းခြင်းမရှိပါက တရားဥပဒေအရ အရေးယူဆောင်ရွက်ရတော့မည်ဖြစ်ကြောင်း မခင်စုစုလှိုင် သိရှိစေရန် ကြေညာအပ်ပါသည်။
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မာမာဝင်း LL.B, D.B.L** (စဉ်-၃၆၆၉၁)
**ဒေါ်နှင်းဖြူဝင်း LL.B** (စဉ်-၃၆၅၃၉)
**အထက်တန်းရှေ့နေများ**
**ရုံးခန်း ၇၃×၃၈ လမ်းထောင့်၊ မဟာနွယ်စဉ်ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၄၀၂၆၅၈၄၈၇၊ ၀၉-၇၉၇၃၅၀၇၆၄**



ခ ရီး သွား ဆောင်း ပါး

# အေးချမ်းလှပစွာ ခရီးတစ်ထောက် နားခိုရာဆီသို့

**သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ**

**ဓာတ်ပုံ-မောင်ချစ်ကြည်**



**ပန်းဂေါ်ဖီနှင့် ဟင်းသီးဟင်းရွက်စိုက်ခင်း**

မြို့အဝင်မှာပင် တိတ်ဆိတ်ငြိမ်သက်မှုက ဆီးကြိုနေသည်။ မြို့တွင်းအဓိက ကားလမ်းမက ကျယ်သည်ဖြစ်ရာ ကားကို ဖြည်းဖြည်းမောင်းရင်း လမ်းဘေးဘယ်ညာကို အကဲခတ်မိသည်။ အထပ်မြင့်နေအိမ်တိုက်တာများ မတွေ့ရသော်လည်း သပ်သပ်ရပ်ရပ် တည်ဆောက်ထားသော တစ်ထပ်အိမ်၊ နှစ်ထပ်အိမ်များကို တွေ့ရသည်။ ရာသီဥတု မှုတကာ မိုးအုံ့နေသဖြင့် မြင်ကွင်းကို ရှင်းလင်းစွာ လေ့လာခွင့်ရသည်ဖြစ်ရာ မြို့သူမြို့သားတို့ သွားလာလှုပ်ရှားနေသော်လည်း အေးချမ်းတည်ငြိမ်မှုရှိသည်ကို မြင်တွေ့ခံစားရသည်။ ရှမ်းပြည်နယ်ဝင်ပေါက် ခရီးတစ်ထောက်နားရာဖြစ်သည့် ဟဲဟိုးမြို့သို့ ကျွန်တော်တို့ ရောက်ခဲ့ပြီ။

ဟဲဟိုးမြို့က အေးချမ်းသာယာမှုအပြည့်။ တိတ်ဆိတ်ငြိမ်းချမ်းသော နယ်မြေ၊ ရှမ်းပြည်နယ် တောင်ကြီးခရိုင် ကလောမြို့နယ်အတွင်း ထင်ရှားသော မြို့တစ်မြို့ဖြစ်ရာ ခရီးသွားဧည့်သည်များ ရှမ်းပြည်နယ်သို့ လေကြောင်းခရီးဖြင့် လာရောက်ပါက ဟဲဟိုးလေဆိပ်သို့ ဆင်းသက်ပြီးမှ အင်းလေး၊ တောင်ကြီး၊ ပင်းတယ စသည့်နေရာများသို့ သွားရောက်ကြသည်။ ဟဲဟိုးမှ အောင်ပန်း၊ ကလောမြို့သို့ ကားလမ်းဖြင့် ၂၆ ကီလိုမီတာ ခန့်သွားလျှင် ရောက်သည်။ ဟဲဟိုးမှ တောင်ကြီးသို့ ၁၇မိုင်၊ ဟဲဟိုးမှ မိတ္ထီလာသို့ ၅၉ မိုင်ရှိပြီး ဟဲဟိုးမှ ရမည်းသင်းမြို့ကို ၄၆ မိုင်ခန့်သာဝေးကြောင်း သိရသည်။ ကားလမ်းရော လေကြောင်းလမ်းဖြင့်ပါ သွားရောက်နိုင်သည်ဖြစ်ရာ ဟဲဟိုးမြို့မှာ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေသည့်မြို့လည်းဖြစ်ကြောင်း သတိပြုမိသည်။

ဟဲဟိုးမြို့အတွင်း လိုက်လံကြည့်ရှုနေရာမှ ဟဲဟိုးမြို့မစျေးဘက်သို့ ရောက်ရှိလာခဲ့သည်။ ဟဲဟိုးမြို့မစျေးက ငါးရက်စျေးလည်း ရောင်းချ သလို နေ့စဉ် ဖွင့်လှစ်ရောင်းချသည့်စျေးလည်း ဖြစ်သည်။ ကျွန်တော်တို့ရောက်ချိန်၌ စျေးမကွဲသေးသဖြင့် စျေးအတွင်း ရောင်းသူဝယ်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။ ဒေသခံတိုင်းရင်းသားများသည် ခမောက်ဆောင်းလျက်၊ ခေါင်းပေါင်းပေါင်းလျက်၊ အနွေးထည်ကိုယ်စီဝတ်ကာ ဒေသထွက်ကုန်များကို ရောင်းဝယ်နေကြသည်။

ဟဲဟိုးမြို့မစျေးအတွင်း ခရမ်းချဉ်သီး၊ငရုတ်သီးစိမ်းတောင့်ရှည်များ၊ ဂေါ်ဖီထုပ်များ၊ ပဲသီးနှင့် ကြက်သွန်ဖြူများကို အပုံလိုက်ထားကာ ရောင်းချနေသည်ကို တွေ့ရသည်။ အချို့နေရာများတွင် ကြက်သွန်ဖြူများကို အိတ်လိုက်ထောင်ကာ ရောင်းချနေရာ ကြက်သွန်ဖြူထွက်ရှိရာနေရာဖြစ်ကြောင်း ဖော်ပြနေသည်။ ဟဲဟိုးမြို့ဝန်းကျင်သည် စိုက်ခင်းများ နေရာအနှံ့တည်ရှိနေရာ ဟင်းသီးဟင်းရွက်စိုက်ခင်းများမှာ အောင်မြင်ဖြစ်ထွန်းကြောင်း သိရသည်။

ဟဲဟိုးမြို့ စျေးအတွင်း လိုက်လံလေ့လာရာ ဒေသခံတိုင်းရင်းသားများဖြစ်သော ဓနု၊ တောင်ရိုး၊ ပအိုဝ်းစသည့် တိုင်းရင်းသားများကို အများဆုံး တွေ့မြင်ရသည်။ သူတို့မှာ ဟဲဟိုးမြို့အနီးဝန်းကျင် တိုင်းရင်းသားကျေးရွာငယ်များမှဖြစ်ပြီး ဒေသစိုက်ပျိုးထွက်ကုန်များကို လာရောက်ရောင်းချရင်း အပြန်တွင် လိုအပ်သော အိမ်သုံးနှင့်မီးဖိုဆောင်ပစ္စည်းများကို ဝယ်ယူကာ ပြန်ကြခြင်းဖြစ်သည်။ ဟဲဟိုးမြို့သည် စိုက်ပျိုးရေးကို အဓိကပြုလုပ်သည်ဖြစ်ရာ စျေးအတွင်း စိုက်ပျိုးရေးထွက်ကုန်များကို ပေါများစွာ တွေ့မြင်ရသည်။ ထူးခြားမှုမှာ ဟဲဟိုးမြို့မစျေး၏ ဟင်းသီးဟင်းရွက်ရောင်းချရာအတန်းတွင် ကမ္ဘာလှည့်ခရီးသွားများကို မြင်တွေ့ရခြင်းဖြစ်သည်။ တိုင်းရင်းသားများ၏ ဓလေ့၊ စရိုက်နှင့် ရိုးသားပွင့်လင်းစွာ ရောင်းဝယ်ကြသည်များကို ကိုယ်တိုင်မြင်တွေ့၍ လေ့လာလိုကြသဖြင့် ကင်မရာကိုင်ကာ လိုက်လံမှတ်တမ်းတင်နေကြခြင်းပင်ဖြစ်သည်။ ဟဲဟိုးမြို့သည် ရှမ်းပြည်နယ်သို့ ဝင်ထွက်သွားလာနေကြသည့် ကမ္ဘာလှည့်ခရီးသည်များ တစ်ထောက်နားရာမြို့ဖြစ်၍ အဝင်အထွက်များခြင်းဖြစ်သည်။

ကျွန်တော်တို့ ဟဲဟိုးမြို့မစျေးအတွင်းမှ ပြန်ထွက်လာခဲ့ကြသည်။ နံနက် ၁၀ နာရီခန့် ရှိပြီဖြစ်သော်လည်း ရာသီဥတုက မိုးအုံ့နေသဖြင့် အေးမြမြခံစားရသည်။ နေလည်းမပူ၊ မိုးလည်းမရွာသဖြင့် ရာသီဥတုကောင်းမွန်ကာ လေညင်းများတိုက်ခတ်နေရာ နေထိုင်ရန်ကောင်းသည်။ နှစ်စဉ်ဩဂုတ်နှင့် စက်တင်ဘာလများ၌ ဟဲဟိုးမြို့၏ နေ့အပူချိန် ၂၇ ဒီဂရီစင်တီဂရိတ်ရှိပြီး ညပိုင်း ၁၈ ဒီဂရီစင်တီဂရိတ်ရှိနေရာ အပူချိန်မှာ ဆိုးရွားမှုမရှိချေ။ ထို့ကြောင့်ပင် ရာသီဥတုမျှတသဖြင့် ကောက်ပဲသီးနှံစိုက်ပျိုးခင်းများက ဟဲဟိုးမြို့အလှကို အသက်ဝင်လာအောင် ပံ့ပိုးမြှင့်တင်ပေးနေသကဲ့သို့ ရှိသည်။ စိုက်ပျိုးမြေကလည်း ကောင်းမွန်သည်မဟုတ်ပါလား။

ဟဲဟိုးမြို့တွင်းသို့ ပြန်လာခဲ့ရာ ဟဲဟိုးမြို့၏ အဓိကကားလမ်းမှာ ကျယ်ဝန်းပြီး သပ်သပ်ရပ်ရပ်ရှိသဖြင့် နေချင့်စဖွယ်ဖြစ်သည်။ လမ်းတွင် ဟဲဟိုးမြို့နေ ဒေသခံတိုင်းရင်းသားများ သွားလာလှုပ်ရှားနေကြသည်ဖြစ်ရာ တိုင်းရင်းသားမျိုးစုံနေထိုင်ကြောင်း သတိပြုမိသည်။ ဟဲဟိုးမြို့တွင် ဓနု၊ တောင်ရိုး၊ ပအိုဝ်း၊ ရှမ်း၊ ဗမာ၊ အင်းသားစသည့်တိုင်းရင်းသားများ စုပေါင်းနေထိုင်ကြရာ အများဆုံးမှာ ဓနုတိုင်းရင်းသားများဖြစ်ကြောင်း သိရသည်။

ဟဲဟိုးမြို့သည် ယခင်က ဓနုတိုင်းရင်းသားများနေထိုင်ရာ ရွာငယ်တစ်ရွာသာဖြစ်သည်။ စိုက်ပျိုးရေးအတွက် ကောင်းမွန်သော မြေပြင်၊ မျှတသော ရာသီဥတု၊ စိုက်ပျိုးရေရရှိမှုတို့ကြောင့် လူနေထိုင်မှု တဖြည်းဖြည်းများလာကာ ၁၉၂၀ ပြည့်နှစ်မှ စတင်ကာ မြို့အဖြစ် သတ်မှတ်ပေးခဲ့ခြင်းဖြစ်သည်။ ယခင်က အောင်ပန်း-ရွှေညောင်ရထားလမ်းပိုင်းအတွင်း ဟဲဟိုးဘူတာမှ အသုံးပြုသွားလာခဲ့သော်လည်း ယခုအခါ ကားလမ်းနှင့် လေကြောင်းလမ်းတို့ဖြင့်ပါ အသုံးပြုသွားလာနိုင်ကြပြီဖြစ်ရာ လမ်းပန်းဆက်သွယ်ရေးလည်း ကောင်းမွန်တိုးတက် လာသည်ကို တွေ့ရသည်။

ဟဲဟိုးမြို့ကို လိုက်လံလေ့လာခဲ့ရာတွင် ဟဲဟိုးမြို့သည် မြို့ပေါ်ရပ်ကွက် ကိုးရပ်ကွက်ရှိပြီး ကျေးရွာအုပ်စု ခြောက်အုပ်စုတို့ဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။ မြို့ပေါ်ကိုးရပ်ကွက်မှာ အရှေ့ပိုင်းရပ်ကွက်၊ အလယ်ပိုင်းရပ်ကွက်(၁)၊ အလယ်ပိုင်းရပ်ကွက်(၂)၊ အလယ်ပိုင်းရပ်ကွက်(၃)၊ ရွာကြီးရပ်ကွက်၊ ကုန်းစောင်းရပ်ကွက်၊ ရှမ်းစုရပ်ကွက်၊ စျေးပိုင်းရပ်ကွက်နှင့် နန်းကုန်းရပ်ကွက်များ ဖြစ်ကြသည်။ မြို့ကြီးများကဲ့သို့ အိမ်ခြေပြွတ်သိပ်မနေဘဲ တည်ရှိသဖြင့် ရှုပ်ထွေးခြင်းမရှိ၊ အမြင်ရှင်းလင်းကာ နေချင့်စဖွယ်ဖြစ်သည်။

ကျွန်တော်တို့ ဟဲဟိုးမြို့ရောက်ချိန်တွင် မိုးရွာမှု ကျဲပါးနေပြီဖြစ်ရာ သွားလာရသည်မှာ အဆင်ပြေသည်။ မိုးက သီတင်းတစ်ပတ်လျှင် နှစ်ကြိမ်ခန့်သာ ရွာတော့ပြီး မိုးရွာလျှင်လည်း ဖွဲဖွဲမျှသာ။ ဟဲဟိုးမြို့တွင် အိမ်ခြေစုစုပေါင်း ၃၃၁၇ အိမ်ရှိကာ လူဦးရေ ၁၅၆၄၂ ဦး နေထိုင်သဖြင့် လူနေသိပ်သည်းခြင်းမရှိကြောင်း တွေ့ရသည်။ စိုက်ပျိုးရေး အဓိကထားလုပ်ကိုင်သော မြို့ဖြစ်ပြီး ဒေသခံတိုင်းရင်းသားအားလုံးနီးပါး စိုက်ပျိုးရေးကို အချိန်ရသမျှ တစ်နှစ်ပတ်လုံး လုပ်ကိုင်ကြသည်။ ဟဲဟိုးမြို့ဝန်းကျင်တစ်ခွင်တွင် ဂေါ်ဖီ၊ ဂျုံ၊ ပြောင်း၊ ပန်းမျိုးစုံ၊ ကြက်သွန်ဖြူနှင့် အာလူးစိုက်ခင်းများကို မြေအနိမ့်အမြင့် တောင်ကြော၊ ကုန်းတန်းများတွင် မျက်စိတစ်ဆုံးမြင်တွေ့ရသည်။ မြေပြင်တွင် ရောင်စုံကမ္ဗလာ ခင်းကျင်းထားသကဲ့သို့ အကွက်လိုက် အမြင်ဆန်းကာ စိတ်အေးချမ်းဖွယ်ရာပင်။

ကျွန်တော်တို့ ဟဲဟိုးမြို့မှ ဟဲဟိုးလေဆိပ်ဘက်သို့ ထွက်လာခဲ့ကြသည်။ လေဆိပ်သည် ဟဲဟိုးမြို့အနောက်မြောက်ဘက် နှစ်မိုင်ခွဲအကွာတွင် တည်ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက် ၃၈၅၈ ပေကျော်တွင် တည်ဆောက်ထားသည်။ ဟဲဟိုးမြို့က ပင်လယ်ရေမျက်နှာပြင်အထက် ၃၈၅၈ ပေတွင် တည်ရှိခြင်းဖြစ်သည်။ ဟဲဟိုးလေဆိပ်သို့လာရာ လမ်းဘေးဝဲယာတွင် စိုက်ပျိုးခင်းများ၊ လူနေအိမ်များ၊ လမ်းဘေးစျေးဆိုင်အချို့ကို မြင်တွေ့ရသည်။ ကားလမ်းမှာ ကတ္တရာခင်းထားသော်လည်း ကားနှစ်စီးရှောင်ရန် လွတ်လပ်မှုမရှိ ၊ အနည်းငယ်ကျဉ်းနေသည်။ ကားနှစ်စီး လွတ်လပ်စွာရှောင်တိမ်းမောင်းနှင်နိုင်သည့်အကျယ်ဆိုလျှင် ပိုကောင်းမည်ဟု တွေးမိသည်။ ဟဲဟိုး-တောင်ကြီး ကားလမ်းပိုင်းက ကားနှစ်စီးကောင်းမွန်စွာ မောင်းနှင်နိုင်သဖြင့် တော်သေးသည်။

ဟဲဟိုးလေဆိပ်အဝင် မုခ်ဦးကို ဓာတ်ပုံမှတ်တမ်း ရိုက်ယူပြီးနောက် လေဆိပ်အတွင်း ဝင်ရောက်ခဲ့သည်။ ကျွန်တော်တို့ရောက်ချိန်တွင် လေယာဉ်ဆိုက်ရောက်မှုမရှိသေးသဖြင့် ခရီးသည်ရှင်းနေသည်။ သို့သော် ခရီးသည်အချို့ ထိုင်ခုံများပေါ်တွင် သက်သောင့်သက်သာ ထိုင်နေကြသည်ကို တွေ့ရသည်။ လေဆိပ်အဆောက်အအုံကို အသစ်ပြန်လည်ပြုပြင်ထားသည်မှာ သစ်လွင်နေသည်။ အထူးပုဂ္ဂိုလ်များ နားနေခန်း၊ ဆိုက်ရောက်ထွက်ခွာ ခရီးသည်များအတွက် ခန်းမများ၊ သန့်စင်ခန်းများနှင့် ခရီးသည်များ အဝင်အထွက်အတွက် စစ်ဆေးရာနေရာများကို စနစ်တကျ ပြုလုပ်ထားရှိသည်ကို တွေ့မြင်ရသည်။

ဟဲဟိုးလေဆိပ်သည် ယခင်က ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်နှင့် မဟာမိတ်တပ်များ အသုံးပြုခဲ့သော လေတပ်အခြေစိုက်စခန်းတစ်ခုအဖြစ် တည်ရှိခဲ့ခြင်းဖြစ်သည်။ စစ်လေယာဉ်များ အဆင်းအတက် အဓိကပြုလုပ်ရာ လေဆိပ်တစ်ခုလည်းဖြစ်ခဲ့သည်။ ယခုအခါ အကြိမ်ကြိမ်ပြုပြင် တည်ဆောက်ခဲ့မှုကြောင့် လေယာဉ်ပြေးလမ်းအရှည် ပေ ၈၅၀၀ နှင့် အကျယ် ပေ ၁၀၀ အထိ ရှိလာခဲ့ပြီဖြစ်သည်။ ရှမ်းပြည်နယ်၏ နာမည်ကျော် အင်းလေး၊ တောင်ကြီး၊ ပင်းတယအစရှိသည့် နေရာဒေသများစွာသို့ ကမ္ဘာလှည့်ခရီးသွားများ သွားရောက်ရာ အဓိကဝင်ပေါက် လေဆိပ်တစ်ခုအဖြစ် ရောက်ရှိလာပြီ ဖြစ်သည်။ ကမ္ဘာလှည့်ခရီးသွား ဧည့်သည်အများအပြားကလည်း ကားလမ်းခရီးထက် လေကြောင်းခရီးစဉ်ကိုသာအဓိကထားပြီး စီးနင်းလာရောက်ကြခြင်းဖြစ်ရာ ဟဲဟိုးလေဆိပ်သည် ကမ္ဘာလှည့်ခရီးသွားများ ဝင်ထွက်သွားလာရာ လေဆိပ်တစ်ခုဖြစ်လာခဲ့သည်။

ထိုသို့ ကမ္ဘာလှည့်ခရီးသည်များ ဝင်ထွက်မှုများလာပြီး ဟဲဟိုးမြို့သည် ခရီးတစ်ထောက်နားရာ မြို့တစ်မြို့ဖြစ်လာရာ ကြယ်သုံးပွင့်အဆင့်ရှိ ဟိုတယ်များလည်း ဟဲဟိုးမြို့တွင် ပေါ်ထွက်လာပြီဖြစ်သည်။ ကမ္ဘာလှည့်ခရီးသွားများအတွက် ဟဲဟိုးမြို့တွင် ဟိုတယ် ၁၂ လုံးခန့် ရှိနေပြီကို ဟဲဟိုးမြို့အတွင်း လိုက်လံလေ့လာစဉ် တွေ့မြင်ခဲ့ရသည်။ ယခု ဟဲဟိုးလေဆိပ်သည်လည်း နိုင်ငံတကာ လေဆိပ်ငယ်တစ်ခုအဖြစ် ရောက်ရှိအောင် တည်ဆောက်ထားသည်ကို သတိပြုမိသည်။

ဟဲဟိုးလေဆိပ် လေယာဉ်ရပ်နားရာနေရာအထိ သွားရောက်ကာ လေ့လာမိသည်။ လေယာဉ်ပြေးလမ်း၊ လေယာဉ်ကွင်းအကျယ်အဝန်း၊ လေယာဉ်ထိန်းမျှော်စင်၊ လေဆိပ်အဆောက်အအုံတို့မှာ ခံ့ထည်စွာ တည်ရှိနေသည်ကို တွေ့ရသည်။ ဟဲဟိုးလေဆိပ်သို့ ဆိုက်ရောက်လာသူများ၊ ထွက်ခွာသူများအတွက် ကောင်းမွန်သော ဝန်ဆောင်မှုပေးနိုင်မည့်အနေအထားကို သတိပြုမိသည်။

ဟဲဟိုးလေဆိပ်သို့ အဲကမ္ဘောဇ၊ အေးရှားဝင်း၊ မန်းရတနာပုံ၊ မြန်မာအမျိုးသားလေကြောင်းလိုင်း၊ ရန်ကုန်အဲဝေး စသည့်လေကြောင်းလိုင်းများ နေ့အလိုက် ပြေးဆွဲလျက်ရှိသည်။ ပွင့်လင်းရာသီတွင် လေယာဉ်ဆင်းသက်မှု ပိုမိုများပြားကြောင်း သိရသည်။ ဟဲဟိုးမှ မန္တလေး၊ ရန်ကုန်၊ ပုဂံ၊ သံတွဲ၊ ကော့သောင်း၊ တာချီလိတ်၊ မြစ်ကြီးနား၊ လားရှိုး၊ ညောင်ဦး လေဆိပ်များသို့ ပျံသန်းနေရာ လေကြောင်းခရီးစဉ်များ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျွန်တော်တို့ လေဆိပ်အတွင်း လှည့်လည်ကြည့်ရှုနေစဉ် အဲကမ္ဘောဇလေယာဉ် ဆိုက်ရောက်လာသည်။ ကမ္ဘာလှည့်ခရီးသည်များနှင့် ပြည်တွင်းခရီးသည်အချို့ဆင်းသက်လာသည်ကို တွေ့ရသည်။ ကမ္ဘာလှည့်ခရီးသည်များက ဟဲဟိုးတွင် ခရီးတစ်ထောက်နားကာ အင်းလေး၊ ပင်းတယ၊ တောင်ကြီးစသည့်နေရာများသို့ ခရီးဆက်ကြပေဦးမည်။ ရှမ်းပြည်နယ်အတွင်း လေ့လာရင်း ခရီးသွားကြဦးမည်။ အေးချမ်းသော ရာသီဥတု၊ လှပသော ရှမ်းတောင်တန်းများ၊ စိတ်ဝင်စားဖွယ်ရာ တိုင်းရင်းသားတို့ ၏ရိုးရာဓလေ့ နေထိုင်လုပ်ကိုင် အသက်မွေးမှုများက ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်မှုရှိစေသည်ဟု တွေးမိသည်။

ကျွန်တော်လည်း ရန်ကုန်ပြန်ရန် လေယာဉ်ပေါ်တက်ခဲ့သည်။ လိုက်ပို့သူများ၊ ဧည့်ဝတ်ကျေပွန်မှုများကို ကျေးဇူးတင်စွာ နှုတ်ဆက်ရသည်။ မကြာမီ ဟဲဟိုးလေဆိပ်မှ လေယာဉ်စတင်ပျံသန်းပြီ။ နေရစ်တော့ဟဲဟိုးမြို့ဟု စိတ်ထဲနှုတ်ဆက်မိသည်မှာ အမှန်ပင်။



အ ခွင့် အ လမ်း ဖွေ ရှာ ဘ ဝ အ တွက် တာ

# ကျွမ်းကျင်လုပ်သား . . .

သတင်းဆောင်းပါး-ခင်ရတနာ၊
ဓာတ်ပုံ-မေဦးမိုး

"ပြည်တွင်းအလုပ်အကိုင်ရအောင် အခွင့်အလမ်းတွေပေးပါတယ်။ ဒါပေမယ့် ကျွမ်းကျင်တဲ့ ဝန်ထမ်းအားနည်းနေတဲ့အတွက် သင်ကြားမှုတွေ ပိုလုပ်ဖို့ လိုအပ်လာတာကို တွေ့ရတယ်။ မြန်မာနိုင်ငံက လုပ်သားအင်အား ပေါများပေ မယ့် ကျွမ်းကျင်လုပ်သားတွေ အများကြီးထွက်ပေါ်လာဖို့အတွက် ရင်းနှီးမြှုပ်နှံသူ အလုပ်ရှင်တွေနဲ့ အစိုးရ၊ အလုပ်သမားတွေအကြား သင်ကြားလေ့ကျင့်ပေးမှုနဲ့ စိတ်ပါဝင်စားစွာ သင်ယူတတ်မြောက်နိုင်မှုတွေ လိုအပ်နေသေးတယ်"လို့ မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံသူ ဆက်သွယ်ရေး အော်ပရေတာလုပ်ငန်းကြီး တစ်ခုရဲ့ အမှုဆောင်အရာရှိချုပ်က ပြီးခဲ့တဲ့ သီတင်းပတ်က ပြောဖူးပါတယ်။

ရန်ကုန်အပါအဝင် မြို့ကြီးတွေမှာ တိုးတက်လာတဲ့ အဆောက်အအုံတွေ၊ နည်းပညာတွေ၊ လုပ်ငန်းကြီးတွေ အများကြီးဖြစ်လာခဲ့ပါပြီ။ အလုပ်လုပ်နိုင်စွမ်းရှိတဲ့ လူငယ်တွေများပြားပေမယ့် လက်တွေ့မှာ ကျွမ်းကျင်လုပ်သားအဆင့်အထိ တက်လှမ်းနိုင်သူကတော့ နည်းပါးနေဆဲကို မြင်တွေ့ရပါတယ်။ အထူးသဖြင့် နိုင်ငံတကာ စံချိန်စံနှုန်းသတ်မှတ်ချက်နဲ့ တိုင်းတာဖို့အတွက် လုပ်သားအများစုဆီမှာ ကျွမ်းကျင်မှုစံနှုန်းတွေ တတ်မြောက်နိုင်ဖို့နဲ့ အသိအမှတ်ပြုနိုင်ဖို့က အရေးကြီးပါတယ်။

"နိုင်ငံတော်ကနေ လုပ်ငန်းခွင်အတွင်းမှာရှိတဲ့ အလုပ်သမားတွေရဲ့ အတွေ့အကြုံနဲ့ ကျွမ်းကျင်မှုတွေကို အသိအမှတ်ပြုထောက်ခံပေးရန် လိုအပ်သလို အလုပ်ရှင်တွေကလည်း မိမိအလုပ်သမားတွေရဲ့ ကျွမ်းကျင်မှုစံနှုန်းတွေကို အကဲဖြတ်ပေးဖို့၊ မြှင့်တင်ပေးဖို့ လိုအပ်ပါတယ်။ အလုပ်သမားတွေဘက်ကလည်း မိမိလုပ်ငန်းလုပ်ကိုင်သမျှတစ်လျှောက်လုံးမှာ ဆက်လက်သင်ယူနေဖို့ လိုအပ်တယ်" လို့ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးကျော်ကျော်လွင်က ပြောပါတယ်။

မြန်မာနိုင်ငံဟာ ၁၉၉၇ ခုနှစ်ကတည်းက အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့ပြီး အာဆီယံနိုင်ငံတွေအချင်းချင်း အာဆီယံစီးပွားရေးအသိုက်အဝန်း (ASEAN Economic Community-ACE) ကို အကောင်အထည်ဖော်နေခဲ့တဲ့အခါ ၂၀၁၅ ခုနှစ်မှာ အာဆီယံနိုင်ငံတွေက စီးပွားရေးပေါင်းစပ်မှုနဲ့အတူ ဘုံအလုပ်သမား ဈေးကွက် ပေါ်ထွက်လာရေးကို ဦးတည်ခဲ့ပါတယ်။

အာဆီယံနိုင်ငံအချင်းချင်း ကုန်စည်တွေ လွတ်လွတ်လပ်လပ်စီးဆင်းနိုင်သလို ဝန်ဆောင်မှုတွေ၊ ရင်းနှီးမြှုပ်နှံမှုတွေပြုလုပ်ရာမှာလည်း လွတ်လပ်စွာဆောင်ရွက်နိုင်ဖို့ အားထုတ်နေတာပါ။ အထူးသဖြင့် ကျွမ်းကျင်လုပ်သားတွေ လွတ်လပ်စွာနဲ့ အာဆီယံနိုင်ငံအချင်းချင်း လုပ်ကိုင်ဆောင်ရွက်နိုင်တဲ့ အချက်ကိုလည်း မျှော်မှန်းထားတဲ့အတွက် အာဆီယံနိုင်ငံအချင်းချင်း လုပ်သားစီးဆင်းတဲ့နေရာမှာ မြန်မာက နောက်ကျနေခဲ့လို့မဖြစ်ပါဘူး။

"ရန်ကုန်မှာ ဗီယက်နမ်ကနေ အဆောက်အအုံကြီးတစ်လုံး လာဆောက်တယ်။ အလုပ်သမားတွေ အများကြီး လိုအပ်တာပေါ့။ အခြေခံအကျဆုံးလုပ်သားလောက်ပဲ အလုပ်ကောင်းကောင်းရတယ်။ ကျန်တဲ့အလုပ်သမားအများစုက ကိုယ့်နိုင်ငံသားတွေ မဟုတ်ပါဘူး။ အဓိကပြဿနာက ကျွမ်းကျင်မှုအသိအမှတ်ရထားတာ မရှိတဲ့အခါကျတော့ လုပ်သားတွေအတွက် အားနည်းချက်ဖြစ်ရတယ်" လို့ အလုပ်သမားအရေး ဆောင်ရွက်သူတစ်ဦးက မှတ်ချက်ပေးပါတယ်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနကနေ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့နှင့် ကုလသမဂ္ဂတိုးတက်ရေးအစီအစဉ်တို့ရဲ့ ကူညီပေးမှုတွေနဲ့ နိုင်ငံအဆင့် သက်မွေးဝမ်းကျောင်းဆိုင်ရာ သင်ကြားလေ့ကျင့်ရေး စီမံကိန်းတွေကို ၁၉၇၂ခုနှစ်ကတည်းက စတင်ထားတာရှိပါတယ်။ အခုနောက်ပိုင်းမှာ ကျွမ်းကျင်လုပ်သားတွေ လွတ်လပ်စွာ ရွှေ့ပြောင်းသွားလာနိုင်မယ့် လုပ်ငန်းအစီအစဉ်အတွက် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုတွေ အပြန်အလှန်အသိအမှတ်ပြုတဲ့စနစ်တွေ ထားရှိဖို့ အာဆီယံအလုပ်သမားဝန်ကြီးတွေ အစည်းအဝေးမှာ သဘောတူညီထားတာ ရှိပါတယ်။ ၂၀၀၄ ခုနှစ်ကနေစပြီး အာဆီယံ-ဩစတြေးလျ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အကူအညီနဲ့ စတင်ခဲ့ပါတယ်။

ကျွမ်းကျင်မှုအသိအမှတ်ပြုရေးစနစ်တည်ထောင်ဖို့အတွက် အာဆီယံနိုင်ငံတွေအနက် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု စံသတ်မှတ်ချက်တွေမရှိသေးတဲ့ CLMV/T ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နဲ့ ထိုင်းနိုင်ငံတွေမှာ နိုင်ငံအဆင့်ကျွမ်းကျင်မှု သတ်မှတ်ချက်တွေကို ၂၀၀၆မှာ တိုးချဲ့စီမံကိန်းဆောင်ရွက်ခဲ့ပါတယ်။ နိုင်ငံအဆင့် အသိအမှတ်ပြုရေးစနစ်အဖြစ် ဂဟေဆက်၊ လေအေးပေးစက်ပြင်၊ ကွန်ကရစ်လုပ်ငန်း၊ ညှော်လမ်းညွှန်နဲ့ ကြက်မွေးမြူရေး နမူနာလုပ်ငန်းငါးခုအတွက် ကျွမ်းကျင်လုပ်သား စံသတ်မှတ်ချက်တွေကို နှိုင်းယှဉ်ပြီး အဆင့်လေးဆင့်နဲ့ တစ်ပြေးညီစတင်သတ်မှတ်ခဲ့တယ်လို့ ဦးကျော်ကျော်လွင်က ရှင်းပြပါတယ်။

လုပ်သားဈေးကွက်နဲ့ကိုက်ညီတဲ့ ကျွမ်းကျင်မှု စံသတ်မှတ်ချက်တွေကို ရေးဆွဲပြဋ္ဌာန်းနိုင်ဖို့ မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ကို ၂၀၀၇ ခုနှစ်ကတည်းက ဖွဲ့စည်းထားပြီး အလုပ်အကိုင်တွေအပေါ် ကျွမ်းကျင်မှုစံနှုန်းတွေကို ခွဲခြားသတ်မှတ်ပေးဖို့၊ အလုပ်အကိုင် ကျွမ်းကျင်မှုတွေအတွက် အသေးစိတ်တိကျတဲ့ ပုံစံတွေ ချမှတ်ဖို့၊ ကျွမ်းကျင်မှုတိုးတက်ရေးကို ညှိနှိုင်းဖို့နဲ့ ဦးစားပေးလုပ်ရမှာတွေ သတ်မှတ်ဖို့၊ အကဲဖြတ်သူတွေအတွက် တရားဝင်အသိအမှတ်ပြုဖို့၊ မှတ်တမ်းစနစ်ထူထောင်ဖို့တွေကို လုပ်ဆောင်ခဲ့ကြတယ်လို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက သိရပါတယ်။

"လုပ်ငန်းကဏ္ဍအလိုက် သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရနဲ့ ပုဂ္ဂလိကအဖွဲ့အစည်းတွေကနေ ကျွမ်းကျင်ပညာရှင်တွေ စစ်ဆေးပေးမှုနဲ့ အလုပ်အကိုင် ၁၇၃ မျိုးအတွက် ကျွမ်းကျင်မှုစံတွေ ရေးဆွဲနိုင်ခဲ့ပါတယ်။ လုပ်သားကျွမ်းကျင်မှုလက်မှတ်တွေ ပေးနိုင်ဖို့ ရေးဆွဲထားတဲ့ စံသတ်မှတ်ချက်တွေနဲ့ ရှိပြီးအလုပ်အကိုင်တွေထဲကနေ ကျွမ်းကျင်လုပ်သား လက်မှတ်တွေပေးနိုင်ခဲ့ပါတယ်။ စံချိန်စံညွှန်းတွေ အဆင့်မြင့်ဖို့အတွက် GIZ ၊Swisscontact တို့ရဲ့အကူအညီနဲ့ ပြန်လည်သုံးသပ်နိုင်ခဲ့သလို ကျွမ်းကျင်မှု သင်တန်းတွေနဲ့ စမ်းသပ်စစ်ဆေးမှုတွေ ပြုလုပ်နိုင် ခဲ့တယ်" လို့ ဦးကျော်ကျော်လွင်က ပြောပြပါတယ်။

နိုင်ငံ့စီးပွားရေးအရှိန်အဟုန်မြင့်လာတဲ့ ကာလဖြစ်တာကြောင့် ပြည်ပက အရင်းအနှီးတွေဟာလည်း ပြည်တွင်းကို အများကြီးဝင်လာပါတယ်။ဒီအခြေအနေမှာ ကျွမ်းကျင်လုပ်သားတွေ မွေးထုတ်ထားမယ်၊ သူတို့ရဲ့အရည်အချင်း စံနှုန်းတွေကို အသိအမှတ်ပြု ပေးထားမယ်ဆိုရင် ကျွမ်းကျင်လုပ်သားပြတ်လပ်တဲ့ပြဿနာကို အများကြီး ဖြေရှင်းပေးနိုင်မှာဖြစ်ပေမယ့် လက်ရှိမှာတော့ ပြည်တွင်းလုပ်ငန်းရှင်တွေကလည်း ပူးပေါင်းပါဝင်ဖို့ လိုအပ်နေတာကို တွေ့ရပါတယ်။

"အလုပ်သမားတွေက ကျွမ်းကျင်လာတာနဲ့အမျှ တောင်းဆိုမှုတွေ ပိုများလာတယ်။ လုပ်ခလစာနဲ့ ခံစားခွင့်ကို အဆမတန်လိုချင်ကြတာမျိုးလည်းရှိတယ်။ နောက်ပြီး အလုပ်ကူးပြောင်းသွားကြတာဆိုတော့ သမင်မွေးရင်း ကျားစားရင်းဖြစ်မှာကို အလုပ်ရှင်တွေဘက်က ပူပန်ကြတယ်။ အမှန်က နိုင်ငံတကာမှာလည်း ကျွမ်းကျင်လုပ်သား မွေးထုတ်ပေးဖို့ဆိုတာ အလုပ်ရှင်တွေမှာ အများကြီးမူတည်တယ်။ ဘယ်လို အတတ်ပညာမျိုးဖြစ်ဖြစ် လုပ်ငန်းခွင်ဝင်ရင်းကနေ ကျွမ်းကျင်လာခဲ့ကြရတာ။ အလုပ်အပြောင်းအရွှေ့ဆိုတာကလည်း နောက်ပိုင်း CSRတွေ တိုးလာတာနဲ့အမျှ၊ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းတဲ့ စီးပွားရေးလုပ်ငန်းတွေ ဖြစ်လာတာနဲ့အမျှ မဖြစ်မနေ လုပ်ပေးကြရမှာဆိုတော့ ကိုယ့်လုပ်သားကိုယ် အဆင့်မြှင့်ပေးသင့်ပါတယ်" လို့ လုပ်ငန်းရှင် တစ်ဦးကလည်း သူ့အမြင်ကိုပြောပြပါတယ်။

အလုပ်သမားများရဲ့ရည်မှန်းချက်ဟာ အာဆီယံအဆင့် လုပ်ခလစာဖြစ်ပါတယ်။ အနည်းဆုံးလုပ်ခလစာ တစ်နေ့ ငွေကျပ် ၃၆၀၀ ဟာ အခြေခံလုပ်သားတွေအတွက် နည်းပါးနေသေးတယ်လို့ စဉ်းစားသူ အလုပ်သမားများစွာရှိပါတယ်။ "အာဆီယံ လုပ်ခလစာကို မျှော်နေပေမယ့် ကျွန်မသိထားတာကတော့ ကျွန်မတို့ကိုယ်တိုင်လည်း အာဆီယံလုပ်သားတစ်ယောက် စံသတ်မှတ်တဲ့ ကျွမ်းကျင်မှုတွေ ရှိထားပြီးပြီလား။ ရှိထား၊ တတ်ထားတဲ့အရာတွေကိုရော မှတ်ကျောက်တင်ခံရပြီးပြီလား ဆိုတာပါပဲ။ ကျွန်မတို့အတွက် ကျွမ်းကျင်လုပ်သားပါလို့ ကိုယ့်ဟာကိုယ် ပြောနေလို့မရပါဘူး။ အထည်ချုပ်သမားတွေအတွက် တစ်နေ့ကို ဘယ်နှစ်ထည် ပြီးမလဲ၊ အာဆီယံစံနှုန်းက ဘယ်နှစ်ထည်လဲ၊ လက်ရှိထွက်လာတဲ့ product အရည်အသွေးက ဘယ်အဆင့်လဲဆိုတာတွေကို ထည့်တွက်ဖို့လိုသလို ကျွန်မတို့ ကျွမ်းကျင်မှုအတွက် ခိုင်မာတဲ့ စံသတ်မှတ်ချက်ထောက်ခံချက်တွေလည်း ရှိထားဖို့ လိုပါတယ်" လို့ အထည်ချုပ်စက်ရုံရဲ့လက်ထောက်မန်နေဂျာ အမျိုးသမီးတစ်ဦးက သူ့အမြင်ကို ပြောပြပါတယ်။

အမျိုးသားအဆင့် အရည်အသွေးမူဘောင်နဲ့အညီ သတ်မှတ်ထားတဲ့ အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုများကို အဆင့် (၁) အဖြစ် တစ်စိတ်တစ်ဒေသ ကျွမ်းကျင်လုပ်သား၊ အဆင့် (၂) ကျွမ်းကျင်လုပ်သား၊ အဆင့် (၃) အဆင့်မြင့် ကျွမ်းကျင်လုပ်သား၊ အဆင့်(၄) ကြီးကြပ်သူအဆင့်ဆိုပြီး လေးပိုင်းခွဲခြားထားပါတယ်။ နိုင်ငံတကာမှာတော့ အဆင့် (၅) သက်မွေးမှုကျွမ်းကျင်အဆင့် (Professional Level) အထိရှိပေမယ့် မြန်မာမှာတော့ အဆင့် လေးဆင့်သာ ရှိပါတယ်။

*စာမျက်နှာ ၁၉ သို့*



ကျွမ်းကျင်မှုသင်တန်းကျောင်းတစ်ခုတွင် လူငယ်များ ကျွမ်းကျင်မှုအတတ်ပညာများ သင်ကြားနေစဉ်

**"နိုင်ငံတော်ကနေ လုပ်ငန်းခွင်အတွင်းမှာရှိတဲ့ အလုပ်သမားတွေရဲ့ အတွေ့အကြုံနဲ့ ကျွမ်းကျင်မှုတွေကို အသိအမှတ်ပြု ထောက်ခံပေးရန် လိုအပ်သလို အလုပ်ရှင်တွေကလည်း မိမိအလုပ်သမားတွေရဲ့ ကျွမ်းကျင်မှုစံနှုန်းတွေကို အကဲဖြတ်ပေးဖို့၊ မြှင့်တင်ပေးဖို့ လိုအပ်ပါတယ်။ အလုပ်သမားတွေဘက်ကလည်း မိမိလုပ်ငန်းလုပ်ကိုင်သမျှတစ်လျှောက်လုံးမှာ ဆက်လက် သင်ယူနေဖို့ လိုအပ်တယ်"**

### စစ်ဆေးအကဲဖြတ်ရေးဌာနများ စာရင်း

| စဉ် | ဌာနအမည် |
|---|---|
| ၁။ | လျှပ်စစ်တပ်ဆင်မှုကျွမ်းကျင်စစ်ဆေးအကဲဖြတ်ရေးဌာန၊ ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်း(ရန်ကင်း)၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၂။ | လေအေးပေးစက်တပ်ဆင်သူ စစ်ဆေးအကဲဖြတ်ရေးဌာန၊ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(ရန်ကင်း)၊အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၃။ | အရောင်းဆိုင်ငွေကိုင်ဝန်ထမ်း စစ်ဆေးအကဲဖြတ်ရေးဌာန၊ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(ရန်ကင်း)၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၄။ | အဆောက်အအုံလက်သမား စစ်ဆေးအကဲဖြတ်ရေးဌာန၊ ဗဟိုသင်တန်းကျောင်း (သုဝဏ္ဏ)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၅။ | အုတ်စီလုပ်သားစစ်ဆေးအကဲဖြတ်ရေးဌာန၊ ဗဟိုသင်တန်းကျောင်း(သုဝဏ္ဏ)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၆။ | ဂဟေဆက်လုပ်သား စစ်ဆေးအကဲဖြတ်ရေးဌာန၊ စက်မှုသင်တန်းကျောင်း (ဆင်တဲ) |
| ၇။ | ဂဟေဆက်လုပ်သား စစ်ဆေးအကဲဖြတ်ရေးဌာန၊ ကမ္ဘာသင်တန်းကျောင်း |
| ၈။ | ဂဟေဆက်လုပ်သား စစ်ဆေးအကဲဖြတ်ရေးဌာန၊ အာဘာဖီး သင်တန်းကျောင်း |
| ၉။ | လျှပ်စစ်တပ်ဆင်မှုကျွမ်းကျင် စစ်ဆေးအကဲဖြတ်ရေးဌာန၊ အသက်မွေးမှု အတတ်ပညာသင်တန်းကျောင်း (CVT Myanmar) |
| ၁၀။ | ပရိဘောဂလက်သမား စစ်ဆေးအကဲဖြတ်ရေးဌာန၊ အသက်မွေးမှု အတတ်ပညာ သင်တန်းကျောင်း (CVT Myanmar) |
| ၁၁။ | အရောင်းဝန်ထမ်းစစ်ဆေးအကဲဖြတ်ရေးဌာန၊ အသက်မွေးမှုအတတ်ပညာ သင်တန်းကျောင်း(CVT Myanmar) |
| ၁၂။ | အရောင်းဆိုင်ငွေကိုင်ဝန်ထမ်းစစ်ဆေးအကဲဖြတ်ရေးဌာန၊ အသက်မွေးမှု အတတ်ပညာသင်တန်းကျောင်း(CVT Myanmar) |
| ၁၃။ | ဟိုတယ်စားပွဲထိုးဝန်ထမ်းစစ်ဆေးအကဲဖြတ်ရေးဌာန၊ တီအာစီ ဟိုတယ်နှင့် အသက်မွေးမှုလုပ်ငန်းခွင်သင်တန်းကျောင်း |
| ၁၄။ | ဟိုတယ်စားပွဲထိုးဝန်ထမ်းစစ်ဆေးအကဲဖြတ်ရေးဌာန၊ Moonsoon Restaurant |
| ၁၅။ | အိပ်ခန်းဆောင်ဝန်ထမ်းစစ်ဆေးအကဲဖြတ်ရေးဌာန၊ Star Resources Academy |
| ၁၆။ | အထည်ချုပ်ကျွမ်းကျင်သူစစ်ဆေးအကဲဖြတ်ရေးဌာန၊ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ |

# နှစ်ပေါင်း ၁၂၀ ကျော်က ရှေးဟောင်းသမိုင်းဝင် ကျောင်းတော်ကြီး

**တင်လှိုင်(မိတ္ထီလာ)** • • • • •


ရွှေရန်ပြေကျောင်းတော်ကြီးကို တွေ့ရစဉ်

ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေစော်ဘွားကြီး ဆာစောအုံက ဘာသာ၊ သာသနာ မေ့မှိန်ညှိုးနွမ်းမည်စိုး၍ ညောင်ရွှေစော်ဘွားကြီးစောအုံနှင့် စေတနာရှင် အလှူရှင်များက ညောင်ရွှေမြို့နယ် တိလောစခန်းကြီးကျေးရွာအုပ်စု ရွာတော်(ခေါ်) ရွှေရန်ပြေရွာဦးတွင် ၁၂၅၀ ပြည့်နှစ် ပထမဝါဆိုလဆန်း ၅ ရက်တွင် ရွှေရန်ပြေ ဥဒ္ဒိဿစေတီတော်ကြီးကို ဉာဏ်တော်အမြင့်မှာ ထီးတော်အပါအဝင် ၈၁ ပေရှိ ရွှေရန်ပြေစေတီတော်ကြီးကို တည်တော်မူခဲ့သည်။

အဆိုပါ စေတီတော်မြတ်ကြီးတည်ထားပြီး ရွှေရန်ပြေတွင် လေးသွယ်သော တံတိုင်းကာရံထားသည်။ မဟာရံတံတိုင်းအတွင်းတွင် ကျောက်ဆင်းတု ၇၀၀ ကို လိုဏ်ထွင်း၍ တည်ထားကာ သံဃာတော်မြတ်တို့ သီတင်းသုံးရန် စတုဒိသာ သံဃိကဖြစ်သော ရွှေရန်ပြေကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့သည်။

ဘုရားဒကာ ညောင်ရွှေစော်ဘွားကြီးစောအုံ တည်ထားခဲ့သော ရွှေရန်ပြေ စေတီတော်၏ အရှေ့ဘက်တွင်လည်း ရွှေရန်ပြေကျောင်းတော်ကြီးကို ဆောက်လုပ်ပြီး ၁၂၅၀ ခုနှစ် နယုန်လပြည့်ကျော် ၅ ရက်တွင် ရေစက်သွန်းချ အမှူပေးဝေခဲ့သည်။ ရွှေရန်ပြေကျောင်းတော်ကြီးမှာ အလျား ၈၅ ပေ၊ အနံ ၅၅ ပေရှိပြီး မြေစိုက်တိုင်လုံးရေ ၁၆၇ လုံးဖြင့် တည်ဆောက်ထားသည့်အပြင် မျက်နှာစာတိုင်များကို မှန်စီသရိုးထိုင်ကာ လေဒဏ်၊ မိုးဒဏ်၊ နေဒဏ်ကို ကာကွယ်ထားသည်။ ဘုံပြာသာဒ် အဆင့်ဆင့်ဖြင့် အထွတ်တင်ပူဇော်ထားပြီး ပန်းကနုတ်လက်ရာတို့ဖြင့် ပန်းဆွဲ အနုပညာမှာ ချီးကျူး စရာကောင်းလှပြီး ပြတင်းတံခါးတို့ကို တစ်မူထူးခြားစွာ ဘဲဥပုံသဏ္ဌာန် ဖောက်လုပ်ထားသည်။

ကျောင်းတော်အပေါ်သို့ တက်ရောက်ရန် မင်္ဂလာလှေကားများလည်း ဆန်းကြယ်စွာ ဆောက်လုပ်ထားသည်။ ကျောင်းမြောက်ဘက် အရှေ့မင်္ဂလာ လှေကားတွင် မာန်တဝံ့ဝံ့နှင့် မာန်ရေးပြနေသည့် ခြင်္သေ့နှစ်ကောင်တို့ဖြင့် တည်ဆောက်ထားသည်။ အနောက်မင်္ဂလာ လှေကားတွင် နဂါးမောင်နှံလက်ရာမှာ ရှေးခေတ် ပန်းရန်တမော့လက်ရာ မာန်ဖြစ်သည်။ ကျောင်းတောင်ဘက် အရှေ့မင်္ဂလာလှေကား၌ ခြင်္သေ့သားငယ်နှစ်ကောင်ကို ထားရှိသည်။ အနောက်မင်္ဂလာ လှေကားတွင် အဘိုးအို၊ အဘွားအိုရုပ်တုကို ထုလုပ်ထားသည်။

ရွှေရန်ပြေကျောင်းတော်၏ အမိုးပြုလုပ်ထားပုံမှာ ကျွန်းသစ်များကို အထပ်ထပ် မိုးထားပြီး ယင်းအထက်တွင် သွပ်မိုးထားသည်။ ယင်းကျွန်းသစ်များသည်ပင် မျက်နှာကြက်အသွင်လုပ်ထားသည်။ ကျောင်းဆောင်အတွင်း အထက်မျက်နှာကြက်နှင့် ရေတံလျှောက်ဘေးမှ အကာအရံများနှင့် ကျွန်းတိုင်များအားလုံး မှန်စီရွှေချထားသည်။ ဘုရားဆင်းတုတော်များ သီတင်းသုံးရာ ကျောင်းဆောင်နှင့် ပလ္လင်တော်များကိုလည်း မှန်စီရွှေချ ကနုတ်ပန်းများ၊ သစ်သားထွင်းကနုတ် အပြောက်အမွမ်းတို့ဖြင့် အနုပညာလက်ရာ ဂုဏ်ယူစရာ ထုဆစ်တန်ဆာဆင်ထားသည်။

အထက်မျက်နှာကြက်တွင်လည်း မှန်စီရွှေချ မျက်နှာကြက်များ၊ သာလိကာပုံဖော်လက်ရာများကိုလည်း တွေ့ရသည်။ ကျက်သရေဆောင် မြောက်ဘက်ခန်းသည် ကျောင်းထိုင်ဆရာတော်အဆက်ဆက် သီတင်းသုံးသည့် အခန်းဖြစ်ပြီး အခန်းတွင်းသို့ဝင်ရန် တံခါးပေါက်၌ နတ်သားပုံထွင်းထုထားသည်။ ကျက်သရေဆောင်၏ မြောက်ဘက်၊ တောင်ဘက်၊ အနောက်ဘက်တို့တွင် "သံဃာသန" သံဿာနေရာကို ပလ္လင်ပုံသဏ္ဌာန် ဖန်တီးပူဇော်ထားပြီး ကျက်သရေဆောင် လက်ရန်းတွင် ရွှဲလုံးကြီးများ တပ်ဆင်ထားသည်။

ရွှေရန်ပြေကျောင်းတော်အတွင်းတွင် ကနုတ်ပန်းများဖြင့် ထွင်းထုထားသည့် စာတိုက်ဗီရိုများ၊ ကျွန်းသေတ္တာများ၊ ရွှေဆွမ်းအုပ်ကြီးများ၊ တောင်းလှန်းကြီးများဖြင့် ရှေးဟောင်းလက်ရာများဖြင့် ပြည့်နှက်နေသည့် ကျောင်းတော်ကြီးဖြစ်သည်။ ရွှေရန်ပြေကျောင်းတော်ကြီးတွင် ၁၂၅၀ ပြည့်နှစ်မှ ယခုအထိ ကျောင်းထိုင် ဆရာတော် ၁၀ ပါးမြောက် သီတင်းသုံးနေထိုင်ရာ ရှေးဟောင်းသမိုင်းဝင်ကျောင်းတော်ကြီးဖြစ်သည်။ ရွှေရန်ပြေကျောင်းတော်ကြီးမှာ ၁၂၅၀ ပြည့်နှစ်မှ ယခု ၁၃၇၈ ခုနှစ်အထိ နှစ်ပေါင်း ၁၂၈ နှစ် ကြာမြင့်ခဲ့သည့် ရှေးဟောင်းသမိုင်းဝင်ကျောင်းတော်ကြီးဖြစ်ပြီး သွားရောက်လေ့လာလိုလျှင် ရှမ်းပြည်နယ်တောင်ပိုင်း ရွှေညောင်မှ ညောင်ရွှေအင်းလေးသို့ သွားရာလမ်းဘေးတွင် တည်ရှိကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ●

**ရွှေရန်ပြေကျောင်းတော်၏ အမိုးပြုလုပ်ထားပုံမှာ ကျွန်းသစ်များကို အထပ်ထပ် မိုးထားပြီး ယင်းအထက်တွင် သွပ်မိုးထားသည်။ ယင်းကျွန်းသစ်များသည်ပင် မျက်နှာကြက်အသွင်လုပ်ထားသည်။**

---

*စာမျက်နှာ ၁၈ မှ*

၂၀၁၆-၁၇ ခုနှစ်အတွက် အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်နိုင်ဖို့ အလုပ်အကိုင် ၂၅ မျိုးရှိပြီး နောက်နှစ်တွေမှာလည်း တိုးချဲ့သွားဖို့ ရှိနေတယ်လို့ သိရပါတယ်။ လေအေးပေးစက် တပ်ဆင်မှု၊ လျှပ်စစ်တပ်ဆင်မှု၊ ပရိဘောဂလက်သမား၊ အဆောက်အအုံလက်သမား၊ ဟိုတယ်စားပွဲထိုး၊ အရောင်းဆိုင်ငွေကိုင်၊ အရောင်းဝန်ထမ်း၊ အုတ်စီ၊ အထည်ချုပ်၊ အိပ်ခန်းဆောင်ဝန်ထမ်း၊ မော်တော်ယာဉ်စက်ပြင်၊ မော်တော်ယာဉ်စက်စစ်ဆေးသူ၊ ဟိုတယ်ညွှန်ကြား၊ ကွန်ကရစ်ဖျော်၊ သံရည်ကျိုပုံသွန်း၊ ခါတ်ငွေ့ဂဟေဆက်၊ တွင်ခုံ၊ ဖောက်ခုံ၊ သတ္တုတွင်းတူး၊ လယ်ယာသုံး စက်ကိရိယာပြင်၊ ပိုက်ဆက်၊ ကြွေပြားကပ်၊ အသေးစား စက်ပြင်၊ Public Area Attendant နှင့် Pneumatic Technician တို့ကို ရွေးချယ်သတ်မှတ်ထားပါတယ်။

အလုပ်ရှင်တွေရဲ့ ပြည်တွင်းလုပ်ငန်း လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးဖို့အတွက် အလိုအပ်ဆုံးလုပ်ငန်း ၁၁ မျိုးဖြစ်တဲ့ လေအေးပေးစက်တပ်ဆင်သူ၊ လျှပ်စစ်တပ်ဆင်သူ၊ ပရိဘောဂလက်သမား၊ အဆောက်အအုံလက်သမား၊ ဂဟေဆက်လုပ်သား၊ ဟိုတယ်စားပွဲထိုး၊ အရောင်းဆိုင်ငွေကိုင်၊ အရောင်းဝန်ထမ်း၊ အုတ်စီလုပ်သား၊ အထည်ချုပ်ကျွမ်းကျင်သူနဲ့ အိပ်ခန်းဆောင်ဝန်ထမ်းစတဲ့ အလုပ်အကိုင်တွေကို ကျွမ်းကျင်မှုလက်မှတ်တွေ စတင်ထုတ်ပေးနေခဲ့တာ ၆၇၈ ဦးခန့်ရှိပြီလို့ သိရပါတယ်။ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ဆို နည်းနေတာမှန်ပေမယ့် ပထမခြေလှမ်းတွေဖြစ်တာကြောင့် လုပ်သားတွေအတွက် မျှော်လင့်ချက်တစ်ရပ် ဖြစ်လာခဲ့ပါပြီ။

အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကို ၂၀၁၃ ခုနှစ်ကတည်းက ပြဋ္ဌာန်းထားပြီးသားဖြစ်ပါတယ်။ အဲဒီဥပဒေအရ ကျွမ်းကျင်မှု လေ့ကျင့်ရေးကျောင်းတွေနဲ့ စစ်ဆေးရေးဌာနတွေကို ပုဂ္ဂလိကကလည်း လုပ်ကိုင်နိုင်ပါတယ်။ ဝန်ကြီးဌာနက အလုပ်အကိုင်တိုးတက်ရေး၊ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးနဲ့ အသိအမှတ်ပြုရေး၊ ပြည်တွင်း ကျွမ်းကျင်မှု စံသတ်မှတ်ရေးစနစ်၊ အလုပ်သင်နဲ့ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေ ထူထောင်ခြင်းတွေကို ကြီးကြပ်သွားဖို့ ရှိတယ်လို့ သိရပါတယ်။

"လက်ရှိမှာ ကျွမ်းကျင်မှုကို စစ်ဆေးအကဲဖြတ်ဖို့ ရွေးချယ်ထားတဲ့အထဲမှာ ကိုယ်တိုင်က စစ်ဆေးခံမယ်ဆိုရင် ရုံးအမှတ်(၅၁)၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နေပြည်တော်ကို ဆက်သွယ်လို့ရသလို ၂၉၈၊ မြန္တလမ်း ၁၃ရပ်ကွက် ရန်ကင်းမြို့နယ် ဖုန်းနံပါတ် ၀၁-၈၅၆၄၇၇၃ကို ဆက်သွယ်နိုင်ပါတယ်။ စစ်ဆေးမှုတွေအတွက် လူတစ်ယောက်ကို ငွေကျပ် ၁၀၀၀၀၀ လောက် ကျပါတယ်။ စစ်မယ်ဆိုရင် လေးရက်တိတိလာရမှာဖြစ်သလို နှစ်ရက်က ပြန်လည်လေ့ကျင့်ပေးဖို့နဲ့ တစ်ရက်က စာမေးပွဲ အကြိုလေ့ကျင့်မှု၊ နောက်ဆုံးရက်ကတော့ ဖြေဆိုမယ့်ရက် ဖြစ်ပါတယ်။ လူစုထားပြီး စစ်ဆေးပေးတာမို့ လူနည်းနေရင်တော့ စောင့်ရမှာဖြစ်ပါတယ်။ များလာတဲ့အခါ ဖြေဆိုမယ့်ရက်ကို အကြောင်းကြားပေးပါတယ်။ နိုင်ငံတော်နဲ့ ပံ့ပိုးပေးနေတဲ့ အဖွဲ့အစည်းတွေက စစ်ဆေးမှု ကုန်ကျစရိတ်တွေကို ခံပေးတာဖြစ်ပြီး လာစစ်တဲ့သူတွေကတော့ အခမဲ့ဖြစ်ပါတယ်"လို့ ဦးကျော်ကျော်လွင်က ရှင်းပြပါတယ်။

မြန်မာနိုင်ငံသည် အာဆီယံစီးပွားရေးအသိုက်အဝန်းသို့ ဝင်ရောက်ခဲ့ပြီဖြစ်ရာ မိမိတို့ လူသားအရင်းအမြစ်များကို ကျွမ်းကျင်လုပ်သားများအဖြစ် လေ့ကျင့်ပျိုးထောင်ပြီး အာဆီယံနိုင်ငံများ၏ ဘုံအလုပ်သမားဈေးကွက်တွင် အရည်အသွေး ပြည့်ဝစွာ ယှဉ်ပြိုင်နိုင်ရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများအားလုံးတွင် တာဝန်ကိုယ်စီရှိပါသည်။ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိပြီး အလုပ်လုပ်နိုင်သူဦးရေမှာ ၃၂ သန်းကျော်ရှိသည်။ ထို့ပြင် တစ်နိုင်ငံလုံး၏ ၆၇ ရာခိုင်နှုန်းသော အလုပ်လုပ်နိုင်သည့် လူ့စွမ်းအားရင်းမြစ်များသည် ပြည်တွင်းပြည်ပ အလုပ်အကိုင်များကို ရရှိကာ ကျွမ်းကျင်သည့် အလုပ်သမားများအဖြစ် ရပ်တည်နိုင်ကြပြီး နိုင်ငံတော်အတွက် မှန်ကန်သည့် ဝင်ငွေလမ်းကြောင်း၊ တိုင်းပြည်တိုးတက် ကြီးပွားရေးအတွက် ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးသူများ ဖြစ်လာစေရန် ရည်ရွယ်ကာ ပြည်တွင်းပြည်ပ အလုပ်အကိုင်အခွင့်အလမ်းများ၊ ကျွမ်းကျင်မှုစနစ်များ၊ လိုအပ်ချက်များ၊ လူမှုဖူလုံရေးခံစားခွင့်များအကြောင်းကို အပတ်စဉ် တင်ဆက်သွားရန် ရည်ရွယ်ထားပါသည်။

**(မြန်မာ့အလင်း)**



**အဲဒီဥပဒေအရ ကျွမ်းကျင်မှု လေ့ကျင့်ရေးကျောင်းတွေနဲ့ စစ်ဆေးရေးဌာနတွေကို ပုဂ္ဂလိကကလည်း လုပ်ကိုင်နိုင်ပါ တယ်။ ဝန်ကြီးဌာနက အလုပ်အကိုင်တိုးတက်ရေး၊ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးနဲ့ အသိအမှတ်ပြုရေး၊ ပြည်တွင်း ကျွမ်းကျင်မှု စံသတ်မှတ်ရေးစနစ်၊ အလုပ်သင်နဲ့ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေ ထူထောင်ခြင်းတွေကို ကြီးကြပ်သွားဖို့ရှိ**



# ဝါကျထဲက မြန်မာမဆန်သော ‘နှင့်၊ အပေါ်၊ အကြား’

**မောင်ခင်မင်(ဓနုဖြူ)**

“ဒီတစ်ပတ်တော့ ဝါကျထဲကမြန်မာမဆန်တဲ့ အသုံးအနှုန်း တချို့အကြောင်းပြောဖို့ စိတ်ကူးမိတယ် သမီးရဲ့”

“ပြောပြပါ ဘဘ၊ ဘာအသုံးအနှုန်းတွေပါလဲ”

“ပထမတစ်ခုက ‘နှင့်’ အသုံးပေါ့။ အရင်ပြောတဲ့ အသုံးအနှုန်းမျိုး မဟုတ်ဘူး။ ဟိုတစ်နေ့က ဂျာနယ်ထဲမှာတွေ့လိုက်လို့ သတိရတာပါ”

“ ‘နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါ်အောင်ဆန်းစုကြည်’ ဆိုတဲ့ အသုံးမျိုးလေ”

“ဟုတ်ကဲ့ပါ”

“ ‘နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်’ ဆိုတဲ့ပုဒ်နဲ့နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး’ ဆိုတဲ့ပုဒ်ကြားမှာ ‘နှင့်’ ထည့်ရေးတဲ့အသုံးကို ပြောတာပါ”

“အရင်လည်းဒီလိုပဲ ရေးတာပဲ မဟုတ်လားဘဘ”

“ဟုတ်တယ်။ ဟိုအရင်ခေတ်တုန်းက ‘နိုင်ငံတော်ကောင်စီဥက္ကဋ္ဌကြီးနှင့်နိုင်ငံတော်သမ္မတကြီး’ ဆိုတာမျိုးရေးတာ အမြဲတွေ့ရတယ်။ ပုဂ္ဂိုလ်တစ်ယောက်တည်းက အလုပ်တာဝန်နှစ်ခုရှိရင် ကြားမှာ ‘နှင့်’ ခံရေးကြတာလေ။ ကျောင်းအုပ်ဆရာကြီးနှင့်မိဘဆရာအသင်း ဥက္ကဋ္ဌဆိုတာ မျိုးပေါ့”

“တွေ့ဖူးပါတယ် ဘဘ”

“အဲဒါမြန်မာစာရေးထုံးမဟုတ်လို့ မြန်မာမဆန်ဘူးလို့ ပြောချင်တာပါ”

“ဟုတ်လား ဘဘ။ သမီးတို့လည်း ဒီလိုပဲ ရေးနေတာပါ”

“ဟုတ်တယ်။ အင်္ဂလိပ်စာမှာသမီးလည်းသင်ခဲ့ရမှာပါ။ အဲဒီလို နာမ်နှစ်ခုစပ်တဲ့ အသုံးမျိုးကို ‘Noun in apposition’ လို့ခေါ်တယ် မဟုတ်လား။ ‘Primeminister and Chairman of the Association’ ဆိုတာမျိုး ဝန်ကြီးချုပ်နှင့်အသင်းဥက္ကဋ္ဌက ပုဂ္ဂိုလ်တစ်ယောက်တည်းဆိုရင် အဲဒီအလုပ်နဲ့ဆိုင်တဲ့ နာမ်နှစ်ခုကြားမှာ and ထည့်ရေးရတာလေ။ မြန်မာလိုရေးတော့လည်း အဲဒီပုံစံအတိုင်းလိုက်ရေးနေကြတာ”

“ဒီလိုဆိုရင် ကြားမှာ ‘နှင့်’ မထည့်ရဘူးပေါ့နော် ဘဘ”

“ဟုတ်တယ်။ ‘နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ’လို့ရေးရမှာပေါ့။ ခုနပြောသလို မိဘဆရာအသင်းဥက္ကဋ္ဌ ကျောင်းအုပ်ဆရာကြီးလို့ ရေးရတာပေါ့”

“ဟုတ်ကဲ့ပါ”

“ရှေးက အသုံးတွေကို ကြည့်ရင် အဲဒီလိုပဲ တွေ့မှာပါ။ ‘ကင်းဝန် သေနတ်ဝန်မင်းကြီး’ ဘယ်သူ ဘယ်ဝါဆိုတာမျိုး ရာထူးတွေကို တန်းစီပြီးရေးလေ့ရှိတယ်။ ဗိုလ်မှူးလည်းဖြစ် ဝန်ကြီးလည်းဖြစ်တဲ့ပုဂ္ဂိုလ်ကို ‘ဗိုလ်မှူးဝန်ကြီး မဟာသီဟသူရ’ လို့ သုံးတယ်။ ‘ဗိုလ်မှူးနှင့် ဝန်ကြီး’ လို့ ရေးစရာမလိုဘူး”

“ဟုတ်ကဲ့ပါ ဘဘ”

“ထင်ရှားတဲ့ သာဓကပြဦးမယ်။ မြန်မာမင်းတွေ ထုတ်ပြန်တဲ့ အမိန့်တော်တွေမှာ ‘ဘုန်းတော်အလွန်တရာကြီးမြတ်တော်မူလှသော ရေမြေအရှင် ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများရှင် လက်နက်စကြာသခင် ဘဝရှင်မင်းတရားကြီး ဘုရားအမိန့်တော်ရှိသည်’ လို့ အစချီလေ့ရှိတယ်။ ဘုရင်ကို ရည်ညွှန်းတဲ့ နာမ်တွေပဲ။ အဲဒီနာမ်တွေကြားမှာ ‘နှင့်’ ထည့်စရာမလိုဘူးလေ။ တန်းစီပြီးရေးရုံပဲ”

အဲဒီလိုဆိုရင်....

“အဲဒီလိုဆိုရင် မြန်မာမဆန်ဘူးပေါ့။ ‘ခေတ်ပေါ်မြန်မာကဗျာလေ့လာချက်’ လို့ ဘာမှမထည့်ဘဲရေးရေး၊ ခေတ်ပေါ်မြန်မာကဗျာကို လေ့လာခြင်း’ လို့ပဲရေးရေး မြန်မာအသုံးအနှုန်းတွေပါပဲ”

“ဟုတ်ပါတယ်ဘဘ။ သမီးတို့လည်း အဲဒီ ‘အပေါ်’ ဆိုတဲ့ အသုံးကိုတွေ့နေကျဖြစ်နေလို့ မှန်တယ်လို့ထင်နေတာပါ”

“သြော်... ဘဘ မေ့သွားလို့ မြန်မာမဆန်တဲ့ ‘နှင့်’ အသုံးတစ်ခုရှိသေးတယ်။ အင်း...အဲဒီအသုံးကတော့ မြန်မာအသုံးလို့ပဲ ယူဆနေကြလို့ ဘဘတို့တောင်လိုက်ရေးမိတယ်လေ”

“ဘယ်အသုံးပါလဲ ဘဘ”

“နာမ်တွေကိုတန်းစီရေးတဲ့အခါ နောက်ဆုံးနာမ်ရဲ့ရှေ့မှာ ‘နှင့်’ ထည့်ရေးတာလေ”

“သြော်...ရန်ကုန်မြို့ ပုသိမ်မြို့နှင့် မော်လမြိုင်မြို့တွင်လို့ ရေးတာမျိုးလားဘဘ”

“ဟုတ်တယ်။ အဲဒီလို နောက်ဆုံးနာမ်တွေက ‘နှင့်’ ထည့်တာလည်း အင်္ဂလိပ်အသုံးရဲ့သြဇာပဲလို့ တစ်ခါက ထင်ရှားတဲ့ မြန်မာပညာရှင်ဝဇီရဗုဒ္ဓိဆရာကြီးဦးဖိုးစိန်က ထောက်ပြဖူးတယ်”

“ပြောပြပါဘဘ”

“ဦးဖိုးစိန်က အခုခေတ်မှာ ‘ဖိုးမြ၊ ဖိုးလှနှင့်ဖိုးခင်သွားသည်’ လို့ရေးနေကြတယ်..တဲ့။ အဲဒီအသုံးဟာ ‘Po Mya Po Hla and Po Khin go’ ဆိုတဲ့ အင်္ဂလိပ်အသုံးကိုလိုက်သုံးတာမျိုးဖြစ်နေတယ်...တဲ့။ မြန်မာရေးထုံးအတိုင်း ရေးရင်တော့ ‘ဖိုးမြဖိုးလှဖိုးခင်တို့လာကြသည်’ လို့ နောက်က ‘တို့’ နဲ့ ပိတ်ပြီး ရေးရမယ်...တဲ့။ ‘တို့’ က အားလုံးစုပေါင်းလိုက်တဲ့ အဓိပ္ပာယ် တဲ့”

“ဟုတ်ကဲ့ပါ”

‘ဟုတ်တယ်။ ရှေးက စာတွေမှာလည်း အဲဒီအတိုင်းပဲ ရေးပါတယ်။

“ ‘သရက်သီး လိမ္မော်သီး ငှက်ပျောသီးတို့ဖြင့် ပူဇော်၏’ ဆိုတာမျိုးပေါ့။ ‘သရက်သီး လိမ္မော်သီးနှင့်ငှက်ပျောသီး’ လို့ ရေးစရာမလိုဘူးလေ”

“မှတ်သားထားပါ့မယ်ဘဘ”

“နောက်ဆုံးပြောချင်တဲ့အသုံးကလည်း အခုခေတ်မှာ တော်တော်တွင်ကျယ်နေတဲ့အသုံးပဲ”

“ဘာအသုံးပါလဲဘဘ”

“သတင်းစာတွေမှာ၊ ဂျာနယ်တွေမှာ အမြဲတွေ့ရတယ်။ ကြေညာချက်တွေမှာလည်းတွေ့ရတယ်။ ‘နှစ်နိုင်ငံအကြား ဆွေးနွေးချက်’ တို့ ‘နှစ်နိုင်ငံအကြား ဆက်ဆံရေး’ တို့ ဆိုတဲ့ အသုံးတွေလေ”

“ဟင်..အဲဒီအသုံးက မြန်မာအသုံးမဟုတ်ဘူးလားဘဘ”

“မဟုတ်ပါဘူးကွယ်။ between two countries ဆိုတဲ့ အသုံးကို မြန်မာလို တိုက်ရိုက်ကြီးဘာသာပြန်သုံးတာပါ။ အရင်တုန်းက အဲဒီအသုံးမျိုးတွေ သတင်းစာ၊ ဂျာနယ်တွေမှာ မတွေ့ရပါဘူး”

**“ဦးဖိုးစိန်က အခုခေတ်မှာ ‘ဖိုးမြဖိုးလှနှင့်ဖိုးခင်သွားသည်’ လို့ရေးနေကြတယ်..တဲ့။ အဲဒီအသုံးဟာ ‘Po Mya Po Hla and Po Khin go’ ဆိုတဲ့ အင်္ဂလိပ်အသုံးကိုလိုက်သုံးတာ မျိုးဖြစ်နေတယ်...တဲ့။ မြန်မာရေးထုံးအတိုင်း ရေးရင်တော့ ‘ဖိုးမြဖိုးလှဖိုးခင်တို့လာကြသည်’ လို့နောက်က ‘တို့’ နဲ့ ပိတ်ပြီး ရေးရမယ်...တဲ့။ ‘တို့’ က အားလုံးစုပေါင်းလိုက်တဲ့ အဓိပ္ပာယ် တဲ့”**

“နားလည်ပါပြီ ဘဘ”

“ရာထူးနှစ်ခုကြားမှာ ‘နှင့်’ ထည့်ရင် ပုဂ္ဂိုလ်နှစ်ယောက်ကို ဆိုလိုတယ်လို့ နားလည်ကြမှာပဲလေ။ ‘နိုင်ငံတော်သမ္မတကြီးနှင့် ဥက္ကဋ္ဌကြီး’ လို့ သုံးရင် ပုဂ္ဂိုလ်နှစ်ယောက်လို့ ထင်စရာရှိတာပေါ့”

“ဟုတ်တာပေါ့နော် ဘဘ”

“အဲဒီအသုံးကို မကြာခဏတွေ့ရလို့ သတိပြုမိတာပါ။ နောက်အသုံးတစ်ခုက ‘အပေါ်’ ဆိုတဲ့ အသုံးလေ”

“ဘယ်လိုပါလဲ ဘဘ”

“ ‘ငြိမ်းချမ်းရေးအပေါ် ထားရှိသည့် သဘောထားတို့’ ‘မြန်မာဝတ္ထုများအပေါ် ထင်မြင်ချက်’ တို့ဆိုတဲ့ အသုံးတွေလည်း မကြာခဏ တွေ့ရတယ်။ အဲဒီ ‘အပေါ်’ ဆိုတဲ့ အသုံးက ‘ on’ ဆိုတဲ့ အင်္ဂလိပ်အသုံးရဲ့သြဇာပဲ။ ‘ A Study on Modern Poetry’ ဆိုတဲ့ အရေးကို ‘ခေတ်ပေါ်ကဗျာအပေါ် လေ့လာချက်’ လို့ သာဘာပြန်တာမျိုးဖြစ်နေတယ်”

“ဒါဆိုရင်”

“ ‘နှစ်နိုင်ငံ၏သဘောထား၊ နှစ်နိုင်ငံဆက်ဆံရေး၊ နှစ်နိုင်ငံဆွေးနွေးချက်’ ဆိုတာမျိုးသုံးရင်ပြီးပါပြီ။ ‘မြန်မာနိုင်ငံနှင့်ထိုင်းနိုင်ငံ ဆက်ဆံရေး’ ဆိုတာ မြန်မာအသုံးမှန်နေတာပဲ၊ ‘မြန်မာ နိုင်ငံနှင့်ထိုင်းနိုင်ငံအကြား ဆက်ဆံရေး ’လို့ ‘အကြား’ ကြီးဝင်ရှုပ်နေတာမျိုးတွေ့ရင်ဘဘတော့ဘာကို မြင်ယောင်လာတယ်ထင်သလဲသိလား”

“ပြောပြပါဘဘ”

“နိုင်ငံနှစ်နိုင်ငံကြားက ချောက်ကြီးတစ်ခုကို ပြန်မြင်ယောင်လာတယ် ‘အကြား’ ဆိုတာကိုး”

“ဘဘ ကတော့ တော်တော်ပြောတတ်တာပဲနော်။ ဟုတ်ကဲ့ပါ။ အဲဒီ ‘အကြား’ ဟာ မြန်မာမဆန်တဲ့အပြင် အပိုဖြစ်နေတာ ပေါ့နော်” “ဒါပေါ့ကွယ်။ ကဲ...ဒီတစ်ပတ်ကတော့...”

“ဟုတ်ကဲ့ပါ ။ ကျေးဇူးတင်ပါတယ်ဘဘ”

# ခံတွင်းကင်ဆာမဖြစ်အောင် ကွမ်းစားသုံးခြင်းကို ရှောင်ကြဉ်ကြပါစို့



**မောင်တင်**

သီရိလင်္ကာနိုင်ငံမှာရှိတဲ့အမျိုးသားတွေ ကင်ဆာရောဂါပျံ့နှံ့မှုပမာဏ လေးပုံ တစ်ပုံရှိနေခြင်းဟာ ဘာကြောင့်ပါလဲ။ အကြောင်းကတော့ ကွမ်းသီးနှင့် ဆေးရွက်တွေပါဝင်တဲ့ ကွမ်းယာတွေကို စားသုံးခြင်းကြောင့် ဖြစ်တယ်လို့ အမျိုးသားကင်ဆာထိန်းချုပ်ရေး အစီအစဉ် သွားဘက်ဆိုင်ရာ အတိုင်ပင်ခံတစ်ဦး ဖြစ်သူ ဒေါက်တာ ပါဆန်နာဂျေရာစီ ကရာက ပြောပါတယ်။

ဒေါက်တာ ဂျေရာစီကရာက ဆေးရွက်ကြီးမှာ ကင်ဆာဖြစ်စေသော အရာတွေ ၂၈ မျိုးပါဝင်ပြီး၊ ကွမ်းသီးမှာတော့ ကင်ဆာဖြစ်စေတဲ့ အဆိပ်လေးမျိုးပါဝင်တယ်လို့ ဆိုထားပါတယ်။ ဒါတွေကို သတိမမူဘဲ ကွမ်းယာစားတဲ့သူတွေဟာ နောက်ဆုံးမှာ ကင်ဆာရောဂါရဲ့ သားကောင်တွေဖြစ်လာပါတော့တယ်။ ဒေါက်တာ ဂျေရာစီကရာက “အဆိပ်တွေ ပါဝင်တဲ့ ဆေးရွက်တွေစားသုံးခြင်းကို ရှောင်ရှားသင့်ပါတယ်။ ဒါ့အပြင် ပါးစပ်တွေမှာ အနီရောင်အစက်တွေ၊ အဖြူရောင်အစက်တွေ ဒါမှမဟုတ် အနီနဲ့ အဖြူရောနေတဲ့ အစက်တွေလို ပြောင်းလဲမှုတွေ တွေ့ရှိနေပြီဆိုရင် အနီးဆုံး အမ်အိုအိချ် (ကျန်းမာရေးဝန်ကြီးဌာန) ရုံးခန်း ဒါမှမဟုတ် သွားဘက်ဆိုင်ရာ ဆေးခန်းတွေကို သွားရောက်စစ်ဆေးမှုတွေပြုလုပ်ပါ” လို့ ပြည်သူတွေကို အရေးပေါ်သတိပေးထားပါတယ်။

ယင်းသို့ မဖြစ်ပွားစေဖို့ ကာကွယ်ရေးနည်းလမ်းတွေကို လေ့လာမှုပြုလုပ်ရာမှာတော့ ကျောင်းနေအရွယ်ကလေးတွေက အထူးကဏ္ဍမှ ပါဝင်ပါတယ်လို့ ဒေါက်တာကပြောပါတယ်။ ဒါ့အပြင် အာဏာပိုင်တွေကိုလည်း ကျောင်းအနီးပတ်ဝန်းကျင်မှာ ဆေးရွက်ကြီး ဒါမှမဟုတ် ယင်းနဲ့ဆက်နွှယ်တဲ့ စားသောက်ကုန်တွေ မရောင်းချဖို့အတွက် ကျောင်းမှ တာဝန်ရှိသူတွေကို သတိပေးနှိုးဆော်ရန် အကြံပေးထားပါတယ်။

ဒေါက်တာ ဂျေရာစီကရာက ကျောင်းနေကလေးတွေကို သတိပေးနှိုးဆော်မှုတွေ ပြုဖို့အတွက် ဆရာ ဆရာမတွေကို အထူးမေတ္တာရပ်ခံထားပါတယ်။

ကျောင်းသားတွေရဲ့ အပြုအမူတွေ စတင်ပြောင်းလဲနေပြီ ဆိုရင်တော့ သူတို့တွေဟာ ဆေးရွက်ကြီးနဲ့ဆိုင်တဲ့ စားသောက်ကုန်တွေကို အသုံးပြုခြင်း ဒါမှမဟုတ် ဝယ်ယူခြင်း စတာတွေကို ပြုလုပ်နေပြီဆိုတာ သိရှိရပါမယ်။ ဒီလိုဆိုရင်တော့ ဆရာ ဆရာမတွေက ယင်းကဲ့သို့ စားသောက်ကုန်ရောင်းချနေတဲ့ ဆိုင်တွေကို ပြည်သူ့ကျန်းမာရေး စစ်ဆေးသူတွေထံသို့ သတင်းပို့ပြီး ချက်ချင်း အရေးယူဆောင်ရွက်သင့်ပါတယ်။

ကွမ်းယာစားသုံးခြင်းကြောင့် ဖြစ်လာတဲ့ ခံတွင်းကင်ဆာရောဂါဟာ အလွန်ကြောက်စရာကောင်းပြီး သနားစရာအလွန်ကောင်းတဲ့ အခြေအနေသို့ ရောက်သွားစေတဲ့ရောဂါဖြစ်ပါတယ်။ လူတစ်ယောက်ဟာ ခံတွင်းကင်ဆာရောဂါကို ခံစားနေရပြီဆိုရင် ပါးစပ်အတွင်းမှာရှိတဲ့ ရောဂါဖြစ်နေတဲ့ နေရာတွေအကုန်လုံးကို ဖယ်ရှားလိုက်ရပါမယ်။ ဒါ့အပြင် ရောဂါခံစားနေရသူဟာ ငါးနှစ်အချိန်တွင်းမှာ သေခြင်းတရားကို မလွဲမသွေရင်ဆိုင်ဖို့ ၅၀ ရာခိုင်နှုန်းသေချာနေပါပြီ။ သီရိလင်္ကာနိုင်ငံမှာတော့ တစ်နှစ်ကို ခံတွင်းကင်ဆာလူနာပေါင်း ၂၄၂၂ ဦးရှိတယ်လို့ စစ်ဆေးတွေ့ရှိရပြီး တစ်နေ့မှာ ခံတွင်းကင်ဆာလူနာ အနည်းဆုံး သုံး၊ လေးယောက်သေဆုံးနေကြောင်းသိရပါတယ်။

ဒီအန္တရာယ်အဖြစ် ဆိုးတွေကို တားဆီးချင်တယ်ဆိုရင်တော့ ကွမ်းသီးတွေနှင့် ဆေးရွက်ကြီးသုံးစွဲမှု တွေကို ရှောင်ရှားခြင်းဟာ အကောင်းဆုံး နည်းလမ်းတစ်ခု ဖြစ်နေလိမ့်မယ်လို့ ထင်ပါတယ်။

လွန်ခဲ့တဲ့ ငါးနှစ်အတွင်းက ရောဂါအခြေအနေတွေကို အထောက်အထားတွေနဲ့ စာရင်းပြုစုရာမှာ ခံတွင်းကင်ဆာရောဂါဟာ ၄၀ ရာခိုင်နှုန်းမြင့်တက်လာတာကို တွေ့ရပါတယ်။ ဒီရောဂါဖြစ်ပွားမှုတွေဟာ သက်ကြီးပိုင်းတွေမှာ ပိုများနေကြောင်း တွေ့ရပါတယ်။ အကြောင်းအရင်းကတော့ သူတို့တွေဟာ အန္တရာယ်ရှိတဲ့အရာတွေကို အချိန်ကြာမြင့်စွာ စားသုံးနေတာကြောင့်ပဲ ဖြစ်ပါတယ်။

ထိုကဲ့သို့သော ကင်ဆာရောဂါတွေကို လျှော့ချချင်တယ်ဆိုရင်တော့ ရောဂါဖြစ်စေတဲ့ အန္တရာယ်အချက်တွေကို ပြည်သူလူထုတွေကြားမှာ ကျန်းမာရေးအသိပညာပေးမှုတွေကို အထောက်အထားတွေနဲ့ ပြသပြုလုပ်သင့်တယ်လို့ အမျိုးသားကင်ဆာထိန်းချုပ်ရေးအစီအစဉ် (အန်စီစီပီ) က တိုက်တွန်းထားပါတယ်။

အမျိုးသားကင်ဆာထိန်းချုပ်ရေးအစီအစဉ် (အန်စီစီပီ)ဟာ တိုင်းပြည်အတွင်းမှာ ကင်ဆာရောဂါထိန်းချုပ်မှုနဲ့ တားဆီးမှုတွေကို အဓိကလုပ်ဆောင်လျက်ရှိပြီး သူ့ရဲ့ တာဝန်နဲ့မူဝါဒကတော့ ကင်ဆာရောဂါတွေကို ထိန်းချုပ်တားဆီးပေးခြင်း၊ စစ်ဆေးပေးခြင်းနဲ့ ကင်ဆာရောဂါမဖြစ်အောင် ထောက်ပံ့အားပေးကူညီမှုများပြုလုပ်ပေးခြင်းတွေပဲဖြစ်ပါတယ်။

**ဆေးရွက်ကြီးမှာ ကင်ဆာဖြစ်စေတဲ့ အရာတွေ ၂၈ မျိုးပါဝင်ပြီး၊ ကွမ်းသီးမှာတော့ ကင်ဆာဖြစ်စေတဲ့ အဆိပ်လေးမျိုးပါဝင်တယ်လို့ ဆိုထားပါတယ်။ ဒါတွေကို သတိမမူဘဲ ကွမ်းယာစားတဲ့ သူတွေဟာ နောက်ဆုံးမှာ ကင်ဆာရောဂါရဲ့ သားကောင်တွေဖြစ်လာပါတော့ . . .**

မြန် မာ့ ရိုး ရာ အား က စား

# မကျေပွဲနဲ့အတူ မြန်မာမြေသို့ထပ်မံရောက်ရှိလာမယ့် ဒေ့ဗ်လက်ဒပ်ဟာ လက်ရှိချန်ပီယံ ထွန်းထွန်းမင်းကို တကယ်ပဲဖြိုနိုင်ပါ့မလား

**သတင်းဆောင်းပါး- မောင်စိန်လွင်(မြန်မာ့အလင်း)**

**ဓာတ်ပုံ- မင်းထက်**

မြန်မာနိုင်ငံမှာ ပထမဆုံးအကြိမ်ကျင်းပခဲ့တဲ့ မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံပြိုင်ပွဲကြီးများ မကြာမီက ပြီးဆုံးခဲ့ပါတယ်။ ဒီပြိုင်ပွဲကြီးမှာ ပြည်တွင်းလက်ဝှေ့ကျော်ရှစ်ဦးနဲ့ ပြည်ပရှစ်နိုင်ငံက လက်ဝှေ့ကျော်ရှစ်ဦး၊ ပြိုင်ပွဲဝင် ၁၆ ဦးက တွဲဆိုင်းရှစ်ဆိုင်း ပါဝင်ယှဉ်ပြိုင်ခဲ့တာမှာ မြန်မာ့လက်ဝှေ့ကျော်ခြောက်ဦးက မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံရွှေခါးပတ်ကို ပိုင်ဆိုင်ခွင့်ရခဲ့ပါတယ်။

ဒါပေမယ့် ၅၄ ကီလိုတန်းမှာ ဝင်ရောက်ယှဉ်ပြိုင်တဲ့ နိုင်ငံကိုယ်စားပြု အထက်မြန်မာပြည် မန္တလေး(ဗမာ့သွေး)ကလပ်မှ ယခုနှစ်ချန်ပီယံလုပွဲကြီးမှာ ၅၁ ကီလိုတန်းကနေ ပူပူနွေးနွေးရရှိထားတဲ့ ရွှေခါးပတ်ချန်ပီယံ စွမ်းထက်နိုင်ဟာ ဆူပါဘော(လာအို)ကို အလဲထိုးနဲ့ ရှုံးနိမ့်ခဲ့သလို လက်ရှိအလွတ်တန်းချန်ပီယံဖြစ်ရေး ကြိုးစားနေတဲ့ ပထမတန်းလက်ဝှေ့ကျော်(တူးတူး)ဟာလည်း ဒေ့ဗ်လက်ဒပ်ဟာ(ကနေဒါ)ကို အနိမ့်သရေကျခဲ့တာကြောင့် မြန်မာ့ရိုးရာလက်ဝှေ့ ဝါသနာရှင်ပြည်သူများအနေနဲ့ မချင့်မရဲ ဖြစ်ခဲ့ရပါတယ်။ အထူးသဖြင့် တူးတူးပွဲနဲ့ပတ်သက်ပြီး ရင်တွင်းမချိသာဘဲ အိမ်ပြန်ခဲ့ကြရတယ်။

ဒီပွဲမှာ တူးတူးဟာ ငါးချီပြည့် အနိုင်မခံ အရှုံးမပေး ဇွဲမာန်အပြည့်နဲ့ ယှဉ်ပြိုင်ထိုးသတ်ခဲ့သော်လည်း ဒေ့ဗ်လက်ဒပ်ဟာက အချီတိုင်းမှာ အပေါ်စီးက ယှဉ်ပြိုင်ထိုးသတ်နိုင်ခဲ့တာဖြစ်ပါတယ်။ ပြောရရင် ဒီပွဲကို မြန်မာ့ရိုးရာလက်ဝှေ့ပရိသတ် ပြည်သူတွေက ပွဲအပေါ် စိတ်ကျေနပ်မှုမရသလို ဒေ့ဗ်လက်ဒပ်ဟာအနေနဲ့လည်း တူးတူးကို အလဲမထိုးနိုင်ခဲ့လို့ စိတ်ကျေနပ်ပုံမရပါဘူး။ သူ့အနေနဲ့ မြန်မာ့ရိုးရာလက်ဝှေ့ကို ကနဦးထိုးသတ်ယှဉ်ပြိုင်ရတာဖြစ်ပေမယ့်လည်း နှစ်သက် သဘောကျသွားဟန်ပါ။ ဒါကြောင့်လည်း ဒီပွဲပြီးတာနဲ့ လာမယ့်အောက်တိုဘာမှာ ကျင်းပမယ့် မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲမှာ လက်ရှိချန်ပီယံထွန်းထွန်းမင်းနဲ့ ယှဉ်ပြိုင်ဖို့ သဘောတူလက်မှတ်ရေးထိုးခဲ့တာ ဖြစ်ပါတယ်။

အဆိုပါ မြန်မာ့ရိုးရာလက်ဝှေ့ အထူးစိန်ခေါ်ပွဲကြီးကို မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး Great Tiger Group(GTG)က ဦးဆောင်စီစဉ်ကာ အောက်တိုဘာ ၁၀ ရက် မွန်းလွဲ ၂ နာရီမှာ ရန်ကုန်မြို့မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာ့ရိုးရာလက်ဝှေ့အားကစားရုံမှာ ယှဉ်ပြိုင်ထိုးသတ်မှာဖြစ်ပါတယ်။ ပြိုင်ပွဲမှာ ပြည်တွင်းတွဲဆိုင်း ကိုးဆိုင်း၊ ပြည်ပတွဲဆိုင်း နှစ်ဆိုင်း စုစုပေါင်း တွဲဆိုင်း ၁၁ ဆိုင်း ပါဝင်ယှဉ်ပြိုင်ထိုးသတ်ကြမှာဖြစ်ပါတယ်။

ပြည်တွင်းတွဲဆိုင်း ကိုးဆိုင်းကတော့ မင်းထက်အောင်(ဒို့ရိုးရာ)နဲ့ ချိုင်းထူး(နဂါးမာန်)၊ မင်းနိုင်ထွန်း(ယူနိုက်တက်)နဲ့ ရဲမာန်ဟိန်း(မုဒ္ဒိ)၊ ထွန်းလွင်မိုး(နဂါးမာန်)နဲ့ နက္ခအောင်(တောင်ကလေး)၊ မိုက်ရိုင်း(ရွှေဖူး)နဲ့ ရဲသွေးနီ(တောင်ကလေး)၊ ရွှေရာမာဉ်(ရွှေဒေါ်ပုံ)နဲ့ သားအသည်းတစ်ပွင့်(ဗမာ့သွေး)၊ ဖိုးလပြည့်(ရွှေဖူး)နဲ့ စောမင်းအောင်(တောင်ကလေး)၊ ဖိုးကေ(မန္တလေး)နဲ့ သွေးသစ်အောင်(ဘီးလင်း)၊ စိုးလင်းဦး(ဒို့ရိုးရာ)နဲ့ သပြေညို(ဘိလပ်မြေစက်ရုံ)၊ ဂေါ်မူဒို(သတ္တိ)နဲ့ ဖျံသွေး(ရွှေမိုးထိပြင်မ်းချမ်းရေး)တို့ ပါဝင်ယှဉ်ပြိုင်မှာဖြစ်ပြီး ပြည်ပတွဲဆိုင်းနှစ်ဆိုင်းကတော့ ပထမတန်းလက်ဝှေ့ကျော် တူးတူး(နဂါးမာန်)နဲ့ ဘာနီယွန်(ထိုင်း)၊ ထွန်းထွန်းမင်း(မုဒ္ဒိ)နဲ့ ဒေ့ဗ်လက်ဒပ်ဟာ(ကနေဒါ)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမှာ ဖြစ်ပါတယ်။ ပွဲစဉ် ၁၁ ပွဲမှာ မင်းထက်အောင်(ဒို့ရိုးရာ)နဲ့ ချိုင်းထူး(နဂါးမာန်)တို့သာ လေးချီယှဉ်ပြိုင်ထိုးသတ်မှာဖြစ်ပြီး ကျန်ပွဲစဉ်အားလုံးကတော့ ငါးချီပြည့် ယှဉ်ပြိုင်ထိုးသတ်သွားမှာဖြစ်ပါတယ်။

"အခုကျင်းပမယ့် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲက ကျွန်တော်တို့အနေနဲ့ တတိယအကြိမ်မြောက် ကျင်းပတာဖြစ်သလို ပြည်ပနိုင်ငံခြားသားတွေအနေနဲ့ကတော့ ဒါပထမဆုံး ထည့်သွင်းကျင်းပတဲ့ ပြိုင်ပွဲပါပဲ။ ထွန်းထွန်းမင်းက အရင်ပွဲမဖြစ်သေးဘူး။ ရှာနေတုန်း။ ကျန်တဲ့အတွဲတွေကတော့ တော်တော်များများ စာချုပ်ချုပ်ပြီးနေပြီ။ ဒေ့ဗ်လက်ဒပ်ဟာနဲ့ ထွန်းထွန်းမင်းနဲ့ တွဲဖြစ်သွားတာက ကမ္ဘာ့ချန်ပီယံလုပွဲမှာ တူးတူးကို အသာစီးသရေထိုးသွားတာဆိုတော့ ပြောရရင် မြန်မာ့ပရိသတ်ရဲ့ စိတ်ဆာမှုကို ဖြည့်ဆည်းပေးနိုင်ဖို့ ဒေ့ဗ်လက်ဒပ်ဟာနဲ့ ထွန်းထွန်းမင်းကို ပြန်တည်ခဲ့တာ။ သူကလည်း လိုလိုလားလားပဲ ထိုးမယ်ပြောတယ်။ တူးတူးနဲ့ပွဲပြီးပြီးချင်းပဲ စာချုပ်ချုပ်ဖြစ်တယ်။ ဒါကြောင့် ပြန်တည်ပေးဖြစ်ခဲ့တာ။ ဘာနီယွန်နဲ့ တူးတူးပွဲကလည်း ကြည့်ကောင်းမယ်လို့ထင်လို့ တွဲလိုက်တာ။ ဘာလို့လဲဆိုရင် ဘာနီယွန်က ပြီးခဲ့တဲ့နှစ် ရေးမြို့မှာ ထွန်းထွန်းမင်းကို သရေထိုးထားတယ်။ ဒါ့ကြောင့် တူးတူးနဲ့ ပြန်တွဲပြီးတော့ အဖြေထုတ်ကြည့်ဖို့ တွဲခဲ့တာဖြစ်တယ်"လို့ အဲဒီ မြန်မာ့ရိုးရာလက်ဝှေ့ အထူးစိန်ခေါ်ပွဲကို ဦးဆောင်စီစဉ်သူ Great Tiger Group (GTG)မှ ဦးမြင့်လွင်(ဆရာ ကျား)က ပြောပါတယ်။

ပြည်တွင်းစိန်ခေါ်ပွဲများဖြစ်တဲ့ သပြေညိုနဲ့ စိုးလင်းဦးပွဲဟာဆိုရင်လည်း အရင်ငါးကြိမ်တိုင်တိုင် ရေကုန်ရေခန်း ယှဉ်ပြိုင်ထိုးသတ်ခဲ့ပေမယ့်လည်း ငါးကြိမ်စလုံး သရေကျခဲ့တာဖြစ်လို့ ပြန်လည်တွဲပေးခဲ့ခြင်းဖြစ်သလို သွေးသစ်အောင်နဲ့ ဖိုးကေတို့တွဲဆိုင်းဟာလည်း တတိယအကြိမ်မြောက် မကျေပွဲပြန်နွှဲကြမှာ ဖြစ်ပါတယ်။ ဖျံသွေးနဲ့ စောဂေါ်မူဒိုတို့ တွဲဆိုင်းကတော့ ကစားသမားသက်တမ်း နုနယ်သေးတုန်းက ပထမတစ်ကြိမ်ယှဉ်ပြိုင်ထိုးသတ်ထားတာမှာ သရေကျထားခဲ့တာဖြစ်လို့ အခုပြိုင်ပွဲမှာ အဖြေထုတ်ရမှာ ဖြစ်ပါတယ်။ ပြည်တွင်းပွဲများဟာလည်း ဇွဲကောင်းကောင်း အသည်းတောင်းကြတဲ့ တွဲဆိုင်းများ ယှဉ်ပြိုင်ထိုးသတ်ကြမှာဖြစ်ပါတယ်။ ယင်းပြိုင်ပွဲအတွက် ကုန်ကျစရိတ်ထိုးသတ်ကြေး စုစုပေါင်းငွေကျပ်သိန်း ၄၀၀ ကျော် ကုန်ကျမှာဖြစ်လို့ ပွဲစီစဉ်သူများအနေနဲ့ စပွန်ဆာရှာဖွေဆဲဖြစ်ကြောင်းနဲ့ Great Tiger Group (GTG)အနေနဲ့ လာမယ့်နိုဝင်ဘာလထဲမှာလည်း အထက်မြန်မာပြည် စစ်ကိုင်းမှာ စတုတ္ထအကြိမ် ရိုးရာလက်ဝှေ့ပွဲတစ်ပွဲဆင်နွှဲဦးမှာဖြစ်ကြောင်း သိရပါတယ်။

မြန်မာ့မြေသို့ ဒုတိယအကြိမ် ပြန်လည်လာရောက်ကာ ထွန်းထွန်းမင်းနဲ့ကစားမယ့် ကနေဒါနိုင်ငံသား ဒေ့ဗ်လက်ဒပ်ဟာ အသက် ၂၄ နှစ်၊ ဝိတ်တန်း ၇၅ ကီလို အရပ်ခြောက်ပေရှိ မွေထိုင်း လက်ဝှေ့ကျော်တစ်ဦး ဖြစ်ပါတယ်။ ထိုးသတ်ခဲ့တဲ့ ပွဲပေါင်း ၄၉ ပွဲမှာ နိုင်ပွဲ ၃၇ပွဲ၊ ရှုံးပွဲ ၁၁ ပွဲနဲ့ သရေတစ်ပွဲရလဒ် ပိုင်ဆိုင်ထားကာ လက်ရှိကနေဒါနိုင်ငံ ၇၅ ကီလိုတန်းမှာ မွေထိုင်းချန်ပီယံဖြစ်ပါတယ်။ လက်ဝှေ့သမားဘဝတစ်လျှောက် သရေတစ်ပွဲဟာ ယခုတူးတူးနဲ့ ယှဉ်ပြိုင်ထိုးသတ်ခဲ့တဲ့ ပွဲရလဒ်ပါ။

သူဟာ အရပ်အမောင်းမြင့်မားသလို သတ်လုံး၊ သတ်ကွက်လည်းစုံလင်တဲ့ လက်ဝှေ့သမားကောင်းတစ်ဦးဖြစ်ကာ ပါးနပ်မှုရှိပြီး တစ်ဖက်ပြိုင်ဘက်ကို ယှဉ်ပြိုင်တဲ့အခါမှာ စိတ်အေးတည်ငြိမ်သူ ဖြစ်တာကို တွေ့ရပါတယ်။ ပါဝါပြင်းထန်တဲ့ ခြေကန်ချက်များနဲ့အတူ ပင့်ထောက်လက်သီး တွဲလုံးများကိုလည်း အခါမလပ်တွင်တွင်သုံးလေ့ရှိပြီး ဒူး၊ တံတောင်ရိုက်ချက်ဟာလည်း ပြိုင်ဘက်လက်ဝှေ့သမားကို ဝင်မလာရဲအောင် ကတ်သဖွယ်လုံခြုံမှုရှိတဲ့ လက်ဝှေ့ကျော်တစ်ဦးဖြစ်ပါတယ်။ ဒီလို စွမ်းအင်ပါဝါမျိုး ပိုင်ဆိုင်ထားလို့လည်း မြန်မာနိုင်ငံရဲ့ ပထမတန်းလက်ဝှေ့ကျော် တူးတူးကို အပေါ်စီးကနေ ယှဉ်ပြိုင်ထိုးသတ်နိုင်ခဲ့တာဖြစ်တယ်။

ဒေ့ဗ်လက်ဒပ်ဟာကို မကျေပွဲပြန်လည်ညှိခံပေးမယ့် အိမ်ရှင်လက်ဝှေ့ကျော်ကတော့ အလွတ်တန်းချန်ပီယံ ထွန်းထွန်းမင်းပဲ ဖြစ်ပါတယ်။ ထွန်းထွန်းမင်းဟာ အသက်အားဖြင့် ဒေ့ဗ်လက်ဒပ်ဟာနဲ့ တူသော်လည်း ဝိတ်တန်း ၈၀ ကီလို၊ အရပ် ၅ပေ ၉ လက်မ ယှဉ်ပြိုင်ထိုးသတ်ခဲ့တဲ့ပွဲပေါင်း ၅၄ ပွဲမှာ ၄၃ ပွဲနိုင် ၁၀ ပွဲသရေ တစ်ပွဲရှုံးရလဒ်ကို လက်ရှိပိုင်ဆိုင်ထားကာ လတ်တလော ပူပူနွေးနွေး မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံရွှေခါးပတ်ကို ပိုင်ဆိုင်ထားသူဖြစ်ပါတယ်။

ထွန်းထွန်းမင်းဟာ ပါဝါကောင်းပြီး လျင်မြန်သွက်လက်မှုပိုင်းမှာ သူမတူသူတစ်ဦး ဖြစ်ပါတယ်။ သူရဲ့အားသာချက်ကတော့ ပြိုင်ဘက်အပေါ် အခွင့်ရေးရရင်ရသလို အသုံးချတတ်တာကြောင့် ပြိုင်ပွဲအများစုဟာ အလဲထိုးနဲ့ ပွဲသိမ်းခဲ့တာတွေများပါတယ်။ ပြိုင်ဘက်အပေါ် ကျားရဲတစ်ကောင်လို မာန်ဖီအုပ်မိုးနိုင်တဲ့စွမ်းအားကြောင့် လတ်တလော မြန်မာ့ရိုးရာလက်ဝှေ့လောကမှာတော့ ပြိုင်ဘက်ကင်းသူတစ်ယောက်ဖြစ်နေပါတယ်။

ပြိုင်ဘက်ကင်း မြန်မာ့လက်ဝှေ့ကျော်နဲ့ မကျေပွဲ ဒုတိယအကြိမ်အဖြစ် မြန်မာ့မြေပေါ် ဆင်နွှဲဖို့ရောက်လာမယ့် ဒေ့ဗ်လက်ဒပ်ဟာတို့ပွဲမှာ ဒေ့ဗ်လက်ဒပ်ဟာကပဲ လက်ရှိအလွတ်တန်းချန်ပီယံကို ဖြိုနိုင်မလား၊ ဒုတိယအကြိမ် မကျေနပ်မှုနဲ့ ကွဲပြဲကာ ကနေဒါကို ပြန်ရမလားဆိုတာကတော့ ရိုးရာလက်ဝှေ့ချစ်ပရိသတ်များ စိတ်ဝင်တစား စောင့်မျှော်ကြည့်ရှုရတော့မှာဖြစ်ပါကြောင်း။ ။



ဒေ့ဗ်လက်ဒပ်ဟာ(ကနေဒါ)



အလွတ်တန်းချန်ပီယံ ထွန်းထွန်းမင်း

**မြန်မာ့ရိုးရာလက်ဝှေ့ပရိသတ်ပြည်သူတွေက ပွဲအပေါ်စိတ်ကျေနပ်မှုမရသလို ဒေ့ဗ်လက်ဒပ်ဟာအနေနဲ့လည်း တူးတူးကို အလဲမထိုးနိုင်ခဲ့လို့ စိတ်ကျေနပ်ပုံမရပါဘူး . . .**

# ရခိုင်မြေ အေးချမ်းသာယာပါစေကြောင်း

အနောက်ဘက်ယွန်းယွန်း အရပ်ဒေသများကနေ ရောက်ရှိလာတတ်သောကြောင့် အနောက်နွားဟု ခေါ်ကြသလားတော့ မပြောတတ်ပါ။ အနီ အနောက်နွားတစ်ကောင်ကို ကျပ်လေးရာ၊ လေးရာ့ငါးဆယ်နှင့် ဝယ်လို့ရသောခေတ်၌ ကျွန်တော်လူဖြစ်ခဲ့သည်ဟုလည်း ပြောနိုင်ပါသည်။ လှည်းယဉ်(ရွာမှာတော့ လှည်းယဉ်ကို မောင်းလှည်းဟုလည်း ခေါ်တတ်ကြ၏)မောင်းရန်ဝါသနာပါသော ကျောင်းဆရာ ကျွန်တော့်အဖေကိုယ်တိုင် အနောက်နွားတစ်ကောင်ကို ထိုဈေးနှင့် ဝယ်ခဲ့ဖူးသည်ကိုလည်း အမှတ်ရနေမိ၏။ အဖြူရောင်နွားကလေးမို့ စံပယ်ဟု အမည်ပေးခဲ့ကြသည်။

စံပယ်ကဲ့သို့ အနောက်နွားတော်တော်များများသည် အနောက်ရိုးမကိုကျော်၍ ကျွန်တော်တို့အရပ်ဒေသများဆီသို့ မကြာမကြာရောက်လာတတ်ကြသည်မှာ အုပ်လိုက်အုပ်လိုက်။ ရွာက လူတွေကိုယ်တိုင် အနောက်ရိုးမ (ရခိုင်ရိုးမ) ကိုကျော်၍ ဂွမြို့နှင့် ကျိန္တလီဒေသများထိသွားကာ ထိုဒေသထွက် ငါးပိငါးခြောက်ငါးခြမ်းများ ထမ်းပိုးသယ်ယူ ရောင်းဝယ်ခဲ့ကြသည်ကိုလည်း မြင်ဖူးခဲ့သည်။ ပြောရလျှင် ရခိုင်ပြည်နယ်အတွင်းက ထိုဒေသများနှင့် ကျွန်တော့်ဇာတိမြေ ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် အနောက်ခြမ်းဒေသများက အိမ်ဦးနှင့်ကြမ်းပြင်ပမာ ဝေးကွာလှသည်တော့မဟုတ်ပေ။ သို့သော် ငယ်စဉ်က မရောက်ဖူးခဲ့။ မှတ်မှတ်ရရ ၁၉၆၈-၁၉၆၉ နှစ်များမှ ၁၉၇၁-၁၉၇၂ အထိ အချိန်ကာလများသည် ဧရာဝတီတိုင်းဒေသကြီးတစ်ခုလုံးတွင် ဗကပများအား ဖြတ်လေးဖြတ် စစ်ဆင်ရေးကြီးများဖြင့် ပြင်းပြင်းထန်ထန် တိုက်ခိုက်နေချိန်ဖြစ်သည်။ ရခိုင်ဒေသနှင့်လည်း ဆက်စပ်နေသည်။ ပဲခူးရိုးမရှိ ဗကပဗဟိုဌာနချုပ်ကို မြစ်ဝကျွန်းပေါ်တိုင်း ဗကပအဖွဲ့မှ ထောက်ပံ့မှုပေးနေသောကာလ ဖြစ်သည်။ မိုးဟိန်းစစ်ဆင်ရေး၊ ရွှေလဝင်းစစ်ဆင်ရေးများဖြင့် စတင်ခဲ့ပြီး တိုင်းမှူး ဗိုလ်မှူးကြီးသန်းတင်လက်ထက် (နောင်တွင် ဗိုလ်မှူးချုပ်သန်းတင်- ဒုတိယဝန်ကြီးချုပ်) တိုင်းလုံးအောင်စစ်ဆင်ရေး၊ ရောမင်းစစ်ဆင်ရေးတို့ဖြင့် ဧရာဝတီတိုင်းဒေသကြီးတစ်ခုလုံးကို အဖြူရောင်နယ်မြေ ဖြစ်စေခဲ့သည်။ တည်ငြိမ်အေးချမ်းစေခဲ့၏။ တိုင်းမှူးကိုယ်တိုင် ရှေ့တန်းကွပ်ကဲမှုဌာနချုပ် ကွင်းကောက်စခန်းမှာ လာထိုင်ပြီး စစ်ဆင်ရေးကွပ်ကဲခဲ့ပုံတွေ၊ အနောက်ရိုးမတောင်ခြေ၌ ဖြတ်လေးဖြတ်စစ်ဆင်ရေးဖြင့် ဗိုလ်အောင်ဖေကို အသေဖမ်းဆီးရမိပုံတွေကို ဗိုလ်မှူးချုပ်သန်းတင်(ငြိမ်း) ရေးသားပြုစုခဲ့သော အမျိုးသားစာပေဆုရ စစ်ဆင်ရေးပြီး စစ်ဆင်ရေးမှ ကိုယ်တွေ့ဖြစ်ရပ်များ စာအုပ်တွင် အသေးစိတ် ပြန်လည်ဖတ်ရှုလေ့လာခဲ့ရသည်။

ငယ်စဉ်ကလေးဘဝကတော့ ဘာရယ်လို့ မဟုတ်၊ တိုင်းမှူးက ရဟတ်ယာဉ်နှင့် သဲနုကုန်းရွာသို့ဆင်းလျှင် ရဟတ်ယာဉ်မြင်ဖူး၍ သွားကြည့်သည်။ ဖြတ်လေးဖြတ်စစ်ဆင်ရေးကာလမှာ စုပုံထားသော တစ်နေ့ရိက္ခာဆန်ကို တစ်နေ့စာ ဂိုဒေါင်တွေမှာ သွားထုတ်ဖူးသည်။ ရွာခြံစည်းရိုးအတွက် ညှောက်ချွန်လျှင် လိုက်ချွန်သည်။ နှစ်ထပ်ခြံစည်းရိုးကာလျှင်လည်း ကူညီပြီးကာပေးခဲ့ဖူးသည်။ ရွာထိပ်လုံခြုံရေးကင်းတဲမှာလည်း အိပ်ခဲ့ဖူးသည်။ ပြည်သူ့စစ်သင်တန်းတွေ ပေးနေတာတွေ့လျှင် ဝေးဝေးကနေလှမ်းကြည့်သည်။ အတိုချုံးတင်ပြရလျှင် ၁၉၇၃ ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီးတစ်ခုလုံး တည်ငြိမ်အေးချမ်းခဲ့ပြီးနောက် ငါးသိုင်းချောင်း-ဂွ-သံတွဲ ကားလမ်းတွေ ပေါ်ပေါက်လာကာ အရှေ့အနောက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေခဲ့သည်။

ငယ်စဉ်က ကျွန်တော်မရောက်ဖူးခဲ့သော ရခိုင်ပြည်နယ်ထဲက သံတွဲနှင့်ဂွဒေသသို့ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၏ ခရီးစဉ်နှင့်အတူ မနေ့တစ်နေ့ကမှ ရောက်ဖူးခဲ့ရသည်။ တစ်ချိန်က မငြိမ်းချမ်းခဲ့သော အနောက်ရိုးမတောင်တန်းကြီးကိုကျော်၍ မိမိတို့ရွာရှိရာဘက်သို့ လှမ်းမျှော်ကြည့်မိသောအခါ လွန်ခဲ့သော နှစ်ပေါင်း ၅၀ ခန့်က နေ့စဉ်နီးပါးကြားနေရသော သေနတ်သံတွေကို ပြန်လည်ကြားယောင်နေမိသည်။ တစ်နည်းဆိုရသော် ကျွန်တော်တို့ရွာကလူတွေ၊ ကျွန်တော်တို့ ဒေသကလူတွေ ငြိမ်းငြိမ်းချမ်းချမ်းသွားလာနေထိုင်ကြရသည်မှာ နှစ်ပေါင်း ၄၀ မက ရှိလာပါပကောလား။
